# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ငြိမ်းချမ်းစွာနေနိုင်အောင် အားထုတ်**

ဤလောက၌ ရန်တုံ့မူခြင်းဖြင့် ထိုရန်တို့သည် မည်သည့်အခါမျှ မငြိမ်းကုန်၊ ရန်တုံ့မမူ သည်းခံခြင်းဖြင့်သာ ရန်တို့သည် ငြိမ်းကုန်၏။ လူ့ဘောင်လောက၌ ထာဝရမှန်ကန်နေသော ဓမ္မတာသဘောတစ်ခု ဖြစ်၍ ဘေးရန်မရှိ နေလိုသူများ၊ ကြုံတွေ့နေရသည့်ရန်ကို ပြေငြိမ်းလိုသူများသည် ရန်မရှိအောင်နေခြင်းဖြင့် ငြိမ်းချမ်းစွာ နေနိုင်အောင် အားထုတ်ကြရမည်ဖြစ်၏။ **ယမကဝဂ်(ဓမ္မပဒ-၅)**


၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၃ ရက် ၂၀၁၉ ခုနှစ်၊ နိုဝင်ဘာ ၉ ရက်၊ စနေနေ့ အတွဲ (၅၉)၊ အမှတ်(ဝ၄၀)


# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်မိန့်ခွန်းပြောကြား

**နေပြည်တော် နိုဝင်ဘာ ၈**

**(၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော် ရှိ Horizon Lake View Resort Hotel ၌ကျင်းပရာ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်မိန့်ခွန်းပြောကြားသည်။**





အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် သူရဦးအောင်ကို၊ ဒေါက်တာ အောင်သူ၊ ဦးအုန်းဝင်း၊ ဦးသိန်းဆွေ၊ ဒေါက်တာဝင်းမြတ်အေးနှင့် ဦးကျော်တင်၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်၊ သံတမန်များ၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရ**

အခမ်းအနားတွင် ဒုတိယသမ္မတက မိမိတို့နိုင်ငံများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည်နှင့် အညီ အာဆီယံနှင့်ဆက်စပ်သည့် အစည်းအဝေးများနှင့် လှုပ်ရှားမှုများကို အဖွဲ့ဝင်နိုင်ငံများတွင် အလှည့်ကျကျင်းပလေ့ရှိရာ ယခုနှစ်အတွက် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခွင့်ရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်မိပါကြောင်း၊ ၂၀၁၉ နှစ်အတွက် ယခုအစည်းအဝေးကြီးတွင် ဥက္ကဋ္ဌတာဝန်ကို ရယူပြီး အစည်းအဝေးများကို အောင်အောင်မြင်မြင် ကျင်းပနိုင်ရန် ပံ့ပိုးကူညီပေးခဲ့သည့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အဖွဲ့ဝင်နိုင်ငံများမှ တာဝန်ရှိသူများကို မြန်မာနိုင်ငံ အစိုးရကိုယ်စား ကျေးဇူးတင်ရှိပါကြောင်း။

**တူညီဆန္ဒအပေါ် အခြေတည်ဖွဲ့စည်း**

အရှေ့တောင်အာရှ နိုင်ငံများအသင်း(အာဆီယံ)ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်မှာ (၅၂)နှစ် ပြည့်မြောက်ခဲ့ပြီဖြစ်ပါကြောင်း၊ အာဆီယံအသင်းကြီးသည် တည်ငြိမ်အေးချမ်းမှု၊ လုံခြုံမှု၊ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ အတူတကွသာယာပြောမှု၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ပြီးပြည့်စုံသည့် ဒေသကြီးတစ်ခုအတွင်း အတူတကွပေါင်းစည်းနေထိုင်ကြရန်၊ မိမိတို့၏ ပဓာနကျသည့် အကျိုးစီးပွားများ၊ စံနမူနာကောင်းများနှင့် ရည်မှန်းချက် များကို မြှင့်တင်ပေးကြရန်ဆိုသည့် တူညီဆန္ဒအပေါ် အခြေတည်ဖွဲ့စည်းထားသည့် ဒေသဆိုင်ရာ အဖွဲ့အစည်းကြီးလည်းဖြစ်ပါကြောင်း၊ အာဆီယံမဏ္ဍိုင်ကြီး (၃)ရပ်၏ စုပေါင်းအင်အားသည် အာဆီယံကို နိုင်ငံရေးအရ သဟဇာတဖြစ်စေပြီး စီးပွားရေးအရ ပေါင်းစည်းကာ လူမှုရေးအရ တာဝန်ယူမှုရှိသည့် ပြည်သူကိုဗဟိုပြု


*စာမျက်နှာ ၃ ကော်လံ ၁*


ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။ သတင်းစဉ်

"၂၀၂၀ ပြည့်နှစ် မတိုင်မီ အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံးရှိ ကျေးရွာများအားလုံး ဆင်းရဲမှုမှ လွတ်ကင်း ဖွံ့ဖြိုးလာရန် မိမိတို့ အတူတကွ ကြိုးစား အားထုတ်"








# တန်ဆောင်မုန်းလပြည့်ည သာမညဖလဒေသနာ

လတကာတို့တွင် တန်ဆောင်မုန်းလသည် မွေ့လျော်ဖွယ်အကောင်းဆုံး ဖြစ်သည်။ ဤလတွင် မိုးလေတို့ကင်းလွတ်ပြီဖြစ်၍ မိုးကောင်းကင်သည် ကြည်လင်၏။ ညဥ့်အခါကောင်းကင်၌ ကြယ်တာရာတို့ကို စုံလင်စွာ တွေ့ရ၏။ ဆောင်းဝင်စ မြောက်ပြန်လေကြောင့်လည်း အေးမြ၏။ ဤရာသီမှာ ပွင့်သောပန်းသည် ခဝဲပန်းဖြစ်၏။ တန်ဆောင်မုန်းလပြည့်ည တွင်မူ ကုမုဒြာကြာပန်းတို့ ပွင့်ကြလေသည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် တစ်ထောင်နှစ်ရာငါးကျိပ်သော ရဟန်းသံဃာတို့နှင့်အတူ ရာဇဂြိုဟ်ပြည် သမားတော်ဇီဝက၏ သရက်ဥယျာဉ်၌ စံတော်မူနေစဉ် မဂဓတိုင်းပြည့်ရှင် အဇာတသတ်မင်းသည် တန်ဆောင်မုန်းလပြည့်နေ့၏ ညဥ့်အခါ မှူးမတ်အပေါင်းခြံရံလျက် နန်းပြာသာဒ်၌ခံစားရင်း ဥဒါန်းကျူးရင့်သည်။ "လသာသောညဥ့်သည် မွေ့လျော်ဖွယ်ကောင်းလှပါ၏။ လွန်စွာလှပါ၏။ ရှုချင်စဖွယ်ကောင်းလှပါ၏။ ကြည်နူးဖွယ်ရာ ကောင်းလှပါ၏။ အမှတ်ရဖွယ်ရာကောင်းလှပါ၏။ ယနေ့အဘယ် သမဏ ဗြာဟ္မဏကို ဆည်းကပ်ရပါကုန်အံ့။ အဘယ် သမဏ ဗြာဟ္မဏကို ဆည်းကပ်ပါက ငါ၏စိတ်သည်ကြည်လင်ပါအံ့" ဟူ၍ ဖြစ်သည်။

အဇာတသတ်မင်းသည် အပေါ်ယံသွင်ပြင်အားဖြင့် ရဟန်းအသွင် ဆောင်ထားသော်လည်း အတွင်းသဘောတွင် ဆိုးယုတ်ကောက်ကျစ် ညစ်နွမ်းလှသည့် ဒေဝဒတ်ကိုဆရာတင်မိမှားကာ ဖခင်ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့မိသော အကုသိုလ်ကံကြီးကြောင့် နန်းစည်းစိမ်ကို ခံစားစံစား နေရသည့်တိုင်အောင် စိတ်နှလုံးချမ်းမြေ့သာယာမှုကိုမရရှိ။ ကြီးမား လေးလံလှသည့်အပြစ်ကြီးက အချိန်နှင့်အမျှ ဖိစီးလျက် ညညတွင်လည်း အိပ်မပျော်သည့်ဝေဒနာကိုခံစားရ၏။ အိပ်မပျော်သူအတွက် ညတာသည် ရှည်လျားလှသလို မျက်လုံးတို့ကိုလည်း လုံဖြင့်ထိုးနေသလိုခံစားရ၏။ မိမိပြုမှားခဲ့သည့်အပြစ်အတွက် ကြီးစွာသောနောင်တ တရားတို့ရခဲ့သလို အကုသိုလ်ဖိစီးသည့်ဝေဒနာတို့ ပြေရာပြေကြောင်းအလို့ငှာ ရဟန်းပြုရခြင်း၏ လတ်တလောရရှိနိုင်သည့်အကျိုး(သာမညဖလ)ကို စုံစမ်းမေးမြန်း၏။ အဇာတသတ်မင်း၏ မေးခွန်းကို ပုရာဏကဿပ၊ အဇိတကေသကမ္ဗလအစရှိသော တိတ္ထိဆရာကြီးခြောက်ဦးတို့က ၎င်းတို့၏ အယူဝါဒအသီးသီးတို့ဖြင့် ဖြေကြားခဲ့သော်လည်း မေးခွန်းနှင့် အဖြေတို့က တခြားစီ။ အဇာတသတ်မင်း၏ရင်တွင်းမှာ ပူဆွေးသည် ကျေလည်မသွား။ ခံစားနေရသည့်ဝေဒနာတို့လည်း ပျောက်ကင်းခြင်း အလျှင်းမရှိ။ သို့နှင့်ပင် ကြည်နူးမွေ့လျော်ဖွယ် သာယာလှပသည့် တန်ဆောင်မုန်းလပြည့် ညဥ့်အခါတွင် သမားတော်ဇီဝက၏ စီစဉ်မှုဖြင့် နန်းတော်မှသည် သရက်ဥယျာဉ်ဆီသို့ မှူးမတ်အခြွေအရံအပြည့်အစုံ ခင်းကျင်းကာ မီးရှူးတိုင်(တန်ဆောင်တိုင်)များ ကိုယ်စီကိုင်ဆောင်လျက် သွားရောက်ခဲ့သည်။

အဇာတသတ်မင်းသည် ဘုရားရှင်နှင့်တကွ ရဟန်းသံဃာတစ်ထောင် နှစ်ရာငါးကျိပ်တို့ စံမြန်းနေထိုင်ရာ သရက်ဥယျာဉ်သို့ စတင်ဝင်ရောက် လာချိန်မှာပင် အေးချမ်းဆိတ်ငြိမ်မှုတို့ကို ခံစားရသလို သူ့အပေါ်တစ်ချိန်လုံးဖိစီးနေခဲ့သည့် ဝေဒနာအဆိုင်အခဲတို့သည်လည်း တုန်လှုပ်အက်ကွဲစပြုလာခဲ့သည်။ မြတ်စွာဘုရားရှင်ကို ချဉ်းကပ်၍ လောကလူသားတို့သည် မိမိတို့အတတ်ပညာဖြင့် ပစ္စုပ္ပန်မျက်မှောက်ဘဝမှာပင် အကျိုးတရား ရသကဲ့သို့ ရဟန်းပြုရခြင်း၏ ပစ္စက္ခဘဝတွင်အကျိုးရပုံကို မေးလျှောက်သည့်အခါ ဘုရားက ကျွန်ယောကျ်ားဥပမာ၊ လယ်သမားဥပမာတို့ဖြင့် လည်းကောင်း၊ သဒ္ဓါပဗ္ဗဇိတအမျိုးကောင်းသားတို့ ရဟန်းပြုပုံ၊ သီလ၊ ဣန္ဒြေ၊ သတိသမ္ပဇဉ်တရားတို့အကြောင်း၊ သန္တုဋ္ဌိတရားနှင့် ပြည့်စုံပုံ၊ နီဝရဏတရားတို့ပယ်ရှားပုံ၊ ဈာန်လေးပါးသို့ရောက်ပုံ၊ ဝိဇ္ဇာရှစ်ပါးနှင့် ပြည့်စုံပုံတို့ကို အကျယ်တဝင့်ဟောကြားတော်မူကာ ရဟန်းပြုရခြင်း၏ ဒိဋ္ဌဓမ္မအကျိုးရပုံတို့ကို ရှင်းလင်းစေလျက် အဇာတသတ်မင်း၏ အကုသိုလ်ဖိစီးသည့် ဝေဒနာတို့ကိုပါ ချမ်းသာစေခဲ့သည်။

ဒေသနာတော်၏အဆုံးတွင် အဇာတသတ်သည် ဗုဒ္ဓဘုရားရှင်၏ ထံပါး၌ သရဏဂုံတည်လျက် ဥပါသကာအဖြစ် မှတ်တော်မူပါရန် လျှောက်ထား၏။ ဖခင်ဘုရင်ကြီးကို သတ်မိခဲ့သည့်အပြစ်ကိုလည်း ထုတ်ဖော်ဝန်ခံ၏။ သာမညဖလသုတ္တန်ဒေသနာကို ကြားနာရပြီးသည့် နောက်တွင် အဇာတသတ်သည်လည်း ချမ်းသာစွာအိပ်စက်ခွင့်ရခဲ့သည်။ ဆရာတင်မှား၍ လမ်းမှားရောက်ခဲ့သော အဇာတသတ်မင်းသည် ရတနာသုံးပါးကို ပူဇော်သမှုပြုရာတွင် အတုမရှိသူဖြစ်လာခဲ့သည်။ ပထမ သင်္ဂါယနာ၏ ဒါယကာမင်းဖြစ်လာခဲ့သလို သာသနာသက္ကရာဇ်ကို သတ်မှတ်ပေးခဲ့သူလည်း ဖြစ်လာခဲ့သည်။

သာမညဖလသုတ္တန်ဒေသနာတော်သည် ဗုဒ္ဓသာသနာ၏ သမိုင်းတစ်ကွက်ကိုပြဆိုသည့် ဒေသနာဖြစ်သလို ရဟန်းသံဃာဆိုသည်မှာ အဘယ်သို့သော ပုဂ္ဂိုလ်များဖြစ်သည်ကို ပြဆိုထားသည့် ဒေသနာလည်း ဖြစ်သည်။ ဗုဒ္ဓနှင့်ခေတ်ပြိုင်အယူဝါဒအချို့ကိုလည်း အကျဉ်းအမြွက်မျှ သိခွင့်ရနိုင်သကဲ့သို့ တန်ဆောင်မုန်းလနှင့် တန်ဆောင်မုန်းညတို့၏အလှကိုလည်း ခံစားသိမြင်နိုင်သည့် ဒေသနာတော်ပင်ဖြစ်ပါကြောင်း။ ။

## ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး အစဉ်ထာဝရငြိမ်းချမ်းစေရေးအတွက် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက အမှူးပြုသော စေတနာရှင်၊ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေးစေတီတော် အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို (တန်ဆောင်မုန်းလပြည့်နေ့) နိုဝင်ဘာ ၁၁ ရက် နံနက် ၇ နာရီ မိနစ် ၂၀ တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အခမ်းအနား ကျင်းပနေမှုများအား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး အခမ်းအနားသို့ ကိုယ်တိုင် တက်ရောက်ကြည်ညိုပူဇော်လိုသည့် အလှူရှင်များအနေဖြင့် ယာဉ်ဝင်ခွင့်နှင့် ရင်ထိုးတံဆိပ်များကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်း-၀၆၇- ၃၄၀၆၂၈၊ ၀၆၇- ၃၄၀၆၁၅၇ သို့ ဆက်သွယ်ပြီး နိုဝင်ဘာ ၇၊ ၈၊ ၉ ရက်တို့တွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အသိပေးနှိုးဆော်ထားသည်။

**သတင်းစဉ်**



ထာဝရငြိမ်းချမ်းရေးစေတီတော်အား တင်လှူပူဇော်မည့် စိန်ဖူးတော်။

## ထာဝရငြိမ်းချမ်းရေးစေတီတော် ရွှေထီးတော်တင်လှူပူဇော်ပွဲအခမ်းအနားအား တန်ဆောင်မုန်းလပြည့်နေ့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်း ကံ့ကော်ပန်းအဝိုင်းအနီး၌ တည်ထားကိုးကွယ်လျက်ရှိသည့် ထာဝရငြိမ်းချမ်းရေး စေတီတော် ရွှေထီးတော်တင်၊ အထက်ဌာပနာတော်သွင်းနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင်လှူပူဇော်ပွဲ မဟာမင်္ဂလာအခမ်းအနားများကို တန်ဆောင်မုန်းလပြည့်နေ့ (နိုဝင်ဘာ ၁၁ ရက်) နံနက်ပိုင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးအား ရွှေပါရမီတောရဆရာတော် အရှင် ဆန္ဒာဓိကဦးဆောင်မှုဖြင့် နိုင်ငံတော်အစိုးရနှင့် မြန်မာနိုင်ငံသူ နိုင်ငံသားများစုပေါင်း၍ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရန် ရည်သန်ကာ တည်ထားကိုးကွယ်ခြင်းဖြစ်ပြီး စေတီတော်တည်ထားကိုးကွယ်ရေးဆိုင်ရာ မဟာမင်္ဂလာ ကိုးမျိုးအနက် အနန္တရာယိက မြေသန့်မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် မေ ၁၇ ရက်တွင် လည်းကောင်း၊ ရတနာပန္နက်တော်တင် တွင်းတော်ဝန်း မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် မေ ၁၈ ရက်တွင် လည်းကောင်း၊ ရတနာအုတ်မြစ်တော်စီ မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် မေ ၂၄ ရက်တွင်လည်းကောင်း၊ သတ္တဌာန မူလဌာပနာတော်သွင်း မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် ဇွန် ၁၉ ရက်တွင်လည်းကောင်း၊ အလယ်ဌာပနာတော်သွင်း မဟာမင်္ဂလာကို ၂၀၁၈ ခုနှစ် စက်တင်ဘာ ၁ ရက် တွင်လည်းကောင်း၊ ပန်းလည်တိုင် စိုက်ထူပူဇော်ခြင်း မဟာမင်္ဂလာ အခမ်းအနားများကို ၂၀၁၈ ခုနှစ် နိုဝင်ဘာ ၂၂ ရက်တွင် လည်းကောင်း အောင်မြင်စွာကျင်းပခဲ့ပြီး ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်မြတ်ကြီးတွင် ကိန်းဝပ်စံပယ်တော်မူမည့် စကျင်ဗုဒ္ဓ ရုပ်ပွားတော်များ၊ ရတနာစိန်ဖူးတော်၊ ရွှေစင်ရွှေသားငှက်မြတ်နားတော်နှင့် ရွှေထီးတော်များကို အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၁ ခုသို့ ၂၀၁၉ ခုနှစ် မတ် ၃၁ ရက်မှ မေ ၂၁ ရက်အထိ လှည့်လည်အပူဇော်ခံခဲ့သည်။ ပူဇော်ခံထားရှိသည့် မြို့ကြီးများတွင် ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက မှ ငြိမ်းချမ်းရေးတရားတော်များ ဟောကြားချီးမြှင့်ပြီး စေတနာရှင်ပြည်သူများက စေတီတော်ကြီး တည်ထားကိုးကွယ်ရေးအတွက် အလှူငွေများထည့်ဝင်လှူဒါန်း၍ ကုသိုလ်ယူခဲ့ကြသည်။

ထာဝရငြိမ်းချမ်းရေးစေတီတော်၏ ဉာဏ်တော်အမြင့်မှာ ၁၀၈ ပေရှိသည်။ စေတီတော် အရံ ၈၀ ပါရှိကာ ရင်ပြင်တော်အကျယ် ၃၀၆ ပေရှိသည်။ ဂန္ဓကုဋိတိုက် အတွင်းအပြင်နံရံများကို စကျင်ကျောက်သားများဖြင့် ကာရံထားပြီး အမြင့် ၇၄ ပေရှိ တံခွန်တိုင်အား စကျင်ကျောက်သားများဖြင့် ထုလုပ်ထားသည်။

စေတီတော်ကြီး ရွှေထီးတော်တင်လှူပွဲ မဟာမင်္ဂလာအခမ်းအနား ကျင်းပနေမှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက်(Live) ထုတ်လွှင့်ပြသပေးမည်ဖြစ်ကြောင်း သိရသည်။

**ဟန်လင်းနိုင်၊ ဟိန်းမင်းစိုး**

## ထာဝရငြိမ်းချမ်းရေးစေတီတော်

❖ ထေရဝါဒ မြတ်ဗုဒ္ဓ၏
မြွက်ဟတရား ကျင့်ကြံပွားသော်
လူများရဟန်း ဘေးမသန်းဘဲ
ငြိမ်းချမ်းအေးမြ ထာဝရ။
နိဗ္ဗာန်နန်းသို့ လျှောက်လှမ်းကြ။

❖ ထာဝရအေး ငြိမ်းချမ်းရေးကို
မနှေးအမြန် တို့ပြည်မြန်တွင်
ရည်သန်ကြိုးကုတ် အားထုတ်နောင်ဘွား
သွေးချင်းများသည် ကယား၊ ကရင်
ချင်း၊ ကချင်နှင့် ချစ်ခင်ဗမာ
မခွဲကွာဘဲ သဟာမွန်၊ ရှမ်း
ရခိုင်ပန်းတို့ မျှော်မှန်းပေါင်းဆုံ
ပင်လုံစိတ်ဓာတ် ရင်ဝယ်အပ်၍
ထပ်မျှ ထပ်တူ မြဲကြည်ဖြူ။
ငြိမ်းချမ်းရေးတွက် လက်တွဲကူ။

❖ ဩော်...
သွေးချင်းပေါင်းစုံ ညီညွတ်ဆုံ၍
တွေ့ကြုံခက်ခဲ လက်ချင်းတွဲကာ
အမြဲအေးချမ်း မေတ္တာဖျန်းသော်
ပန်းများမွှေးပျံ့ ပြည်အနှံ့
ပန်းပေါင်းရနံ့ ထုံသင်းပျံ့။

❖ 'ထာဝရငြိမ်းချမ်းရေး' ရည်မျှော်တွေးကာ
ရွှေပါရမီတောရ အရှင်ဆန္ဒာဓိကနှင့်...
ဗုဒ္ဓသားတော် ရဟန်းကျော်တို့ ...
ထင်ပေါ်မင်းလူ သဒ္ဓါတူ၍
ရည်ဖြူစိတ်ပွား တည်ကာထား 'ခေါ်'
ထာဝရငြိမ်းချမ်းရေးစေတီတော်။
နတ်လူသာခုခေါ်စေသော်ဝ်။

❖ မြို့နေပြည်တော် အေးချမ်းပျော်လှ
'ဒက္ခိဏ' တွင် 'ရာဇသင်္ဂဟ'
လမ်းမည်ရသည့် လှပပန်းဆိုင်း
ကံ့ကော်ဝိုင်းအနီး ပရိဝုဏ်ကြီးတွင်
ရွှေထီးတင်ကာ မင်္ဂလာအပေါင်း
လွန်ခညောင်း၍ သောင်းထုဝန်းရံ
မျှဝေသံတို့...
ဘဝဂ်ထက်တိုင် ကြားစေသော်ဝ်။
နတ်လူသာခု ခေါ်စေသော်ဝ်။
ကြည်ညိုဖူးမြော်ဖိတ်လို့ခေါ်။
ထာဝရငြိမ်းချမ်းရေးစေတီတော်။ ။

**ဇင်ခန့်နိုင်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။ သတင်းစဉ်

❒ *ရှေ့ဖုံးမှ*

ပြည်သူကိုမျက်နှာမူသည့် အသိုက်အဝန်းတစ်ရပ် ပေါ်ထွန်းရေးကို ထပ်လောင်း အားဖြည့်ပေးလျက်ရှိပါကြောင်း။

**အဖွဲ့ဝင်နိုင်ငံများအကြားမျှဝေ**

အာဆီယံ၏ မဏ္ဍိုင်ကြီးသုံးရပ်အနက် တတိယမဏ္ဍိုင်ဖြစ်သည့် အာဆီယံလူမှုရေး - ယဉ်ကျေးမှုအသိုက်အဝန်း ခေါင်းစဉ်အောက်တွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှု ပပျောက်ရေးကဏ္ဍလည်း ပါဝင်ပါကြောင်း၊ ဒေသတွင်းကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုပပျောက်ရေးနှင့် သက်ဆိုင်သည့် ပြဿနာများကို ဖြေရှင်းခြင်း၊ ဒေသတွင်းဖွံ့ဖြိုးမှုကွာဟချက်ကျဉ်းမြောင်းစေရေး ဆောင်ရွက်ခြင်းများတွင် အဖွဲ့ဝင်နိုင်ငံများအနေဖြင့် "အာဆီယံ က အာဆီယံကို ကူညီသည့်စိတ်ဓာတ်" ဖြင့် အတူတကွ အားထုတ် လုပ်ဆောင်ပေးနေကြပါကြောင်း၊ ထိုသို့ဆောင်ရွက်ပေးရာတွင် အဖွဲ့ဝင်နိုင်ငံအသီးသီးက မိမိတို့နှင့်သက်ဆိုင်ရာ မူဝါဒများနှင့် အစီအစဉ်များကို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေး နယ်ပယ်တွင် အကောင်အထည်ဖော်သည့် အခါတွေ့ကြုံရသည့် စိန်ခေါ်မှုများနှင့် အကောင်းဆုံး ဆောင်ရွက်နိုင်မှုများကို အဖွဲ့ဝင်နိုင်ငံများအကြား မျှဝေပေးခြင်းလည်း ပါဝင်ပါကြောင်း၊ ထိုသို့မျှဝေပေးနိုင်ရေးအတွက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို (၂)နှစ်တစ်ကြိမ်၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို (၁)နှစ် တစ်ကြိမ် အဖွဲ့ဝင်နိုင်ငံများ၌ အလှည့်ကျ ပုံမှန်ကျင်းပ၍ အတွေ့အကြုံများ မျှဝေဖလှယ်ကြပါကြောင်း၊ ဝန်ကြီးများအဆင့် အစည်းအဝေးကို ကျင်းပလာခဲ့သည်မှာ ယခုနှစ်ဆိုရင် (၁၁)ကြိမ်မြောက် ရှိပြီဖြစ်ပြီး အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးသည် (၁၆) ကြိမ်တိုင် ရှိခဲ့ပြီဖြစ်ပါကြောင်း။ လူနေမှုဘဝမြင့်မားသည့် အာဆီယံအသိုက်အဝန်းကို ထူထောင်ရာတွင် အာဆီယံအဖွဲ့ဝင်နိုင်ငံများ သာမက ဆွေးနွေးဖက် (၃)နိုင်ငံဖြစ်သည့် တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားနိုင်ငံတို့ကလည်း ပါဝင်ဖြည့်ဆည်းဆောင်ရွက်ပေးနေသည်ကို ကျေးဇူးတင်ဖွယ်တွေ့ရှိရပါကြောင်း၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် အာဆီယံ+၃ကျေးရွာခေါင်းဆောင်များ အပြန်အလှန်လေ့လာရေးခရီးစဉ်ကို ကွာလာလမ်ပူတွင် ကျင်းပနိုင်ခဲ့ခြင်းသည် ကျေးလက်လူမှုအသိုက်အဝန်း ဖွံ့ဖြိုးလာစေရေး အဓိပ္ပာယ်ပြည့်ဝသည့် အစီအစဉ်တစ်ခုဖြစ်ပါကြောင်း။

**ပုဂ္ဂလိကကဏ္ဍပါဝင်အောင် စည်းရုံး**

အလားတူ 12th ASEAN–China Forum on Social Development and Poverty Reduction နှင့် ASEAN–China–UNDP Symposium on Localisation of SDGs and Realisation of Poverty Eradication များကို ၂၀၁၈ ခုနှစ်ထဲတွင် ကျင်းပနိုင်ခဲ့ခြင်းသည် ဆင်းရဲမှုပပျောက်ရေးအတွက်အဓိကကျသည့် အစီအစဉ်များဖြစ်ခဲ့ပါကြောင်း၊ အာဆီယံ+၃ အပြင် Asian Partnership for the Development of Human Resources in Rural Asia (AsiaDHRRA) တို့ကဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများနှင့်လည်း ကျေးလက်ဒေသဖွံ့ဖြိုးရေး၊ ဆင်းရဲမှုလျှော့ချရေးတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျေးလက်ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး နယ်ပယ်တွင် ပုဂ္ဂလိက ကဏ္ဍ ပါဝင်လာအောင် ဆွဲဆောင်စည်းရုံး လုပ်ဆောင်သွားကြရမည်ဖြစ်ပါကြောင်း၊ အစိုးရ၊ အရပ်ဘက်အဖွဲ့အစည်း၊ ပုဂ္ဂလိကနှင့် ကျေးလက်လူ့အဖွဲ့အစည်းများ အတူတကွ ပူးပေါင်းဆောင်ရွက်ပြီး အတွေ့အကြုံများကို အပြန်အလှန်မျှဝေလာနိုင်သည်နှင့်အမျှ အာဆီယံဒေသရှိ ကျေးလက်ပြည်သူများ၏ လူမှုဘဝသည် မြင့်မားသည်ထက် မြင့်မားလာမည်ဖြစ်ပါကြောင်း။

**ပြည်သူကို ဗဟိုပြု**

ယခုနှစ်ကျင်းပမည့် အစည်းအဝေးများနှင့်တွဲဖက်၍ အာဆီယံကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အာဆီယံ + ၃ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး၊ (၈) ကြိမ်မြောက် အာဆီယံဖိုရမ်၊ Gender Mainstreaming Workshop on Rural Development and Poverty Eradication၊ (၄) ကြိမ်မြောက် အာဆီယံခေါင်းဆောင်မှုဆုချီးမြှင့်ပွဲများကို ပူးတွဲကျင်းပသွားမည်ဖြစ်ပြီး ကွင်းဆင်းလေ့လာရေးခရီးစဉ်များကိုလည်း စီစဉ်ထားရှိပါကြောင်း၊ ကျင်းပခဲ့သည့်အစီအစဉ်များတွင် တက်ရောက် ဆွေးနွေးမှုများကို ကြည့်မည်ဆိုပါက အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ အစိုးရကိုယ်စားလှယ်များသာမက အစိုးရမဟုတ်သည့် အရပ်ဘက် အဖွဲ့အစည်းများနှင့် ပုဂ္ဂလိက ကဏ္ဍမှ ကိုယ်စားလှယ်များလည်း ပါဝင်တက်ရောက်ကြသည်ကို ကြည့်မည်ဆိုလျှင် မိမိတို့ အာဆီယံအဖွဲ့ကြီးက ရည်မှန်းသည့် ပြည်သူကိုဗဟိုပြုသော၊ ပြည်သူကို မျက်နှာမူသည့် အသိုက်အဝန်း ဖြစ်လာစေရေးဆိုသည့် ရည်မှန်းချက်ကို အထောက်အကူပြုနေသည်မှာ ထင်ရှားလှပါကြောင်း။

**အဖွဲ့ဝင်နိုင်ငံများပူးပေါင်းဆောင်ရွက်**

ယခုနှစ် အစည်းအဝေးများကို "စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်အောင်မြင်ရေး၊ တုံ့ပြန်စွမ်းအားကောင်းသော ရပ်ရွာများထူထောင်ပေး" ဆောင်ပုဒ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးကဏ္ဍကို အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းအောက်တွင် စတင်ဆောင်ရွက်စဉ်ကတည်းက ကုလသမဂ္ဂမှ ချမှတ်ထားသည့် ထောင်စုနှစ် ဖွံ့ဖြိုးရေးပန်းတိုင်များ ပြည့်မီရေးအတွက် အာဆီယံ၏ အားထုတ်မှုများကို အားဖြည့်ပေးရန် ရည်ရွယ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီရမည့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးရေးပန်းတိုင်များ ပြည့်မီစေရန် ထပ်မံအားထုတ်သည့်နေရာတွင် အထောက်အကူပြုစေရေးအတွက် ယခုဆောင်ပုဒ်ကို ချမှတ်လိုက်နာ အကောင်အထည်ဖော်ရန် စီစဉ်ရခြင်းဖြစ်ပါကြောင်း၊ ထို့ကြောင့် ယနေ့ အစည်းအဝေးတွင် ယခုဆောင်ပုဒ်ကို ဦးတည်၍ အာဆီယံဒေသတွင်းရှိ ကျေးလက်ဒေသများ အမြန်ဖွံ့ဖြိုးလာစေမည့်၊ ဆင်းရဲမှုနှုန်းကို တစ်နှစ်ထက်တစ်နှစ် သိသိသာသာ လျှော့ချလာနိုင်စေမည့် အကြံဉာဏ်ကောင်းများ၊ မိမိတို့နိုင်ငံများ၏ အောင်မြင်မှု အတွေ့အကြုံများနှင့် အဖွဲ့ဝင်နိုင်ငံများ ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းလမ်းများကို အားတက်သရော ဆွေးနွေးမျှဝေပေးကြရန် မေတ္တာရပ်ခံ တိုက်တွန်းလိုပါကြောင်း။

**လူနေမှုဘဝမြင့်မားရေး**

မိမိတို့အဖွဲ့ဝင်နိုင်ငံများရှိ ပြည်သူအများစုသည် ကျေးလက်ဒေသများတွင် နေထိုင်ကြပြီး ဆင်းရဲမှုနှုန်းမြင့်မားကြသည့်အတွက် ၎င်းတို့၏လူနေမှုဘဝ မြင့်မားရေးနှင့် ဆင်းရဲမှု ပပျောက်ရေးကို အဖွဲ့ဝင်နိုင်ငံ အစိုးရအသီးသီးက ဦးစားပေးဆောင်ရွက်ရန် လိုအပ်နေချိန်တွင် ယခုကဲ့သို့ အစည်းအဝေးများမှ ရရှိသည့်ရလဒ်များက လုပ်ငန်းများ အောင်မြင်ထိရောက်ရေးကို ဆောင်ကြဉ်းပေးနိုင်မည် ဖြစ်သည့်အတွက် ၂၀၃၀ ပြည့်နှစ် မတိုင်မီ အာဆီယံအဖွဲ့ဝင်နိုင်ငံ အားလုံးရှိ ကျေးရွာများအားလုံး ဆင်းရဲမှုမှ လွတ်ကင်း ဖွံ့ဖြိုးလာရန် မိမိတို့ အတူတကွ ကြိုးစားအားထုတ်ကြပါစို့ဟု တိုက်တွန်းပါကြောင်း ပြောကြားသည်။

**နှုတ်ခွန်းဆက်စကားများ ပြောကြား**

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် ASEAN Secretariat , ASEAN Socio–Cultural Community, အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ် Mr.Kung Phoak တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများက ခင်းကျင်းပြသထားသည့် Exhibition Booths များကို လှည့်လည်ကြည့်ရှုသည်။

**သတင်းစဉ်**




ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အာဆီယံအဖွဲ့ဝင်နိုင်ငံများက ခင်းကျင်းပြသထားသည့် Exhibition Booths များကို လှည့်လည်ကြည့်ရှုစဉ်။ သတင်းစဉ်

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန၊ စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုးဝင်း ကို အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြု ခန့်ထားလိုက်သည်။

# အများပြည်သူသို့ အသိပေးကြေညာချက်

မြန်မာနိုင်ငံသည် ILO အဖွဲ့ဝင်နိုင်ငံ ဖြစ်ပြီးချိန်မှစ၍ ILO နှင့် ပူးပေါင်းဆောင်ရွက်ခဲ့ပြီး ၂၀၀၇ ခုနှစ်မှစတင်၍ တိုင်ကြားမှုယန္တရားထူထောင်ကာ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ပါသည်။ ၂၀၁၉ ခုနှစ်မှစ၍ အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို ဖြေရှင်းဆောင်ရွက်နိုင်ရန် အမျိုးသားအဆင့် အဓမ္မခိုင်းစေမှုဆိုင်ရာ တိုင်ကြားမှုယန္တရား (National Complaints Mechanism – NCM) ထူထောင်ရေးဆောင်ရွက်လျက်ရှိပါသည်။

အဆိုပါ ယန္တရားထူထောင်ဆဲ ကြားကာလတွင် အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနအပါအဝင် သက်ဆိုင်သည့်ဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင် ဖွဲ့စည်းထားသော အလုပ်သမားရေးရာ ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းကော်မတီ (High Level Working Group– HLWG) မှ ကိုင်တွယ်ဖြေရှင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် အဓမ္မခိုင်းစေမှုတိုင်ကြားချက်များကို အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့(ILO) အပါအဝင် အောက်ဖော်ပြပါ ဖုန်းနံပါတ်နှင့် email လိပ်စာများသို့ **တိုင်ကြားသူနှင့် အဓမ္မခိုင်းခံရသူများ လုံခြုံစိတ်ချစွာ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း** အသိပေးကြေညာအပ်ပါသည်။

၀၆၇-၃၄၃၀၁၈၄၊ ၀၆၇-၃၄၃၀၂၂၉၊ ၀၆၇-၃၄၃၀၂၇၄
**mol@mptmail.net.mm , molipoffice@gmail.com ,**
**research.org.dol.mm@gmail.com**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန

# (၁၁) ကြိမ်မြောက် အာဆီယံဝန်ကြီးများအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အစည်းအဝေးကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

(၁၁)ကြိမ်မြောက် အာဆီယံဝန်ကြီးများအဆင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ အစည်းအဝေးကို ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ကျင်းပသည်။

အစည်းအဝေးတွင် အလှည့်ကျဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူက သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်သည်။

အစည်းအဝေးသို့ အာဆီယံနိုင်ငံများမှ ကျေးလက်ဒေသဖွံ့ဖြိုးရေးဆိုင်ရာ ဝန်ကြီးများ၊ အာဆီယံဒုတိယအတွင်းရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကဏ္ဍအလိုက်ပူးပေါင်းဆောင်ရွက်မှုများ၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ၊ ရာသီဥတုပြောင်းလဲမှုကို ကိုင်တွယ်ဖြေရှင်းဆောင်ရွက်ခြင်း၊ လူမှုကာကွယ်စောင့်ရှောက်ခြင်း၊ စက်မှုကဏ္ဍပြုပြင်ပြောင်းလဲခြင်းတို့နှင့်ပတ်သက်၍ အကောင်အထည်ဖော်ဆောင်ရွက်မှုများကို ခိုင်မာအားကောင်းစေမည့် မဟာဗျူဟာများ၊ တုံ့ပြန်နိုင်စွမ်းအားကောင်းမွန်သော ဒေသတွင်း လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်ပေါ်လာစေရေး၊ ဆင်းရဲမှုပပျောက်ရေး၊ ဒေသတွင်းဖွံ့ဖြိုးရေးကွာဟချက်များ ကျဉ်းမြောင်းလာစေရေး စသည်တို့၏ အရေးပါမှုတို့အပေါ် သဘောထားအမြင်များအား ဆွေးနွေးဖလှယ်ခဲ့ကြပြီး စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင် (၂၀၃၀)နှင့် အာဆီယံမျှော်မှန်းချက် (၂၀၂၅)တို့အား ပြည့်မီနိုင်စေရန် လက်ရှိအကောင်အထည်ဖော်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားနိုင်မည့်နည်းလမ်းများကို ဆွေးနွေးခဲ့ကြသည်။

ထို့အတူ တုံ့ပြန်နိုင်စွမ်း အားကောင်းမွန်သော၊ ရေရှည်တည်တံ့သော၊ အားလုံးပါဝင်နိုင်သော အာဆီယံအသိုက်အဝန်းတစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံအဆင့်၊ ဒေသအဆင့် မူဝါဒရေးရာ ဆောင်ရွက်ချက်များကို အာဆီယံဒေသတွင်းနိုင်ငံများမှ အားလုံးဝိုင်းဝန်းပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို အသိအမှတ်ပြုထောက်ခံကြပြီး ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေး ပင်မလုပ်ငန်းအစီအစဉ် Master Plan ရေးဆွဲရေးကို ယေဘုယျအားဖြင့် အတည်ပြု ထောက်ခံခဲ့ကြသည်။

အလားတူ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးဆိုင်ရာ အာဆီယံလုပ်ငန်းစီမံချက်မူဘောင် (၂၀၁၆-၂၀၂၀)ကို အကောင်အထည်ဖော်ရာတွင် တိုးတက်မှုလုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်မူဘောင် (၂၀၂၀-၂၀၂၅) အတွက် ကြိုတင်ပြင်ဆင်မှုများကို မှတ်တမ်းတင်ခဲ့ကြသည်။

**သတင်းစဉ်**

# (၄) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်း ဆုများပေးအပ်ပွဲနှင့် ဂုဏ်ပြုညစာစားပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

(၄) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှု အရည်အချင်းဆုများပေးအပ်ပွဲ (4th ASEAN Leadership Award on Rural Development and Poverty Eradication) နှင့် (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဂုဏ်ပြုညစာစားပွဲအခမ်းအနား (Gala Dinner) ကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ Horizon Lake View Resort Hotel ၌ ကျင်းပသည်။









ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ (၄) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်း ဆုများပေးအပ်ပွဲ နှင့် (၁၁)ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ဝန်ကြီးများအဆင့်အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများ ဂုဏ်ပြု ညစာစားပွဲအခမ်းအနားတွင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ သတင်းစဉ်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီး ဦးလှကျော်၊ အာဆီယံ ဒုတိယအတွင်း ရေးမှူးချုပ်၊ သံတမန်များ၊ အာဆီယံနိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံနိုင်ငံများနှင့် ဆွေးနွေးဖက်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူ (၄) ကြိမ်မြောက် အာဆီယံ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှု အရည်အချင်းဆုရရှိသူ တစ်ဦးအား ဆုချီးမြှင့်စဉ်။

သတင်းစဉ်

## နှုတ်ခွန်းဆက်စကားပြောကြား

အခမ်းအနားတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ အောင်သူနှင့် အာဆီယံဒုတိယ အတွင်းရေးမှူးချုပ် Mr.Kung Phoak တို့က နှုတ်ခွန်းဆက်စကားများ ပြောကြားကြသည်။

ထို့နောက် Awardees of 4th ASEAN Leadership Award on Rural Development and Poverty Eradication Video Presentation ကို ပြသသည်။

## ဂုဏ်ပြုဆုချီးမြှင့်

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူနှင့် အာဆီယံဒုတိယ အတွင်းရေးမှူးချုပ် Mr. Kung Phoak တို့က (၄) ကြိမ်မြောက် အာဆီယံကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုပပျောက်ရေးဆိုင်ရာ ခေါင်းဆောင်မှုအရည်အချင်းဆုများရရှိကြသည့် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ NGOs / CSOs များနှင့် Private Sector အဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ဂုဏ်ပြုညစာကို အတူတကွ သုံးဆောင်ကြသည်။

## ကပြဖျော်ဖြေ

ညစာ သုံးဆောင်နေစဉ်အတွင်း သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ မြန်မာ့ရိုးရာယဉ်ကျေးမှု အကပဒေသာများဖြင့် ကပြဖျော်ဖြေသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲသို့ တက်ရောက်




ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်နှင့် မြန်မာကုန်သည်လုပ်ငန်းရှင်များ မြန်မာနိုင်ငံ ပြခန်း၌ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြို့ရှိ National Convention and Exhibition Center ၌ နိုဝင်ဘာ ၅ ရက်က ကျင်းပသည့် ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။ အဆိုပါကုန်စည်ပြပွဲသို့ နိုင်ငံပေါင်း ၁၅၅ နိုင်ငံနှင့် အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်း ၂၂ ခုတို့မှ ကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင်များလည်း တက်ရောက်ခဲ့ကြသည်။

ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်က အဖွင့်မိန့်ခွန်းပြောကြားပြီး တက်ရောက်လာကြသည့် နိုင်ငံတော်သမ္မတများက အသီးသီးမိန့်ခွန်းပြောကြားကာ ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲကို ဖွင့်လှစ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့်အတူ Shanghai National Convention and Exhibition Center ၌ ကျင်းပသည့် Second Hongqiao International Economic Forum သို့ တက်ရောက်ခဲ့သည်။

**မြန်မာပြခန်းများအား ကြည့်ရှုအားပေး**

နိုဝင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲတွင် ပါဝင်ပြသနေကြသည့် မြန်မာကုန်သည် လုပ်ငန်းရှင်များအား မြန်မာနိုင်ငံပြခန်းတွင်တွေ့ဆုံ၍ ပြပွဲ၌ပါဝင်ပြသသည့် ထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်အခြေအနေ၊ အခက်အခဲများနှင့် ကူညီဆောင်ရွက်ပေးရန် လိုအပ်သည်များကို ရှင်းနီးစွာဆွေးနွေးခဲ့ပြီး မြန်မာပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှန်ဟိုင်းမြို့ရှိ သက်တမ်း ၁၄၀၀ ကျော်ရှိ ကျင့်အန်းစစ် ဗုဒ္ဓဘုရားကျောင်းသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော် Dr. Hui Ming အား ဖူးမြော်ကာ ဘုရားကျောင်းဝင်းအတွင်း လှည့်လည်ကြည့်ရှုလေ့လာသည်။ ယင်းနောက် ရှန်ဟိုင်းမြို့ ပူသုံး Pilot Free Trade Zone ရှိ လုပ်ငန်းများကို သွားရောက်လေ့လာသည်။

**မြန်မာကုမ္ပဏီ ၃၅ ခု ပါဝင်ပြသ**

အဆိုပါ ဒုတိယအကြိမ်မြောက် တရုတ်အပြည်ပြည်ဆိုင်ရာ သွင်းကုန်ကုန်စည်ပြပွဲကို နိုဝင်ဘာ ၅ ရက်မှ ၁၀ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မြန်မာနိုင်ငံမှ လက်ဖက်နှင့် စားသောက်ကုန်များ၊ ကျောက်မျက်ရတနာများ၊ ဓာတ်သတ္တုများကို မြန်မာကုမ္ပဏီ ၃၅ ခုမှ ပါဝင် ပြသကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေရပ်စွန့်ခွာသူများပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ၏ ပြန်လည်နေရာချထားရေး လုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီ၏ ပြန်လည်နေရာချထားရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး တက်ရောက်ကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

**နေပြည်တော် နိုဝင်ဘာ ၈**

နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီ၏ ပြန်လည်နေရာချထားရေး လုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၇ ရက် မွန်းလွဲပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီ အထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း(UEHRD)မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ARSA အကြမ်းဖက်ဖြစ်စဉ်ကြောင့် နေရပ်စွန့်ခွာ တိမ်းရှောင်ခဲ့ရသော်လည်း တစ်ဖက်နိုင်ငံသို့ ထွက်ခွာခြင်းမရှိဘဲ နီးစပ်ရာဆွေမျိုးများ နေအိမ်တွင် ခိုလှုံနေရသူများအား ပြန်လည်နေရာချထားရေးကိစ္စများ ဆောင်ရွက်နေပါကြောင်း၊ ၂၀၁၆ ခုနှစ်မှ စတင်၍ ရခိုင်ပြည်နယ်နှင့် ပတ်သက်၍ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်ပြီး ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးမှုတိုးတက်ရေး အကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းကာ လုပ်ငန်းကော်မတီလေးရပ်ဖြင့် ဆောင်ရွက်လျက်ရှိသည်ကို အားလုံးသိရှိပြီးဖြစ်ပါကြောင်း။

ဒေသတွင်းနေရာချထားရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီကို မိမိတို့ ဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၇ ခုနှစ် ARSA အကြမ်းဖက်ဖြစ်စဉ် ဖြစ်ပွားပြီးနောက် ၂၀၁၈ ခုနှစ် ဇူလိုင်လတွင် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး ကော်မတီအား လုပ်ငန်းကော်မတီ နှစ်ရပ်ဖြင့် ဖွဲ့စည်းခဲ့ပါကြောင်း၊ ထိုလုပ်ငန်းများကို စနစ်တကျရှိရေးနှင့် ရေရှည်ကောင်းမွန်သော အကျိုးရလဒ်များ ရရှိနိုင်ရန် မြေပြင်အခြေအနေများမှ အချက်အလက်များမှာ အရေးပါသောကြောင့် ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကွင်းဆင်းလေ့လာမှုများ အကြိမ်ကြိမ် ဆောင်ရွက်ခဲ့ပါကြောင်း။

ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကဏ္ဍစုံလုပ်ငန်းများ ဆောင်ရွက်ရန် အစိုးရ၊ ပြည်သူများ၊ မိတ်ဖက်နိုင်ငံများ၊ ပြည်တွင်း ပြည်ပ အဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ ပါဝင်သည့် UEHRD ကို ဖွဲ့စည်းပြီး ဆောင်ရွက်နေပါကြောင်း၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ကျင်းပခဲ့သည့် (၁၀)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ရခိုင်ပြည်နယ် အရေးကိစ္စမှာ အလွန်သိမ်မွေ့ရှုပ်ထွေးသည့် ကိစ္စတစ်ခုဖြစ်ကြောင်း၊ မိမိတို့ လက်ရှိအစိုးရသက်တမ်းထက် ဆယ်ဆမက ကာလရှည်လျားစွာ ယင်းဒေသ၌ ရောက်ရှိနေကြသည့် ကုလသမဂ္ဂ အဖွဲ့အစည်းများအနေဖြင့် ပြဿနာ၏ သိမ်မွေ့ရှုပ်ထွေးမှုအတိုင်းအတာကို အနည်းအကျဉ်းမျှ သိထားရန် လိုအပ်ကြောင်း၊ မိမိတို့ ကာကွယ် စောင့်ရှောက်ပေးရမည့် သူများအားလုံး၏ လုံခြုံရေးနှင့် အခွင့်အရေးများအား ကာကွယ်ပေးရန် တာဝန်ကို မိမိတို့ အစိုးရအနေဖြင့် ရှောင်လွှဲသွားမည် မဟုတ်ကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် လက်မှတ်ရေးထိုးထားသည့် နှစ်နိုင်ငံသဘောတူညီချက်၊ UNHCR, UNDP တို့နှင့် လက်မှတ်ရေးထိုးထားသည့် သုံးပွင့်ဆိုင် သဘောတူညီချက်တို့နှင့်အညီ စိစစ်အတည်ပြုပြီးဖြစ်သည့် နေရပ်စွန့်ခွာသူများကို ပြန်လည်လက်ခံရန် အပြည့်အဝ ကတိပြုထားပြီးဖြစ်ကြောင်း၊ ပြဿနာအပေါ် လက်တွေ့ကျပြီး ဘက်လိုက်မှုမရှိဘဲ မျှတသည့် ချဉ်းကပ်မှုဖြင့် အကူအညီပေးနေကြသော မိတ်ဆွေများ၏ အကူအညီဖြင့် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားထားပြီး ဖြစ်ပါကြောင်း။

ပြည်တွင်းနေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးနှင့် ယာယီခိုလှုံရာစခန်းများ ပိတ်သိမ်းရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ ရေးဆွဲအတည်ပြုပြီးဖြစ်ကြောင်း၊ UN– Habitat ကလည်း အဆောက်အဦများ ဆောက်လုပ်ရာတွင် အကူအညီများပေးရန် ဆောင်ရွက်လျက်ရှိသည်ကို သိရကြောင်း၊ တာဝန်ရှိသူများကလည်း ပြန်လည်နေရာချထားရေးအတွက် မြေပြင်ကွင်းဆင်းဆောင်ရွက်ထားပြီး ဖြစ်သည့်အတွက် တစ်ဖက်နိုင်ငံသို့ ထွက်ခွာသွားခြင်းမရှိဘဲ နီးစပ်ရာ ကျေးရွာများတွင် ခိုလှုံနေကြသူများအား ၎င်းတို့၏ မူလကျေးရွာများတွင် ပြန်လည်နေရာချထားရေးအတွက် ကျေးရွာအချို့တွင် စတင်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်က ၂၀၁၇ ခုနှစ် ARSA အကြမ်းဖက် ဖြစ်စဉ်များကြောင့် နေရပ်စွန့်ခွာခဲ့ရပြီး တစ်ဖက်နိုင်ငံသို့ ထွက်ပြေးခြင်းမပြုဘဲ နီးစပ်ရာ ကျေးရွာများတွင် ခိုလှုံနေကြရသူများအား ပြန်လည်နေရာချထားရေးအတွက် ၎င်းတို့၏ ဆန္ဒနှင့်အညီ ကျေးရွာအချို့တွင် ပြန်လည်နေရာချထားရေး ဆောင်ရွက်ရန် စီစဉ်လျက်ရှိပါကြောင်း၊ ကနဦးအနေဖြင့် မောင်တောမြို့နယ်ရှိ ကျေးရွာနှစ်ရွာကို ဦးစားပေးဆောင်ရွက်သွားရန် လျာထားပါကြောင်း၊ ပြန်လည်နေရာချထားနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် နေအိမ်ဆောက်လုပ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လုံခြုံရေး စသည့်ကိစ္စရပ်များ ဆောင်ရွက်ပေးနိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများမှ တာဝန်ရှိသူများက ဆွေးနွေးပေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ပူးတွဲဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီး ဦးအောင်ကျော်ဇံက တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်ခြင်းမရှိဘဲ နီးစပ်ရာကျေးရွာများတွင် ခိုလှုံနေကြသူများအား ပြန်လည်နေရာ ချထားပေးနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့၏ စီစဉ်ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် UNHCR , UNDP , UN – Habitat တို့မှ ကိုယ်စားလှယ်များက ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများအား ဆွေးနွေးကြပြီး တက်ရောက်လာကြသူများက ပြန်လည်နေရာချထားရေး လုပ်ငန်းကိစ္စရပ်များကို ဖြည့်စွက်ဆွေးနွေးကြကာ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ပူးတွဲဥက္ကဋ္ဌတို့က ပေါင်းစပ်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေပြဌာန်း

**စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ**

**(၂၀၁၉ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၃၁ ။)**

**၁၃၈၁ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်**

**(၂၀၁၉ ခုနှစ်၊ နိုဝင်ဘာလ ၈ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ (က) ဤဥပဒေကိုစကားရပ်ပြောင်းလဲသတ်မှတ်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၈ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှ စတင်၍ အာဏာတည်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

၂။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင် ပါရှိသော "ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာန"ဆိုသည့် စကားရပ်ကို "အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း ပြောင်းလဲသတ်မှတ်ရမည်။

၃။ တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းနှင့်စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ ကြေညာချက်များ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများတွင်ပါရှိသည့် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် သက်ဆိုင်သော "ပြည်ထဲရေးဝန်ကြီးဌာန" ဆိုသည့် စကားရပ်ကို "ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန" ဟုပြင်ဆင်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

**(ပုံ)ဝင်းမြင့်**
**နိုင်ငံတော်သမ္မတ**
**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

# တရုတ်ပြည်သူ့သမ္မတနိုင်ငံက ငြိမ်းချမ်းရေးဆိုင်ရာရန်ပုံငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် နိုဝင်ဘာ ၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံက ငြိမ်းချမ်းရေးကော်မရှင်သို့ ငြိမ်းချမ်းရေးဆိုင်ရာ ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ သုံးသိန်းနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အမေရိကန်ဒေါ်လာ သုံးသိန်း လှူဒါန်းပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ကျင်းပသည်။**

**အကြိမ်ပေါင်းများစွာ ဆောင်ရွက်**

ရှေးဦးစွာ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က အမှာစကားပြောကြားရာတွင် "တရုတ်ပြည်သူ့သမ္မတနိုင်ငံဟာ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် ပြီးခဲ့တဲ့ကာလ အတွင်းကလည်း မော်တော်ယာဉ်များ၊ ငွေကြေးများ လှူဒါန်းခဲ့ပါတယ်။ ကျွန်တော်တို့ အနေနဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှာ ငြိမ်းချမ်းရေးဆွေးနွေးပွဲကို အကြိမ်ပေါင်းများစွာ ဆောင်ရွက်ခဲ့ရပါတယ်။ ဆောင်ရွက်တဲ့ အကြိမ်တိုင်းမှာလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံက ဝမ်းမြောက်ဝမ်းသာ ကျွန်တော်တို့ကို ကြိုဆိုပြီးတော့ အစည်းအဝေးတွေ အဆင်ပြေစွာ ဆောင်ရွက်နိုင်အောင် ကူညီပေးခဲ့တာတွေကို အမြဲအမှတ်ရနေပါမယ်။

"အထူးသဖြင့် ပြောကြားလိုတာကတော့ မြန်မာနိုင်ငံအတွင်းမှာ ဒေသအနည်းငယ်မှအပ ကျန်တဲ့နေရာတွေမှာ ပစ်ခတ်တိုက်ခိုက်မှုတွေ မရှိသလောက်ကို ရပ်စဲနေပြီဆိုတာ ပြောကြားလိုပါတယ်။ တရုတ်-မြန်မာ နယ်နိမိတ်မျဉ်းဟာ ရှည်လျားသော်လည်း နယ်နိမိတ်မျဉ်းတစ်လျှောက်မှာ တိုက်ပွဲတွေအားလုံး ရပ်ဆိုင်းလျက်ရှိနေပါတယ်။ အချို့နေရာဒေသ အနည်းငယ်မှာသာ ရှောင်လွှဲလို့ မရတဲ့ အကြောင်းကြောင်းတွေကြောင့် ပစ်ခတ်တိုက်ခိုက်မှုတွေ ရှိနေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ညှိနှိုင်းတိုင်ပင်ဆွေးနွေးခြင်းနည်းလမ်းနဲ့ အဖြေရှာဆောင်ရွက်သွားဖို့ အစဉ်သဖြင့် ညှိနှိုင်းတိုင်ပင်ကြိုးပမ်းနေပါတယ်" ဟု ပြောကြားသည်။



ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော် တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

**မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ် ထောက်ခံ**

ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာ အထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်း က လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ပြောကြားရာတွင် "ယခုလို ပေးအပ်လှူဒါန်းခြင်းက တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံကြားမှာရှိတဲ့ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသာမကဘဲ မြန်မာ့ငြိမ်းချမ်းရေးဖြစ်စဉ်ကို စွဲစွဲမြဲမြဲ ထောက်ခံအားပေးခြင်းကို ဖော်ပြနေပါတယ်။ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ဆောင်ရွက်ရာမှာ အခက်အခဲအမျိုးမျိုးကို တွေ့နိုင်ပေမယ့် ငြိမ်းချမ်းရေးသည် မြန်မာနိုင်ငံ ပြည်သူတွေအားလုံးရဲ့ မျှော်လင့်ချက်ဖြစ်ပါတယ်။ အနာဂတ်မှာလည်း ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဆက်လက်လျှောက်လှမ်းတဲ့အခါ တရုတ်နိုင်ငံက မြန်မာနိုင်ငံရဲ့ လိုအပ်ချက်ကို ဆက်လက်ကူညီသွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။



တရုတ်ပြည်သူ့သမ္မတနိုင်ငံက ငြိမ်းချမ်းရေးကော်မရှင်သို့ ငြိမ်းချမ်းရေးဆိုင်ရာ ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ သုံးသိန်းနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီသို့ အမေရိကန်ဒေါ်လာ သုံးသိန်း လှူဒါန်းပွဲအခမ်းအနားတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့် အမှာစကားပြောကြားစဉ်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ယင်းနောက် မစ္စတာ စွန်းဂေါ်ရှန်းက ငြိမ်းချမ်းရေးကော်မရှင်သို့ အမေရိကန် ဒေါ်လာ သုံးသိန်းကို လွှဲပြောင်းပေးအပ်လှူဒါန်းရာ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးသိန်းဇော်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ငြိမ်းချမ်းရေးကော်မရှင် ဒုတိယဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆက်လက်ဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး (ငြိမ်း) ခင်ဇော်ဦးနှင့် ငြိမ်းချမ်းရေးကော်မရှင် အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင်များနှင့် ငြိမ်းချမ်းရေးကော်မရှင် အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

**ငြိမ်းချမ်းရေးဆိုင်ရာ ရန်ပုံငွေ**

ဆက်လက်၍ နံနက် ၁၀ နာရီခွဲတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံက ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) သို့ ငြိမ်းချမ်းရေးဆိုင်ရာ ရန်ပုံငွေအဖြစ် အမေရိကန်ဒေါ်လာ သုံးသိန်းကို ပေးအပ်လှူဒါန်းရာ JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အခမ်းအနားတွင် JMC-U ဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်က "JMC ကို ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲခြင်းဆိုင်ရာ သဘောတူစာချုပ် အကောင်အထည်ဖော်ဆောင်မှုတွေ၊ ကျင့်ဝတ်စည်းကမ်းများ လိုက်နာမှုကို စောင့်ကြည့်ရေး၊ ချိုးဖောက်မှုများကို စုံစမ်းစိစစ်ရေးနဲ့ ပဋိပက္ခများဖြေရှင်းရေးတို့ကိုဆောင်ရွက်ပေးနိုင်ဖို့အတွက် ဖွဲ့စည်းထားခြင်း ဖြစ်ပါတယ်။ JMC အဆင့်ဆင့်ဖွဲ့စည်းမှုကို ပြည်ထောင်စုအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-U)၊ တိုင်းဒေသကြီး/ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-S) ၅ ဖွဲ့၊ ဒေသဆိုင်ရာအဆင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC-L) ၂ ဖွဲ့တို့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါတယ်။ JMC အဆင့်ဆင့်ရဲ့ ဆောင်ရွက်မှုများသည် လက်နက်ကိုင်ပဋိပက္ခများ လျော့ကျရပ်စဲရေးနဲ့ နိုင်ငံရေးဆွေး နွေးပွဲများ အောင်မြင်စွာ ကျင်းပနိုင်ရေးကို အထောက်အကူပြုစေရန် ဦးတည်ဆောင်ရွက်ခြင်း ဖြစ်ပါတယ်။

**ပြည်သူလူထုကို ရှင်းလင်းပြသ**

"JMC အနေနဲ့ တပ်ပိုင်းဆိုင်ရာ ချိုးဖောက်မှုကိစ္စတွေကို အဓိက စောင့်ကြည့်ရတဲ့အတွက် ပဋိပက္ခအများဆုံးဖြစ်ပွားနိုင်မယ့် နယ်မြေဒေသတွေမှာ JMC-L တွေ တိုးချဲ့ဖွဲ့စည်းခြင်း၊ ဒေသခံစောင့်ကြည့်သူ (Local Civilians Monitor-LCM) တွေ ဖွဲ့စည်းပြီး စောင့်ကြည့်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းနဲ့ JMC လုပ်ငန်းစဉ်တွေကို ပဋိပက္ခဖြစ်ပွားရာ နယ်မြေဒေသရှိ ပြည်သူလူထုက ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်စေဖို့အတွက် ပြည်သူလူထုကို ရှင်းလင်းပြသခြင်းတွေကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်" ဟု အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။


ဆက်လက်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အာရှရေးရာအထူးကိုယ်စားလှယ် မစ္စတာ စွန်းဂေါ်ရှန်းက နှုတ်ခွန်းစကား ပြောကြားပြီး စုပေါင်းမှတ်တမ်း ဓာတ်ပုံရိုက်ကူးခဲ့သည်။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC) သို့ အမေရိကန်ဒေါ်လာသုံးသိန်းပေးအပ်လှူဒါန်းသည့် အခမ်းအနားသို့ JMC-U ဒုတိယဥက္ကဋ္ဌ ဦးကိုကိုကြီး၊ အတွင်းရေးမှူး (၁) ဒေါက်တာရွှေခါး၊ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး ဝဏ္ဏအောင်နှင့် JMC-U အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။

တရုတ်ပြည်သူ့ သမ္မတနိုင်ငံသည် မြန်မာနိုင်ငံ ငြိမ်းချမ်းရေးဆိုင်ရာ ရန်ပုံငွေအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) သို့ အမေရိကန် ဒေါ်လာ လေးသိန်း၊ ငြိမ်းချမ်းရေးကော်မရှင်သို့ အမေရိကန် ဒေါ်လာ သုံးသိန်းနှင့် ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေး ကော်မတီသို့ အမေရိကန် ဒေါ်လာ သုံးသိန်း စုစုပေါင်း အမေရိကန်ဒေါ်လာ တစ်သန်း လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်း-ရဲခေါင်ညွန့်**
**ဓာတ်ပုံ-ဖိုးထောင်**

# လူတိုင်းအကျုံးဝင် အရည်အသွေးမီပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA)ထံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေရယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း



ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း



ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း



အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို



မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း



မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်

နေပြည်တော် နိုဝင်ဘာ ၈

**ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက် ပုံမှန်အစည်းအဝေး တတိယနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စု လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပညာရေးဝန်ကြီး ဌာနက လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ (IDA) ထံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေရယူရေးကိစ္စနှင့်** စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

## IDA ၏ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ သည် ဆိုင်းငံ့ကာလ (၅)နှစ်၊ ပြန်ဆပ်ကာလ (၂၅)နှစ် စုစုပေါင်း နှစ်(၃၀)ဖြစ်

**စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း** က လုပ်ငန်းများဆောင်ရွက်ရာတွင် ချေးငွေဖြင့် ဆောင်ရွက်သည်ဖြစ်စေ၊ နိုင်ငံတကာ အထောက်အပံ့များဖြင့် ဆောင်ရွက်သည်ဖြစ်စေ ပွင့်လင်းမြင်သာစွာဖြင့် စနစ်တကျဖြစ်စေရန် လိုအပ်ပါကြောင်း၊ ထို့အတူ အလေအလွင့်မရှိစေရန် သက်ဆိုင်ရာဝန်ကြီးဌာန၊ အဖွဲ့အစည်းအဆင့်ဆင့်က ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်း၊ IDA ၏ ချေးငွေအမေရိကန်ဒေါ်လာ သန်း ၁၀၀ သည် ဆိုင်းငံ့ကာလ (၅)နှစ်၊ ပြန်ဆပ်ကာလ (၂၅)နှစ် စုစုပေါင်း နှစ်(၃၀)ဖြစ်ပြီး အတိုးနှုန်းမှာ တစ်နှစ်လျှင် ၁ ဒသမ ၂၅ ရာခိုင်နှုန်းနှင့် ဝန်ဆောင်ခမှာ ၀ ဒသမ ၇၅ ရာခိုင်နှုန်းဖြစ်သည့်အတွက် သင့်တင့် လျောက်ပတ်မှုရှိပါကြောင်း။

ထို့ကြောင့် စီမံကိန်းဆောင်ရွက်မှုအတွက် ချေးငွေရယူသင့်ပါကြောင်း ထောက်ခံဆွေးနွေးသည်။

**ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း** က ယခုချေးငွေသည် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမည် ဖြစ်သည့်အတွက် ချေးယူသင့်ပါကြောင်း၊ သို့သော် ချေးငွေဆောင်ရွက်သော စီမံကိန်းများကို စနစ်တကျနှင့် အကျိုးရှိထိရောက်စွာ ဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ ထို့ပြင် စီမံကိန်းတွင် ပညာရေးဝန်ကြီးဌာနအောက်ရှိ အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများနှင့် စံသတ်မှတ်ချက်များ၊ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှု၊ လူသားအရင်းအမြစ် စီမံခန့်ခွဲမှု၊ ကျောင်းဖွံ့ဖြိုးတိုးတက်မှုတို့အတွက် အစီအစဉ်ရေးဆွဲခြင်း၊ လေ့လာကြီးကြပ်ခြင်း၊ လုပ်ငန်းခွင်အတွင်း သင်တန်းပေးခြင်းအပြင် အရည်အသွေးရှိသော အခြေခံပညာကို သင်ယူခွင့်ရရှိအောင် အခွင့်အလမ်းများ တိုးမြှင့်ပေးနိုင်မည့် အကျိုးကျေးဇူးများ ရရှိနိုင်မည်ဟု ဖော်ပြထားပါကြောင်း။

သို့သော် အရာထမ်း၊ အမှုထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်သကဲ့သို့ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၏ စွမ်းဆောင်ရည်ကိုလည်း မြှင့်တင်ပေးရန် လိုအပ်ပါကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားပြသမှု နည်းစနစ်မှန်ကန်အောင် ပိုမိုလေ့ကျင့်သင်တန်းပေးရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အခြေခံပညာကျောင်းများတွင် ဆရာ ဆရာမများ လုံလောက်စွာ ခန့်ထားရန်လည်း လိုအပ်နေပါကြောင်း၊ သို့သော်လည်း ယခုစီမံကိန်း စံသတ်မှတ်ချက်နှင့် ကိုက်ညီသော မြို့နယ် ၁၁၅ မြို့နယ်ရှိ အခြေခံပညာ ကျောင်းပေါင်း ၁၅၀၀၀ ခန့်တွင် အရည်အသွေးရှိသော အခြေခံပညာကို သင်ယူခွင့်ရရှိအောင် အခွင့်အလမ်းများတိုးမြှင့်ပေးနိုင်မည့် အကျိုးကျေးဇူးများ ရရှိမည်ဟု ဖော်ပြထားသည့်အတွက် ချေးငွေရယူမှုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

**ကျောင်းကုန်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း** က လူတိုင်းအကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီမံကိန်းဖြစ်သည့်အတွက် ကျောင်းသူ ကျောင်းသားတိုင်း အခွင့်အလမ်းရရှိရန် အထူးလိုအပ်ပြီး မျှမျှတတဆောင်ရွက်ရန်လည်း လိုအပ်ပါကြောင်း၊ အခြား ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများမှာ လိုအပ်ချက်ရှိသည့်ဒေသများကို ရွေးချယ် ဆောင်ရွက်ပေး၍ရသော်လည်း ပညာရေးလုပ်ငန်းမှာ ချန်လှပ်၍ မရ ပါကြောင်း၊ ရွေးချယ်မှုစနစ်များမှာ အညွှန်းကိန်းများဖြင့် ဆောင်ရွက်ထားသည်ဟု သိရှိရသော်လည်း မှန်ကန်မှုနှင့် ပွင့်လင်းမြင်သာမှုကိုလည်း ဦးစားပေးဆောင်ရွက်သင့်ပြီး ရွေးချယ်မှုစနစ်ကိုလည်း အသေးစိတ်ဆွေးနွေး သင့်ကြောင်းနှင့် ပြန်လည်စိစစ်ရွေးချယ်ပေးသင့်ပါကြောင်း အကြံပြု ဆွေးနွေးသည်။

ယင်းကိစ္စနှင့် စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၇)မှ ဦးဇော်ဟိန်း၊ ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးဦးထွန်းမောင်၊ သံတောင်ကြီး မဲဆန္ဒနယ်မှ ဦးစောဗစ်တာခလိုက်၊ တပ်မတော်သားအမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဗိုလ်မှူးနိုင်မြင့်၊ မကွေးမဲဆန္ဒနယ်မှ ဦးမြင့်ဦး၊ ဖာပွန်မဲဆန္ဒနယ်မှ ဦးစောထွန်းမြအောင်၊ မကွေးတိုင်းဒေသကြီးမဲဆန္ဒနယ်အမှတ်(၈)မှ ဦးဝင်းမြင့်၊ တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၊ လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီနှင့် စစ်ကိုင်းတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ် (၈)မှ ဦးကိုကိုနိုင်တို့က ဆက်လက် ဆွေးနွေးကြသည်။

ယင်းနောက် **ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၏ ၂၀၁၈ – ၂၀၁၉ ခု၊ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေတွင် ပါဝင်သော တည်ဆောက်ရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေနှင့် ယင်းအပေါ် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထား မှတ်ချက်အစီရင်ခံစာအမှတ်စဉ် (၁၅/၂၀၁၉)** တို့နှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

**အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို** က တည်ဆောက်ရေးလုပ်ငန်းများတွင် ကုမ္ပဏီများအနေဖြင့် အချိန်နှင့်တစ်ပြေးညီ မတည်ဆောက်နိုင်ခြင်းကိစ္စရပ်သည် အခြေခံပညာကျောင်းများ တည်ဆောက်ရေးတွင် မည်သို့မျှ မဖြစ်သင့် ပါကြောင်း၊ အခြေခံပညာကျောင်းများသည် ဇွန်လတွင် ကျောင်းများဖွင့်လှစ် ခြင်းဖြစ်သည့်အတွက် အခြားတည်ဆောက်ရေးလုပ်ငန်းများနှင့် မတူဘဲ ကျောင်းဖွင့်ချိန်အမီအားစိုက်၍ တည်ဆောက်ပေးမည်ဆိုပါက ပိုမိုအဆင်ပြေ စေမည် ဖြစ်ပါကြောင်း၊ သို့သော် ကျောင်းဖွင့်ချိန်အမီ ပြီးစီးသည့် ကျောင်းတစ်ခုမှ မရှိသကဲ့သို့ သတ်မှတ်ချိန်အမီ မပြီးစီးခြင်းကလည်း ပညာသင်ကြား နေသူများအား အခက်အခဲဖြစ်စေပါကြောင်း။

## ပြည်သူ့ဘဏ္ဍာများကို လိုအပ်သည့်နေရာများကို တိုက်ရိုက်အကျိုးပြုပြည့်ဝစွာ ရောက်ရှိနိုင်စေရေးမှာ လိုအပ်နေ

ထို့ပြင် တင်ဒါစိစစ်ရွေးချယ်ရာတွင် အမှတ်ပေးစနစ်ဖြင့် ရွေးချယ်ပါက ကုမ္ပဏီဆိုင်ရာ အချက်အလက်များအပါအဝင် နည်းပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ အကဲဖြတ်မှုအတွက် အမှတ် ၇၀ ပေးထားပြီး တင်ဒါယှဉ်ပြိုင်ဈေးနှုန်းကို အမှတ် ၃၀ ပေးထားရာတွင် လက်တွေ့မြေပြင်၌ ကုမ္ပဏီဆိုင်ရာ အချက်အလက်ကို အဓိကမထားဘဲ ဈေးအနည်းဆုံးသူကို ဦးစားပေးတင်ဒါပေးခြင်းကလည်း လုပ်ငန်းများ အရည်အသွေးမပြည့်မီမှု၊ အချိန်မီမပြီးစီးမှုနှင့်အတူ ကုမ္ပဏီ တစ်ခုတည်းမှ နာမည်အမျိုးမျိုးဖြင့် Lot များကို ယူထားပြီး မနိုင်မနင်းလုပ်ဆောင် နေရမှုများကြောင့် အမှန်တကယ်နစ်နာသူများမှာ ဒေသခံပြည်သူများ ဖြစ်သည့်အတွက် နိုင်ငံတော်၏ ရည်ရွယ်ချက်ဖြစ်သည့် ပြည်သူ့ဘဏ္ဍာများကို လိုအပ်သည့်နေရာများကို တိုက်ရိုက်အကျိုးပြုပြည့်ဝစွာ ရောက်ရှိနိုင်စေရေးမှာ လိုအပ်နေသေးပါကြောင်း ဆွေးနွေးသည်။

**မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း** က အစီရင်ခံစာကို လေ့လာကြည့်ရာတွင် ခွင့်ပြုပေးခဲ့သည့် စာသင်ကျောင်းများ ရာခိုင်နှုန်းပြည့် တည်ဆောက်ပြီးစီးမှု များစွာအားနည်းနေသေးသည်ကို တွေ့ရှိရပါကြောင်း၊ လုပ်ငန်းအဆင့်တိုင်း တွင်လည်း အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်မှု မရှိသည်ကိုလည်း လေ့လာ တွေ့ရှိရပါကြောင်း၊ အစီရင်ခံစာ၏ အပိုဒ် ၅ နှင့် အပိုဒ် ၆ အရဆိုပါက တင်ဒါ လုပ်ငန်းစဉ်များကို ပထမ (၃)လပတ်အတွင်း ဆောင်ရွက်နိုင်သည့် တိုင်းဒေသကြီးနှင့် ပြည်နယ် လုံးဝမရှိသည်ကို သိရှိရပါကြောင်း၊ ဘတ်ဂျက် အတည်ပြုပြီး ပထမ(၃)လအတွင်းသာ တင်ဒါကိစ္စရပ်များ ပြီးပြတ်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက အဆင်ပြေချောမွေ့သွားမည်ဖြစ်ပါကြောင်း၊ လာမည့် ဘဏ္ဍာနှစ်များတွင် အဆင်ပြေချောမွေ့စေရန်အတွက် ယခုအစီရင်ခံစာတွင် ဖော်ပြထားသော ၂၀၁၈–၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် ကြုံတွေ့ခဲ့ရသည့် အခြေအနေများ၊ လေ့လာသုံးသပ်ချက်များကို သင်ခန်းစာယူ၍ အစီရင်ခံစာ၏ အပိုဒ် ၂၀၊ ၂၁၊ ၂၂၊ ၂၃ နှင့် ၂၄ တို့အား အလေးထားလိုက်နာ ဆောင်ရွက်သင့် ပါကြောင်း ဆွေးနွေးသည်။

## နေ့စားလပေး ဆရာ ဆရာမများ ခန့်ထားရေး၊ ပြောင်းရွှေ့ခြင်း ကိစ္စများကို မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များတွင် တာဝန်နှင့် လုပ်ပိုင်ခွင့် အဆင့်အလိုက် အပြီးပိုင် လွှဲပြောင်းပေးသင့်

**မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်**က မကွေးတိုင်း ဒေသကြီးအစိုးရအနေဖြင့် မကွေးခရိုင်၊ မင်းဘူးခရိုင်တို့အတွက် အဖွဲ့ဝင် ရှစ်ဦး ပါဝင်သည့် Quality Control (QC) အဖွဲ့ကို တာဝန်ခံပေးအပ်ထားသော်လည်း နယ်မြေကျယ်ဝန်းခြင်း၊ အဆောက်အဦများပြားခြင်း၊ တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင်လည်း QC အဖွဲ့ကို စောင့်ဆိုင်းနေရသည့်အတွက် လုပ်ငန်း လုပ်ကိုင်သည့်အခါ နှောင့်နှေးမှုများ ပါဝင်နေကြောင်းကို တွေ့ရှိရပါကြောင်း၊ ထို့ပြင် နိုင်ငံတော်၏ ရည်မှန်းချက်သည် ပညာရေးမြှင့်တင်ရန်အတွက် ကျောင်း များ တည်ဆောက်သော်လည်း ကျောင်းများအတွင်း၌ စာသင်ယူမည့် ကျောင်းသား ကျောင်းသူများရှိပြီး ဆရာ ဆရာမ မရှိခြင်းနှင့် ကျောင်းအုပ် မရှိခြင်းတို့ကြောင့် ရည်မှန်းချက်အောင်မြင်ရန် မနီးစပ်နိုင်ဖြစ်နေပါကြောင်း၊ နေ့စားလပေး ဆရာ ဆရာမများ ခန့်ထားရေး၊ ပြောင်းရွှေ့ခြင်းကိစ္စများကို မြို့နယ်၊ ခရိုင်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအဆင့်များတွင် တာဝန်နှင့် လုပ်ပိုင် ခွင့် အဆင့်အလိုက် အပြီးပိုင် လွှဲပြောင်းပေးသင့်ပါကြောင်း အကြံပြုဆွေးနွေး သည်။

အဆိုပါ တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက် နိုင်မှုအခြေအနေနှင့် အစီရင်ခံစာအမှတ်စဉ်(၁၅/၂၀၁၉)တို့နှင့် စပ်လျဉ်း၍ ငပုတောမဲဆန္ဒနယ်မှ ဦးသန်းအောင်၊ ကသာမဲဆန္ဒနယ်မှ ဦးမြင့်ကြည်၊ အင်္ဂပူ မဲဆန္ဒနယ်မှ ဦးအေးဝင်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်း၊ မင်းလှမဲဆန္ဒနယ်မှ ဦးကျော်ကြီး (ခေါ်) ဦးအုန်းခင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး (ခေါ်) သန်းစိုး (ဘောဂဗေဒ)၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ ဦးကျင့်ခန့်ပေါင်၊ ဧရာဝတီ တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၊ ကျောက်ပန်းတောင်း မဲဆန္ဒနယ်မှ ဦးရွှေကို၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦးနှင့် လက်ပံတန်း မဲဆန္ဒနယ်မှ ဦးကျော်မင်းတို့က ဆက်လက် ဆွေးနွေးကြသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၄)ကြိမ်မြောက်ပုံမှန် အစည်းအဝေး စတုတ္ထနေ့ကို နိုဝင်ဘာ ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

# ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်) တွင် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့် A.G.T.I ဒီပလိုမာ(ပထမနှစ်) သင်တန်းသား/သင်တန်းသူများ အတည်ပြုရွေးချယ်

**ရန်ကုန် နိုဝင်ဘာ ၈**

နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်သည် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၌ ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် (ပထမနှစ်) သင်တန်းတက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား အတည်ပြုရွေးချယ်ခြင်းအခမ်းအနားသို့ တက်ရောက်သည်။

**လူတွေ့စိစစ်၍ အတည်ပြုရွေးချယ်**

နယ်စပ်ရေးရာဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်) သို့ တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများကို ရွေးချယ်ရာတွင် နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း ၄၅ ကျောင်းမှ အခြေခံပညာအထက်တန်းအောင်မြင်ပြီး သတ်မှတ်အမှတ်ပြည့်မီသူများနှင့် တိုင်းဒေသကြီး/ပြည်နယ်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများမှ အခြေခံပညာ အထက်တန်းအောင်မြင်ပြီးသူများအား ဝင်ခွင့်ရေးဖြေစာမေးပွဲကို သက်ဆိုင်ရာဒေသများတွင် ဝင်ရောက်ဖြေဆိုစေခဲ့ကာ ရေးဖြေအောင်မြင်သူများအနက် ဝင်ခွင့်အရည်အချင်း သတ်မှတ်ချက်နှင့် ကိုက်ညီသော တိုင်းရင်းသား/တိုင်းရင်းသူများကို ဦးစားပေး၍ သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး သင်တန်းသားရွေးချယ်ရေးကော်မတီများမှ ပဏာမရွေးချယ်ခဲ့ပြီးနောက် သင်တန်းသားရွေးချယ်ရေး ဗဟိုကော်မတီသို့ တင်ပြအတည်ပြုပြီး သင်တန်းသားရွေးချယ်ရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်သောအဖွဲ့က လူတွေ့စိစစ်၍ အတည်ပြုရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

**နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးမည်**

ယခုပညာသင်နှစ်တွင် ဒီဂရီကောလိပ်(ရန်ကုန်)အတွက် သင်တန်းသားရွေးချယ်ရေးဗဟိုကော်မတီက စိစစ်ရွေးချယ်ပေးခဲ့သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဝေးလံခေါင်းပါးသော နယ်စပ်ဒေသများမှ သင်တန်းသား၊ သင်တန်းသူ ၃၆၇ ဦးအား ဝိဇ္ဇာ၊ သိပ္ပံဘွဲ့(၄)နှစ်၊ A.G.T.I ဒီပလိုမာ(၃)နှစ် သင်ကြားပေးသွားမည်ဖြစ်ပြီး ကျောင်းဆင်းပြီးပါက ဘွဲ့၊ ဒီပလိုမာများ အပ်နှင်းပေးပြီး ဝန်ကြီးဌာနများတွင် အကြီးတန်းစာရေးအဆင့်တူ ရာထူးနေရာများတွင် နိုင်ငံ့ဝန်ထမ်းများအဖြစ် ခန့်အပ်တာဝန်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။





ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် ၂၀၁၉-၂၀၂၀ ပညာသင်နှစ် (ပထမနှစ်) သင်တန်း တက်ရောက်ကြမည့် သင်တန်းသား၊ သင်တန်းသူများအား အတည်ပြုရွေးချယ်ခြင်းအခမ်းအနားတွင် သင်တန်းသား၊ သင်တန်းသူများအား တွေ့ဆုံစဉ်။

ထို့နောက် ဒုတိယဝန်ကြီးသည် ပထမနှစ်သင်တန်းသားများထားရှိမည့် အိပ်ဆောင်များ၊ စာသင်ဆောင်များ၊ စားရိပ်သာများ၊ အင်ဂျင်နီယာလက်တွေ့အလုပ်ရုံများ၊ ဒီဂရီကောလိပ်ဆေးခန်း၊ ကျောင်းဝင်းအတွင်း ကိုယ်လက် ကြံ့ခိုင်ရေးအတွက် ဆောင်ရွက်ထားရှိသည့် အားကစားကွင်းကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

**သတင်းစဉ်**

---

# ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေးနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြင်ပပုံနှိပ်လုပ်ငန်းရှင်များအား ကြိုတင်ရှင်းလင်းပွဲကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာ ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေးနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့် အချက်များကို ပြင်ပပုံနှိပ် လုပ်ငန်းရှင်များအား ကြိုတင်ရှင်းလင်းပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပသည်။

**နိုင်ငံတော်အတွက် အရေးကြီးတာဝန်**

အစည်းအဝေးတွင် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက လာမည့် ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာသင်ရိုးသစ်များ ပြဋ္ဌာန်းထားသည်များ ရှိပါကြောင်း၊ အတန်းအရေအတွက်လည်း တိုးလာသည့်အတွက် ပုံနှိပ်ပေးရသည့် အရေအတွက်မှာလည်း များပြားပါကြောင်း၊ နိုင်ငံအတွင်းရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအတွက် အရည်အသွေးပြည့်မီသည့် ဆရာကိုင်စာအုပ်များနှင့် ပြဋ္ဌာန်းစာအုပ်များ အချိန်မီ ပုံနှိပ်ထုတ်လုပ် ဖြန့်ချိပေးနိုင်ရေးသည် အင်မတန်မွန်မြတ်ပြီး နိုင်ငံတော်အတွက် အလွန်အရေးကြီးသည့် တာဝန်တစ်ခုဖြစ်ပါကြောင်း။



ဒုတိယဝန်ကြီး ဦးအောင်လှထွန်း ၂၀၂၀-၂၀၂၁ ပညာသင်နှစ်အတွက် အခြေခံပညာကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိနိုင်ရေးနှင့် ပတ်သက်၍ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ပြင်ပပုံနှိပ်လုပ်ငန်းရှင်များအား ကြိုတင်ရှင်းလင်းပွဲတွင် အမှာစကားပြောကြားစဉ်။

**တင်ဒါစနစ်ဖြင့် အပ်နှံဆောင်ရွက်မည်**

ယခုနှစ်အတွက် ပုံနှိပ်ရမည့် ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်အရေအတွက်သည် သန်းတစ်ရာကျော်ရှိပါကြောင်း၊ ထိုအရေအတွက်အထဲမှ ၄၈ ဒသမ ၆၃၈ သန်းကျော်ကို ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ဆောင်ရွက်သွားမည်ဖြစ်ပြီး ၇၆ ဒသမ ၆၂ သန်းကျော်ကို ပြင်ပပုံနှိပ်လုပ်ငန်းရှင်များထံ တင်ဒါစနစ်ဖြင့် အပ်နှံဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**သိက္ခာရှိစွာ ပါဝင်ယှဉ်ပြိုင်**

မိမိတို့အနေဖြင့် ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ထုတ်လုပ် ဖြန့်ချိပေးနိုင်ရေး လုပ်ငန်းတာဝန်ကို နိုင်ငံတော်မှ ချမှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ပြင်ပပုံနှိပ်လုပ်ငန်းရှင်များထံ လုပ်ငန်းအပ်နှံဆောင်ရွက်စေရာတွင်လည်း တစ်စုံတစ်ရာ ခွဲခြားမှုမရှိဘဲ အားလုံးတစ်ပြေးညီ သိက္ခာရှိစွာ ပါဝင်ယှဉ်ပြိုင်ခွင့်ရအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

**ပွင့်ပွင့်လင်းလင်း ဆွေးနွေး**

ထို့ကြောင့် အရည်အသွေးပြည့်မီသည့် ဆရာကိုင် စာအုပ်များနှင့် ပြဋ္ဌာန်းစာအုပ်များ အချိန်မီပုံနှိပ်ထုတ်လုပ် ဖြန့်ချိပေးနိုင်ရေးအတွက် ယခင်နှစ်များကဲ့သို့ ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပြီးခဲ့သည့် အတွေ့အကြုံများအပေါ် အခြေခံ၍ အားသာချက်၊ အားနည်းချက်များကို ယနေ့ အစည်းအဝေးတွင် ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီအတွင်းရေးမှူး ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်မျိုးမြင့်က ကျောင်းသုံးပြဋ္ဌာန်းစာအုပ်များ သတ်မှတ်ချိန်အတွင်း အချိန်မီ ပုံနှိပ်၊ ထုတ်လုပ်၊ ဖြန့်ချိရာတွင် ပြင်ပပုံနှိပ်လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့်အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ကျောင်းသုံးစာအုပ်များ ဖြန့်ချိရေးဆပ်ကော်မတီအတွင်းရေးမှူး အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းက ဆရာကိုင်စာအုပ်များနှင့် ပြဋ္ဌာန်းစာအုပ်များ အရည်အသွေးပြည့်မီစေရန်နှင့် အချိန်မီဖြန့်ချိနိုင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ပေးစေလိုသည့် အချက်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကျောင်းသုံးစာအုပ်များ ရိုက်နှိပ်ထုတ်လုပ်ရေးဆပ်ကော်မတီဒုတိယဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်က ဆွေးနွေးပြောကြားသည်။

**သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေး**

ယင်းနောက် အစည်းအဝေးတက်ရောက်လာကြသူများက အခြေခံပညာကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ ပုံနှိပ်ထုတ်လုပ် ဖြန့်ချိနိုင်ရေးအတွက် သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့သည်။

**သတင်းစဉ်**

---

# နိုင်ငံခြားဘဏ် ဘဏ်ခွဲများနှင့် နိုင်ငံခြားဘဏ်များ၏ လက်အောက်ခံဘဏ်များ ရွေးချယ်ခွင့်ပြုရေးနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ သတင်းထုတ်ပြန်ချက်တစ်ရပ် ထုတ်ပြန်

**နေပြည်တော် နိုဝင်ဘာ ၈**

မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ရန်အတွက် နိုင်ငံခြားဘဏ် ဘဏ်ခွဲများ(Branch)နှင့် နိုင်ငံခြားဘဏ်များ၏ လက်အောက်ခံဘဏ်များ (Subsidiary) ရွေးချယ်ခွင့်ပြုရေးနှင့် စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက် (Announcement) ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ နိုဝင်ဘာ ၇ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ် website ဖြစ်သည့် www. cbm.gov.mm တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် နိုင်ငံခြားဘဏ် ဘဏ်ခွဲများ (Branch) နှင့် နိုင်ငံခြားဘဏ်များ၏ လက်အောက်ခံဘဏ်များ (Subsidiary) လုပ်ကိုင်ခွင့်ပြုခြင်းနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ ရုံးကြီးလမ်း၊ တိတ်နန်းတံတားအနီး၊ ကံသာရပ်၊ ညောင်ရွှေမြို့၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ပါတီရုံးချုပ်တည်ရှိသော **အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party)**က နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၅ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၄-၁၁-၂၀၁၉ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ)အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party) ၏ အလံပုံစံ**



**အင်းအမျိုးသားအဖွဲ့ချုပ်ပါတီ (Inn National League Party) ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ပဲခူးလမ်းရပ်ကွက်၊ ဦးဘသင်းလမ်း၊ အမှတ်(၃)တွင် ပါတီရုံးချုပ်တည်ရှိသော **မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ (MPD)** သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်းပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD) ၏ အလံပုံစံ**



**မြန်မာပြည်သူ့ဒီမိုကရက်တစ်ပါတီ(MPD) ၏ တံဆိပ်ပုံစံ**



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

၁။ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉ အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုထားပြီးဖြစ်သည့် ရှမ်းပြည်နယ်၊ တောင်ကြီးမြို့၊ မြို့မရပ်ကွက်၊ ကံသာစမ္မာရုံအရှေ့ဘက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(မ/၁၉၅)တွင် ပါတီရုံးချုပ်တည်ရှိသော **ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (ပ.အ.မ.ဖ) ပါတီ**သည် ယင်းပါတီ၏ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါအတိုင်း ပြောင်းလဲအသုံးပြုမည်ဖြစ်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့်ပါတီ၏ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့် နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထားများဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄(ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပ.အ.မ.ဖ)ပါတီ၏ အလံပုံစံ



ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(ပ.အ.မ.ဖ)ပါတီ၏ တံဆိပ်ပုံစံ



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ အသိပညာပေးဟောပြောဆွေးနွေးပွဲပြုလုပ်



၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးမင်းကိုနိုင် (ခ)ပေါ်ဦးထွန်းက “အနာဂတ် လူငယ်များနှင့် ပညာ” အကြောင်း ဟောပြောစဉ်။

**ကော့သောင်း နိုဝင်ဘာ ၈**

၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းနှင့် ပညာရေးဌာနတို့ ပူးပေါင်းပြုလုပ်သည့် အသိပညာပေးဟောပြောဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းက ကော့သောင်းမြို့ မေတ္တာစိုးကိုယ်ပိုင် အလယ်တန်းကျောင်း၊ ကွင်းပြင်တွင် ပြုလုပ်ခဲ့သည်။

ဟောပြောပွဲတွင် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ ဦးဂျင်မီ (ခ)ကျော်မင်းယုနှင့် ဦးမင်းကိုနိုင် (ခ)ပေါ်ဦးထွန်းတို့က “အနာဂတ် လူငယ်များနှင့် ပညာ” ခေါင်းစဉ်ဖြင့် ဟောပြောဆွေးနွေးခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသား ကျောင်းသူများက သိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဆွေးနွေး ဖြေကြားပေးခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြော ဆွေးနွေးပွဲသို့ ကော့သောင်းမြို့၏ ကိုယ်ပိုင်ကျောင်းများဖြစ်သည့် မေတ္တာစိုးနှင့် အလင်းရောင်ကိုယ်ပိုင်ကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ခဲ့ပြီး အလားတူဟောပြောပွဲများကို ကော့သောင်းမြို့ အမှတ်(၁)နှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**

## ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနှင့် အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၁၉ ခုနှစ် ကမ္ဘာ့ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို နိုဝင်ဘာ ၁၄ ရက်တွင် ရုံးအမှတ်(၄) ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနားကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန မကူးစက်နိုင်သောရောဂါများ ကာကွယ်နှိမ်နင်းရေးဌာနခွဲ၊ ဆီးချို၊ သွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးစီမံချက်နှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ WHO တို့ ပူးပေါင်း၍ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **ဟိန်းမင်းစိုး**

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်

**နေပြည်တော် နိုဝင်ဘာ ၈**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား၊ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**



# ကေတုမတီ တောင်ငူမြို့တည်နန်းတည် နှစ်(၅၀၀)ပြည့် ပွဲတော်များ

သောင်းကေတု

**ကေတုမတီ တောင်ငူမြို့တည်နန်းတည် ၅၀၉ နှစ်ပြည့်ပွဲတော် ကျင်းပရေးအစည်းအဝေးကို အောက်တိုဘာလ ၁၀ ရက်နေ့က တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမဆောင်ကြီးမှာ ပြုလုပ်ပါသည်။**

နာယကများဖြစ်သော ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ တိုင်းဒေသကြီးဥပဒေချုပ် ဦးအုန်းမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများ၊ လူမှုရေး အသင်းအဖွဲ့များ၊ ဖိတ်ကြားထားသူများ ခန်းမအပြည့် တက်ရောက်ကြသည်။

တောင်ငူကေတုမတီသည် မြန်မာ့သမိုင်းတွင် ထင်ရှားကာ တောင်ငူခေတ်ဟု ခေတ်တစ်ခေတ် သတ်မှတ်ခေါ်တွင်ခဲ့သည်။ တောင်ငူမင်းဆက် မင်းများ၏ လက်ရုံးရည်၊ နှလုံးရည် ထူးချွန်ပြောင်မြောက်သဖြင့် အရှေ့တောင်အာရှသမိုင်းတွင် အိမ်နီးချင်းနိုင်ငံများ၏ ရိုသေခံ့ညားခြင်းကို ခံရသည်။

### တောင်ငူမြို့ကိုတည်ခဲ့

ပုဂံကေရာဇ်နိုင်ငံ ပြိုလဲပြီးနောက် သူတစ်လူ ငါတစ်မင်းဖြစ်နေသော မြန်မာပြည်တစ်ခုလုံးကို တောင်ငူမင်းတို့က စည်းလုံးနိုင်ခဲ့သည်။ အေဒီ ၁၂၇၉ (ကောဇာ ၆၄၁) တွင် သဝန်ကြီးမင်းက ပဲခူးရိုးမတောင်ခြေအနီးတွင် တောင်ငူမြို့ကို တည်ခဲ့သည်။

မင်းဆက် ၂၉ ဆက်မြောက် နန်းတက်သော မင်းကြီးညိုလက်ထက်တွင် (အေဒီ ၁၄၈၅) မြဝတီ၊ ထိုမှ ၁၄၉၁ ခုနှစ်တွင် ဒွါရာဝတီသို့ ပြောင်းရွှေ့ခဲ့သည်။ မြို့မဆံ့အောင် လူအင်အားများပြားလာသဖြင့် ၁၅၁၀ တွင် ယခု တောင်ငူကေတုမတီကို တည်ခဲ့သည်။

အစည်းအဝေးခန်းမတွင် ပွဲတော်အတွက် ဆွေးနွေးကြသည်ကို နားထောင်ရင်း နှစ် ၅၀၀ ပြည့် ပွဲတော်ကျင်းပသည့် အချိန်ကို သတိရနေမိသည်။ ဒီခန်းမကြီးထဲမှာ ထိုစဉ်ကတည်းက ပါဝင်ဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်များလည်း ရှိနေကြသည်။

ကျွန်တော်နှင့် မျက်နှာချင်းဆိုင်မှာ ထိုင်နေသော ဦးလှမင်းထွန်းက ထိုစဉ်က ခရိုင်အုပ်ချုပ်ရေးမှူး၊ ပွဲတော်ကျင်းပရေး အတွင်းရေးမှူးဖြစ်သည်။ အဲဒီတုန်းက ပဲခူးတိုင်း တယကရုံးက တောင်ငူမှာ ရုံးစိုက်သည်။ တိုင်းအုပ်ချုပ်ရေး ဦးကျော်စန်းက ပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌဖြစ်သည်။

တောင်ငူသည် သမိုင်းဝင် ရာဇဌာနီမင်းနေပြည်တော်ဖြစ်သော်လည်း နှောင်းခေတ်များတွင် မှေးမှိန်လာသည်။ အစိုးရအဆက်ဆက်ကလည်း စိတ်မဝင်စားမှုလျော့ခြင်းကို ခံနေရသည်။ ရန်ကုန်-မန္တလေး ရထားလမ်းပေါ်က သာမန်မြို့လေးတစ်ခုအဖြစ်သာ သိကြသည်။

ကျွန်တော်တို့ ငယ်စဉ်ကပင် တောင်ငူကို ပြန်လည်ထင်ရှားလာအောင် ဆောင်ရွက်လိုသော ဆန္ဒရှိခဲ့ပါသည်။ ထိုဆန္ဒသည် နှစ် (၅၀၀) ပြည့်ကာလတွင် အခါကျလာပေပြီ။ ၂၀၀၉ ခုနှစ်တွင် ကေတုမတီ(တောင်ငူ) မြို့တည်နန်းတည် နှစ် (၅၀၀) ပြည့်ပွဲတော် ကျင်းပရန် ကော်မတီများဖွဲ့စည်းကာ တာဝန်များ ခွဲဝေကြသည်။ ကျွန်တော်ကလည်း တောင်ငူဆေးရုံ ဆေးရုံအုပ်ကြီး တာဝန်ဖြင့် အမိမြေတောင်ငူသို့ ပြောင်းရွှေ့ရောက်ရှိလာပါသည်။

### မင်းကြီးညိုကို မသိကြ

၂၀၀၉ စက်တင်ဘာလတွင် ပွဲတော်ကျင်းပရေးကော်မတီ ဖွဲ့စည်းသည်။ ကျွန်တော်က မဂ္ဂဇင်းပို့စ်ကတ် အထိမ်းအမှတ်ပစ္စည်းထုတ်ဝေရေးကော်မတီ၊ သုတေသနစာစောင်နှင့် စာတမ်းဖတ်ပွဲတော်ကော်မတီတို့တွင် ပါဝင်ရပါသည်။ ပြင်ဆင်ရန် အချိန်တစ်နှစ်သာရသဖြင့် တက်သုတ်ရိုက်ရသည်။

သမိုင်းဝင် လေးကျွန်းကန်တော်ကြီးမှာ ကောနေပြီး ဒိုက်ဆယ်၍မနိုင်၊ သို့နှင့် ရေအကုန်စုပ်ထုတ်ပြီး အနက်တစ်ပေ ထပ်တူးသည်။ အောင်နန်းတံခါးမုခ်ဦး၊ အနောက်ဘက်စင် တံခါးမုခ်ဦးနှစ်ခုဆောက်သည်။ ပွဲတော်ရန်ပုံငွေ မလောက်သဖြင့် စီဘီဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေးက ဆောက်လုပ်လှူဒါန်းသည်။

မြို့တည်နန်းတည် မင်းကြီးညိုရုပ်တုကို မြို့အရှေ့မျက်နှာ အောင်နန်းတံခါး ကျုံးအပြင်ဘက်တွင် တည်ဆောက်သည်။ ယခုအခါ တောင်ငူ၏ သင်္ကေတ (Symbol) အဖြစ် တည်ရှိနေပါသည်။ တောင်ငူဟုဆိုလိုက်လျှင် တပင်ရွှေထီး၊ ဘုရင့်နောင်၊ နတ်ရှင်နောင်တို့ကိုသာ သိကြသည်။ တောင်ငူကို တည်သော၊ တောင်ငူမင်းဆက်ကို တည်ထောင်သော မင်းကြီးညိုကို မသိကြပေ။

### စည်ကားသိုက်မြိုက်စွာကျင်းပ

ထို့ကြောင့် နှစ် ၅၀၀ ပြည့် ပွဲတော်မှာ မင်းကြီးညိုရုပ်တုကို ဂုဏ်ပြုတည်ဆောက်ခြင်းဖြစ်သည်။ ကေတုမတီတောင်ငူ နှစ် ၅၀၀ ပြည့်ပွဲတော်ကို ၁၈-၁၁-၂၀၁၀ မှ ၂၄-၁၁-၂၀၁၀ အထိ ခုနစ်ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ပါသည်။

ဘာသာရေး အခမ်းအနားများ၊ အားကစားပြိုင်ပွဲများ အစုံအလင်ထည့်သွင်းကျင်းပသည်။ ၁၈-၁၁-၂၀၁၉ ရက်နေ့တွင် နှစ် ၅၀၀ ပြည့် ဈေးပွဲတော်နှင့် ပြခန်းများ ဖွင့်ပွဲကို မိုင်ဒါကွင်းရှေ့မုခ်ဦး၌ ကျင်းပသည်။ နွားအလှပြိုင်ပွဲ ဖွင့်ပွဲဆက်လက်ကျင်းပသည်။

ညနေပိုင်းတွင် ရပ်ရှင်အစည်းအရုံးဘောလုံးအသင်းနှင့် ပဲခူးတိုင်းလက်ရွေးစင်ဟောင်းအသင်းတို့ ချစ်ကြည်ရေးအသင်းတို့ ယှဉ်ပြိုင်ကြသည်။ ည ၇ နာရီတွင် MFF Max Cement Cup 2010 ရှုံးထွက်ဖလားချန်ပီယံ ဥသာယူနိုက်တက်အသင်းက အပ်နှံပွဲကို တော်ဝင်ကေတုမတီဟိုတယ်တွင် ကျင်းပသည်။ ဂုဏ်ပြုညစာစားပွဲ ကျင်းပသည်။

၁၉-၁၁-၂၀၁၀ ရက်နေ့တွင် နှစ် ၅၀၀ ပြည့် ဖွင့်ပွဲကို ဘုရင့်နောင်ခန်းမရှေ့တွင် ကျင်းပသည်။ ဘုရင့်နောင်ခန်းမဖွင့်ပွဲ ဆက်လက်ကျင်းပသည်။ ပွဲတော်ကျင်းပရေး နာယက တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်းက အဖွင့်မိန့်ခွန်းပြောကြားသည်။ တေးသံရှင် ဝင်းလှဲ့ချယ်ရီက မင်္ဂလာရတုပိုဒ်စုံကို ရွတ်ဆိုသည်။ တောင်ငူတက္ကသိုလ် ကျောင်းသားများက အဆိုအကများဖြင့် ဧည့်ခံပါသည်။

ဆက်လက်၍ နံနက် ၁၀ နာရီတွင် ရေခင်းသဘင်နှင့် လှေပြိုင်ပွဲဖွင့်ပွဲကို ကျင်းပသည်။ လှော်ကားလှေတော်ကြီးက ဦးဆောင်ကာ ကရဝိက်ဖောင်၊ အရန်လှေများဖြင့် စည်ကားလှပါသည်။ နံနက် ၁၁ နာရီတွင် မြန်မာ့ရိုးရာသိုင်းပညာသရုပ်ပြပွဲကို မိုင်ဒါကွင်း အားကစားရုံမှာ ကျင်းပပါသည်။

ညနေ ၃ နာရီတွင် (၇၈)ကြိမ်မြောက် နှစ်ကျိုပ်ရှစ်ဆူဘုရားများ ဒေသစာရီလှည့်လည်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဗိုလ်မှူး ဖိုးကွန်းလမ်းနှင့် လမ်းမကျယ်ထောင့်တွင် ကျင်းပပါသည်။

တောင်ငူမြို့၏ အစဉ်အလာကြီးသော နှစ်ကျိုပ်ရှစ်ဆူ ဘုရားပွဲတော်ကြီးကို ၁၉၃၀ ပြည့်နှစ်ခန့်က စတင်ကျင်းပခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်အတွင်းက ရပ်နားထားခဲ့သော်လည်း ဆက်လက်ကျင်းပခဲ့ပါသည်။ ၂၀၀၁ ခုနှစ်က တောင်ငူရွှေဆံတော် ဘုရားပွဲတော်ကာလတွင်ဖြစ်ပွားသော ဘာသာရေးအဓိကရုဏ်းကြောင့် နှစ်ကျိုပ်ရှစ်ဆူဘုရားပွဲတွင် စတိတ်ရှိုး အဆိုအက ကားများ ထည့်သွင်းခြင်းမပြုရန် တားမြစ်ခဲ့ပါသည်။

### ရပ်ကွက်အလိုက် ဘုရားပင့်ဆောင်

ဘုရားများကို မြေလျှောက်အဆိုအကများဖြင့်သာ ပင့်ဆောင်လှည့်လည်နေကြရပါသည်။ ကိုးနှစ်တာ စည်ကားခြင်းမရှိသောပွဲတော်ကို ၂၀၁၀ ပြည့်နှစ်တွင် နှစ် ၅၀၀ ပြည့်ပွဲတော်အတွင်းသို့ထည့်သွင်းပြီး ရပ်ကွက်အလိုက် ဘုရားပင့်ဆောင်မှု၊ မီးအလှပဒေသာရှိသော ဘုရားပင့်ယာဉ်များကို ပြိုင်ဆိုင်စေပြီး ဆုများကို ထိုက်တန်စွာ ချီးမြှင့်ခဲ့ပါသည်။

ထိုမှစ၍ တောင်ငူနှစ်ကျိုပ်ရှစ်ဆူပွဲတော်ကြီးသည် ယခင်ကထက် ပိုစည်ကားလာပါသည်။ ၂၀-၁၁-၂၀၁၀ ရက်နေ့တွင် နှစ် ၅၀၀ ပြည့်ပွဲတော် အထိမ်းအမှတ် သံဃာတော်အပါး ၁၀၀၀ အရဟန်ဆွမ်းလောင်းလှူပွဲကို ၃၆၅ ရက် နေ့စဉ်ဆွမ်းလောင်းအသင်းကြီးမှာ ကျင်းပပါသည်။

နံနက် ၉ နာရီတွင် ရှင်သာမဏေအပါး ၅၀၀ ရှင်ပြုပွဲကို တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမ၌ ကျင်းပပါသည်။ ကြာနီကန်ဆရာတော်က အနုမောဒနာတရား ဟောကြားပါသည်။ မြို့နယ်အတွင်းရှိ ရှင်မပြုနိုင်သော ကလေးများကို ရှင်ပြုပေးခဲ့ပါသည်။ ရှင်အပါးရေကို နှစ်အလိုက် တိုးလာခဲ့ရာ ယခုနှစ်တွင် ၅၀၉ ပါး ဖြစ်ပါမည်။ နေ့လယ် ၁ နာရီတွင် မြန်မာ့ရိုးရာ လက်ဝှေ့ပြိုင်ပွဲကို မိုင်ဒါကွင်း မိုးလုံလေလုံအားကစားရုံတွင် ကျင်းပပါသည်။

### နှစ်ပေါင်း ၅၀၀ ပြည့်

တန်ဆောင်မုန်းလပြည့်နေ့ ၂၁-၁၁-၂၀၁၀ ရက်နေ့တွင် ပွဲကြီးနေ့ မြန်မာသက္ကရာဇ် ၈၇၂ ခုနှစ် တန်ဆောင်မုန်းလပြည့် အင်္ဂါနေ့ အေဒီ ၁၅၁၀၊ အောက်တိုဘာ ၁၆ ရက်နေ့တွင် ကေတုမတီမြို့တော်ကို မဟာသီရိဇေယျသူရ မင်းကြီးညိုက တည်ထောင်ခဲ့ရာ ယနေ့သည် နှစ်ပေါင်း ၅၀၀ ပြည့်ခဲ့ပေပြီ။ နံနက် ၇ နာရီ မိနစ် ၄၀ တွင် မင်းကြီးညို ရုပ်တုကို ယဉ်ကျေးမှုဝန်ကြီးဌာန ဝန်ကြီး ဦးအေးမြင့်ကြူ၊ တိုင်းမှူး ဗိုလ်ချုပ်စိုးထွန်းနှင့် ဦးခင်မောင်အေးတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

မင်းကြီးညိုသည် ဒွါရာဝတီမြို့တော်မှ ကေတုမတီမြို့တော်သို့ ရှေ့ ၆ တပ်၊ နောက် ၆ တပ် ခြံရံကာ ဝေါယာဉ်ပြာသာဒ်စီးပြီး အောင်နန်းတံခါးမှ ဝင်တော်မူသည်ဟု တောင်ငူရာဇဝင်တွင် ဖော်ပြသည်။ ထိုစာနှင့်အညီ လူပေါင်း ၄၀၀ ပါဝင်သော ရာဇဝင်ကို ခံ့ညားထည်ဝါစွာ ခင်းကြပါသည်။

*စာမျက်နှာ ၁၁ သို့*




ကေတုမတီ တောင်ငူမြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်ပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာကျင်းပခဲ့မှုကို တွေ့ရစဉ်။

> “၂၀၁၀ ပြည့်နှစ်မှစကာ ကျင်းပလာသော မြို့တည်နန်းတည်ပွဲတော်ကြီးက တစ်နှစ်ထက် တစ်နှစ် စည်ကားလာသည်။ တောင်ငူသူ တောင်ငူသား လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး ကိုယ့်မြို့ ကိုယ့်ရွာ စည်ကားသာယာရေးအတွက် ညီညွတ်သောစိတ်ဓာတ်ဖြင့် ဆောင်ရွက်လာကြသည်မှာ တောင်ငူမြို့၏ ဂုဏ်ယူစရာညီညွတ်သော နှစ် (၅၀၀) စိတ်ဓာတ်ဟု တင်စား ခေါ်ဝေါ်ချင်”

*စာမျက်နှာ ၁၀ မှ*

တောင်ငူတက္ကသိုလ်က အရွယ်ညီ ကျောင်းသား ကျောင်းသူ အချောအလှများကို ရရှိသဖြင့် အလွန်ထည်ဝါခံ့ညားသော ရာဇဝင်ပင်ဖြစ်သည်။ နောက်ပိုင်းနှစ်များတွင် ထိုနှစ်ကဝင်းကို မမီဟု မှတ်ချက်ချလိုပါသည်။ တောင်ငူခေတ်ဝတ်စားဆင်ယင်မှုများ ချောင်းများထဲမှ ရှာဖွေပြီး အနီးစပ်ဆုံးတူအောင် ရွေးချယ်ချုပ်လုပ်ကြသည်။

တိုင်းမှူး ဗိုလ်ချုပ်လှမင်းလက်ထက်က ဝင်းခင်းတာကို မလုပ်ဖြစ်ခဲ့။ တိုင်းမှူးအသစ်လက်ထက်တွင် ဝင်းခင်းတာကို သဘောတူသည်။ ဒီပွဲ၏ အနှစ်က ဝင်းခင်းခြင်းဖြစ်ပါသည်။ သို့နှင့် ဆရာမကြီးဒေါ်မာမာဝေလည်း အမရပူရမြို့ ရက်ကန်းရုံများနှင့်တောင်ငူကို လွန်းထိုးရလေ၏။

ဆင် ၆ ကောင်၊ မြင်း အကောင် ၆၀ ကို အသည်းအသန်စုရ၏။ ဖိုးကျားစခန်းက ဆင် ၃ ကောင်၊ ဦးခင်မောင်အေးထံမှ ဆင် ၃ ကောင်၊ ခပေါင်း၊ အုတ်တွင်း၊ ထန်းတပင်က မြင်း ၆၀ ။ မြင်းလှည်းဆွဲသည့်မြင်းများက ပိန်လှ၍ မြင်းနှင့် ဆင်က စိမ်းနေ၍ မတည့်။ ကြားထဲက စစ်သည်တော်များနှင့် ခြားထားရ၏။ အလွန်ကျက်သရေရှိသည့် မြင်ကွင်းခဏတာမြင်ရဖို့ အတော်တာဝန်ကြီးပါသည်။

### ကမ္ဘာလှည့်ခရီးသွားများ လာလည်

တောင်ငူသားတို့၏ ဖွဲလုံ့လကား အံ့သြစရာကောင်းလှ၏။ ဒီလိုပွဲမျိုးကို နှစ် ၅၀၀ မှစကာ ရှစ်ကြိမ်ကျင်းပခဲ့ပြီး ယခုနှစ်ဆိုလျှင် ကိုးကြိမ်ရှိပေသည်။ နှစ် ၅၀၀ ပြည့် ပွဲတော်များကို ကမ္ဘာလှည့်ခရီးသွားများပင် အသိအမှတ်ပြု လာလည်ကြသည်။

နံနက် ၈ နာရီခွဲတွင် အောင်နန်းတံခါးမုခ်ဦးကို ဖွင့်လှစ်ပြီး မြို့တွင်းသို့ ဝင်ရောက်သည်။ စည်တော်သံ၊ ဗုံးရှည်သံများ၊ တံပိုးခရာ မှုတ်သံများဖြင့် ရှေးနှစ် ၅၀၀ ကာလကို ရောက်ရှိသွားသကဲ့သို့ ခံစားရပါသည်။

၂၁-၁၁-၂၀၁၀ ရက်နေ့ နံနက် ၈:၃၅ တွင် အောင်နန်းတံခါးမုခ်ဦး တောင်ဘက်အခြမ်းတွင် စိုက်ထူထားသည့် မော်ကွန်းကျောက်စာတိုင်ကို ဖွင့်လှစ်သည်။ ဗိုလ်မှူးဖိုးကွန်းလမ်းကြီးတစ်လျှောက် မြို့သူမြို့သားများဖြင့် ပြည့်ကျပ်စည်ကားနေသည်။

ကျွန်တော်တို့ ငယ်စဉ်အထိ "လမ်းမတော်လမ်း" ဟု ခေါ်သည်။ မင်းကြီးညိုကေတုမတီမြို့တော်ကိုဝင်သော မင်းလမ်းမကြီးဖြစ်သည်။ ၁၉၆၃ ခုနှစ်တွင် အမျိုးသားကျောင်းအုပ်ကြီး ဦးဖိုးကွန်းကို ဂုဏ်ပြု၍ ဗိုလ်မှူးဖိုးကွန်းလမ်းဟု အမည်ပြောင်းခဲ့ခြင်းဖြစ်သည်။

### လှေပြိုင်ပွဲကျင်းပ

ဥ္ကလမ်းမကြီး၏ အနောက်ဘက်ထိပ်တွင် တည်ဆောက်ထားသော "စင်တံခါး" မုခ်ဦးသို့ အရောက်တွင် မုခ်ဦးဖွင့်ပွဲကို ပြုလုပ်သည်။ ထို့နောက် ဝင်းခင်းသည့် စစ်ကြောင်းသည် ဘုရင့်နောင်ခန်းမတွင် ရပ်နားသည်။ ထို့နောက် ဝန်ကြီး၊ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ရေသဘင်နှင့် လှေပြိုင်ပွဲကျင်းပရာသို့ သွားရောက်ကြည့်ရှုအားပေးသည်။

ညနေ ၆ နာရီခွဲတွင် လေးကျွန်းကန်တော်ကြီး၌ ဆီမီးကြာခွက် ၅၀၀၀ ကို ကန်တော်ကြီးအတွင်းသို့ မျှောကြသည်။ မီးရှူးမီးပန်းများ ပစ်ဖောက်ခြင်း၊ မီးပုံးပျံများ လွှတ်တင်ကြသည်။ ဘုရင့်နောင်ခန်းမတွင် ပဒေသာကပွဲ၊ တောင်ငူတက္ကသိုလ်ကျောင်းသူများက အငြိမ့်ဖြင့် ကပြဖျော်ဖြေပါသည်။

၂၂-၁၁-၂၀၁၀ ရက်နေ့ ညနေ ၅ နာရီ တွင် မိုင်ဒါကွင်း ခြင်းလုံးအားကစားရုံ၌ မြန်မာ့ရိုးရာခြင်းလုံးနှင့် ရွှဲပညာသရုပ်ပြပွဲကို တင်ဆက်ပြသပါသည်။ ည ၇ နာရီတွင် တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမတွင် ကေတုမတီ မောင်/မယ်ပြိုင်ပွဲနှင့် တောင်ငူခေတ် ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ပြိုင်ပွဲကျင်းပပါသည်။

၂၃-၁၁-၂၀၁၀ ရက်နေ့ နံနက် ၁၀ နာရီ တွင် ထိုင်းနိုင်ငံ Mae Haungsong မှ ထိုင်းချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့ ကုန်ပစ္စည်းပြပွဲကို မိုင်ဒါကွင်း ပန်းချီပြခန်း၌ ခင်းကျင်းပြသရာ နာရီပိုင်းအတွင်း ပစ္စည်းများ ရောင်းကုန်သွားပါသည်။

ထိုအဖွဲ့တွင် ကုန်သွယ်ရေး၊ စိုက်ပျိုးရေး၊ ဟိုတယ်နှင့်ခရီးသွားလာရေး အဖွဲ့ပေါင်းစုံ ၂၂ ဦး လိုက်ပါလာသည်။ နေ့လယ်စာ တည်ခင်းပြီး ထိုင်း-မြန်မာ ကုန်သွယ်ရေးကိစ္စများကို ဆွေးနွေးခဲ့ကြပါသည်။

ညနေ ၃ နာရီတွင် မြန်မာ့ရိုးရာခြင်းလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို မိုင်ဒါကွင်း၌ ကျင်းပပါသည်။ ည ၇ နာရီတွင် တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမတွင် ကေတုမတီမယ်ပြိုင်ပွဲ၊ တောင်ငူခေတ်ဝတ်စားဆင်ယင်ထုံးဖွဲ့မှုပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ကျင်းပသည်။

၂၄-၁၁-၂၀၁၀ ရက်နေ့တွင် ပွဲတော်နောက်ဆုံးနေ့ဖြစ်သည်။ နံနက် ၈ နာရီ တောင်ငူကြီး မြို့ဟောင်း စည်းခုံကြီးစေတီ ဥပုသနာပိတ်ပွဲကျင်းပခြင်း။ သက္ကရာဇ် ၈၄၇ ခုနှစ် (အေဒီ ၁၄၈၅)တွင် ဦးရီးတော် မင်းစည်သူအား လုပ်ကြံ၍ မင်းကြီးညို တောင်ငူကြီးမြို့တွင် နန်းတက်သည်။

နန်းတော်နေရာတွင် စည်းခုံကြီးစေတီတော်ကိုတည်ပြီး မြောက်ဘက်တာ ၅၀၀ အကွာ ပုပ်ပဲချောင်းအနီးတွင် မြဝတီမြို့တည်ပြီး ယာယီနန်းစံသည်။ စည်းခုံကြီးစေတီမှာ နှစ်ပေါင်းများစွာ ပျက်စီးယိုယွင်းနေခဲ့သည်။

ရှင်ပြန်ဆရာတော် ပြုပြင်သော်လည်း ပြိုကျပျက်စီးခဲ့သည်။ ၂၀၀၉ ခုနှစ်တွင် ဦးခင်မောင်အေး မိသားစုက ထပ်မံပြုပြင်ခဲ့ရာ ၂၀၁၀ ကေတုမတီ နှစ် ၅၀၀ ပြည့်ပွဲတော်ကာလ တန်ဆောင်မုန်းလပြည့်ကျော် ၃ ရက်နေ့တွင် ဥပုသနာသွင်းပွဲကို ကျင်းပခြင်းဖြစ်သည်။

ပန်းပဲချောင်းကူးတံတား မဆောက်ရသေး၍ ချောင်းထဲကို ဖြတ်ကူးသည်။ မတက်နိုင်သောကားများကို ထွန်စက်နှင့် ဆွဲတင်ရသည်။ နံနက် ၁၀ နာရီတွင် ကေတုမတီနှစ် ၅၀၀ ပြည့်ပွဲတော်ပိတ်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို တော်ဝင်ကေတုမတီဟိုတယ် ဘုရင့်နောင်ခန်းမတွင် ကျင်းပရာ ပွဲတော်နာယက တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်စိုးထွဋ်က ဂုဏ်ပြုစကား CB Bank ဥက္ကဋ္ဌ ဦးခင်မောင်အေးက ကျေးဇူးတင်စကား ပြောကြားသည်။

### နှစ်(၅၀၀)ပြည့်ပွဲတော် အောင်မြင်စွာပြီးစီး

ထို့နောက် နှစ်ကျိပ်ရှစ်ဆူဘုရားပူဇော်ပွဲ ဆုရသူများ။ ပန်းချီ၊ ပန်းပု ဓာတ်ပုံပြိုင်ပွဲ ဆုရသူများ ပွဲတော် Logo ပြိုင်ပွဲဆုရသူများကို ဆုချီးမြှင့်ပါသည်။ နေ့လယ်စာဖြင့် တည်ခင်းပြီး ကေတုမတီတောင်ငူမြို့တည်နန်းတည် နှစ် ၅၀၀ ပြည့် ပွဲတော်ကြီး အောင်မြင်စွာ ပြီးစီးအောင်မြင်ခဲ့ပါကြောင်း မော်ကွန်းတင်လိုက်ရပါသည်။

၂၀၁၁ ခုနှစ်တွင် ကေတုမတီ ၅၀၁ နှစ်ပြည့်ပွဲတော်ကို ဆက်လက်ကျင်းပသည်။ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင် တောင်ငူမြို့ဟောင်း စည်းခုံကြီးဘုရားထီးတော်တင်လှူသည်။ သက္ကရာဇ် ၈၄၇ ခုနှစ်တွင် မင်းကြီးညိုတည်ထားသော စေတီတော်ဖြစ်သည်။ တောင်ငူသမိုင်း စာပေဟောပြောပွဲကို ဘုရင့်နောင်ခန်းမတွင် ကျင်းပသည်။ ဒေါက်တာမတင်ဝင်း၊ လယ်တွင်းသားစောချစ်နှင့် သောင်းကေတုတို့ ဟောပြောသည်။ ကျွန်တော်က ချောင်းထဲက ကေတုမတီ ခေါင်းစဉ်ဖြင့် ဟောပြောသည်။

### (၅၀၉)နှစ်ပြည့် ကျင်းပမည်

နှစ် ၅၀၀ ပြည့်ပွဲတော် ကျင်းပစဉ်ကပင် ဘာသာရေး၊ ကုသိုလ်ရေးများကို နှစ်စဉ်ထည့်သွင်းကျင်းပခဲ့ပါသည်။ နှစ် ၅၀၀ ပြည့် အထိမ်းအမှတ် ရှင်အပါး ၅၀၀ မှ စတင်ကာ နှစ်စဉ်တိုးချဲ့ဆောင်ရွက်လာရာ ယခုနှစ်တွင် ရှင် ၅၀၉ ပါး ရှင်ပြုရဟန်းခံပွဲ ကျင်းပမည်ဖြစ်ပါသည်။ မတည်အလှူရှင် ဦးခင်မောင်အေး၏ သဒ္ဓါတရားကား အံ့သြချီးမွမ်းလောက်ပါသည်။ နှစ် ၅၀၀ ပြည့် ပွဲတော်တွင် တောင်ငူမြို့ဟောင်း စည်းခုံကြီးဘုရားဥပုသနာသွင်းပွဲ၊ ၅၀၁ နှစ်တွင် စည်းခုံကြီးဘုရားထီးတင်ပွဲ၊ ၅၀၂ နှစ်တွင် မြို့လေးဝင်းအတွင်းရှိ သာရမဏ္ဍူ မြို့ထောင့်စေတီထီးတင်ပွဲ၊ ၅၀၃ နှစ်တွင် မဟာမုနိကေလဇာတီစေတီတော် ဥာဏ်တော်မြှင့်ထီးတင်ပွဲ၊ ၅၀၄ ခုနှစ်တွင် လေးကျွန်းကန်တော်ကြီး၊ စံပယ်ကျွန်း၊ ဆုတောင်းပြည့်စေတီထီးတင်ပွဲ၊ ၅၀၅ ခုနှစ်တွင် တောင်ငူကြီးမြို့ဟောင်းရှိ မြနိန္ဒစေတီ(စောလူး သခ်ယာတည်ခဲ့သောစေတီ) ကို ပြန်လည်ပြုပြင်ထီးတော်တင်ပွဲ၊ ၅၀၆ နှစ်တွင် တောင်ငူမြို့ ရွှေဟင်္သာစေတီထီးတော်တင်ပွဲ၊ ၅၀၈ ခုနှစ်တွင် ကေတုမတီ သီတဂူသာသနာ့တက္ကသိုလ်ဘွဲ့နှင်းသဘင် (၃)ထပ်ဆောင် ရေစက်ချလှူဒါန်းခြင်း။ ယခုနှစ် (၅၀၉) နှစ်ပြည့်တွင် ကန်တော်ကြီး၊ ဇလီထောင့်၊ ရွှေပြည်အေးကိုးနဝင်းကပ်ကျော်စေတီတော်၊ လုံးတော်ဖွင့် ဥာဏ်တော်မြှင့် တည်ထားရန် တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့တွင် ကျင်းပမည်ဖြစ်ပါသည်။

ယခုနှစ်တွင် တောင်ငူမြို့နယ်အတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် အဘိုး၊ အဘွား ၁၁၇၉ ဦးကို တစ်ဦးလျှင် ငွေကျပ် ၅၀၀၀၀ နှုန်းဖြင့် သက်ကြီးပူဇော်ပွဲအစီအစဉ် ထပ်မံတိုးချဲ့ထားပါသည်။

ဘောလုံး၊ ဘော်လီဘော၊ ပိုက်ကျော်ခြင်း၊ မိုက္ကရိုမာရသွန် အားကစားပြိုင်ပွဲများကိုလည်း နှစ်စဉ်ထည့်သွင်းကျင်းပပါသည်။ တန်ဆောင်မုန်းလပြည့်နေ့ နံနက်တွင် တောင်ငူရာဇဝင်သရုပ်ပြ၊ ဝင်းခင်းပွဲကြီးကို မိုင်ဒါကွင်းတွင် ကျင်းပမည်။ ရုပ်ရှင်သရုပ်ဆောင်များ ပါဝင်လှည့်လည်မည်ဖြစ်သဖြင့် စိတ်ဝင်စားစရာ စိတ်လှုပ်ရှားစရာ အစီအစဉ်ကြီးတစ်ခု ဖြစ်ပါသည်။ Channel K မှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်၍ တစ်ပြည်လုံးက ကြည့်ရှုနိုင်ကြပေသည်။

### တစ်နှစ်ထက်တစ်နှစ် စည်ကားလာ

လပြည့်နေ့ညပိုင်းတွင် တောင်ငူမြို့ကျက်သရေဆောင် လေးကျွန်းကန်တော်ကြီး၌ ဆီမီးမျှောပွဲ၊ မီးပုံးပျံလွှတ်၊ မီးရှူးမီးပန်းများ ပစ်ဖောက်ကြမည်။ ထို့နောက် ရုပ်ရှင်သရုပ်ဆောင်များ၊ အဆိုတော်များ၊ တောင်ငူမြို့ခံ ဂီတအဖွဲ့များက ကားခြောက်စီးဖြင့် တစ်မြို့လုံးလှည့်လည်ဖျော်ဖြေကြပါမည်။ ၂၀၁၀ ပြည့်နှစ်မှစကာ ကျင်းပလာသော မြို့တည်နန်းတည်ပွဲတော်ကြီးက တစ်နှစ်ထက်တစ်နှစ် စည်ကားလာသည်။ တောင်ငူသူ တောင်ငူသား လူကြီး၊ လူငယ်၊ ကျား၊ မ မရွေး ကိုယ့်မြို့ကိုယ့်ရွာ စည်ကားသာယာရေးအတွက် ညီညွတ်သောစိတ်ဓာတ်ဖြင့် ဆောင်ရွက်လာကြသည်မှာ တောင်ငူမြို့၏ ဂုဏ်ယူစရာ ညီညွတ်သော နှစ် (၅၀၀) စိတ်ဓာတ်ဟု တင်စားခေါ်ဝေါ်ချင်ပါသည်။

သမိုင်းအစဉ်အလာ ကြီးမားသော တောင်ငူ၊ ဓားထက်သော တောင်ငူ၊ ကလောင်ထက်သော စာပေပညာရှင်များ ထွက်သော တောင်ငူကို ထိန်းသိမ်းရန် ယနေ့ခေတ် တောင်ငူသားတို့၏ တာဝန်ပင် မဟုတ်ပါလော။ အမိမြေကို တိုးတက်ဖွံ့ဖြိုးအောင် ဆောင်ရွက်ကြရန် တိုက်တွန်းရင်း ကေတုမတီ(တောင်ငူ) ၅၀၉ နှစ်ပြည့် ပွဲတော်ကြီးကို ကြိုဆိုဂုဏ်ပြုလိုက်ပါ သည်။

**(ပွဲတော်ကို ၉-၁၁-၂၀၁၉ မှ ၁၁-၁၁-၂၀၁၉ အထိ ကျင်းပပါမည်။)**




ကေတုမတီ တောင်ငူမြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်ပွဲတော် ဖွင့်ပွဲအခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့မှုကို တွေ့ရစဉ်။



ကေတုမတီ တောင်ငူမြို့တည်နန်းတည် နှစ်(၅၀၀)ပြည့်ပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် ပါဝင်ဆင်နွှဲကြသည့် လှပျိုဖြူလေးများကို တွေ့ရစဉ်။

❖ *ကျောဖုံးမှ*

တို့ဖြင့် ပွဲထွက်ခဲ့သည်။ တောင်ကိုရီးယားအသင်းသည် ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားရာ မြန်မာအသင်းသည် ခံစစ်၌သာ အချိန်ကုန်ခဲ့သည်။ ၁၄ မိနစ်တွင် တောင်ကိုရီးယားအသင်း ဂိုးစရခဲ့ပြီး ဟီယိုးလ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ နှစ်မိနစ်အကြာတွင် တောင်ကိုရီးယားအသင်း ဒုတိယဂိုး ထပ်ရခဲ့ပြီး ယောင်ဂျင်က ပြစ်ဒဏ်ဘောကို တိုက်ရိုက်ကန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ပထမပိုင်းတွင် ကစားကွက်ပျက်နေသောကြောင့် တောင်ကိုရီးယားအသင်းကသာ ဖိကစားနိုင်ခဲ့ပြီး ၂၈ မိနစ်တွင် ဟီယိုးလ်က တတိယဂိုး သွင်းယူကာ ပထမပိုင်းပြီးကတည်းက သုံးဂိုးပြတ်အနိုင်ရနေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း တိုက်စစ်ဆင်မှုများ ပြုလုပ်နေသော်လည်း ပြိုင်ဘက်အသင်းကို ရှိန်နေသောကြောင့် စိတ်ကြိုက်တိုက်စစ်ဆင်နိုင်ခြင်းမရှိဘဲ ချေပဂိုးနှင့် လွဲချော်ခဲ့သည်။ တောင်ကိုရီးယားအသင်း ဂိုးထပ်ရနိုင်သည့် အခွင့်အရေးများရသော်လည်း မြန်မာဂိုးသမား ပြည့်ဖြိုးသူနှင့် နောက်ခံလူများ ဖျက်ထုတ်နိုင်ခဲ့သောကြောင့် ပထမပိုင်းရလဒ်အတိုင်း ပြီးဆုံးခဲ့ခြင်းဖြစ်သည်။

အုပ်စု (I) အခြားပွဲတွင် တရုတ်အသင်းက စင်ကာပူအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အုပ်စုဒုတိယနေ့အပြီးတွင် တောင်ကိုရီးယားနှင့် တရုတ်အသင်းက ခြောက်မှတ်စီရကာ ခြေစစ်ပွဲအောင်ရန် အပြိုင်ဖြစ်နေပြီး မြန်မာနှင့် စင်ကာပူအသင်းမှာ နှစ်ပွဲစလုံးရှုံးပြီး အမှတ်မရသေးပေ။ **ညီမြတ်သော်တာ**

# အများပြည်သူအလုပ်ပိတ်ရက် နေရပ်ပြန်များ၏ စကားသံများ


ဒေါ်စန္ဒာ


ဒေါ်သန္တာချို


ကိုဟိန်းကိုမြင့်


မဟန်နီလွင်


မဝါဝါလှိုင်


မောင်သာဘုန်းကျော်

**နေပြည်တော် နိုဝင်ဘာ ၈**

သာမညဖလအခါတော်နေ့ ဖြစ်သော တန်ဆောင်မုန်းလပြည့်နေ့နှင့် အဖိတ်နေ့များကို အများပြည်သူ အလုပ်ပိတ်ရက်အဖြစ် နိုင်ငံတော်အစိုးရက သတ်မှတ်ထားခဲ့ပြီး ယခုနှစ်တွင် နိုဝင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ နိုင်ငံတော်အစိုးရက ပိတ်ရက်အဖြစ် ပြင်ဆင်သတ်မှတ်ခဲ့သည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်သည် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ လာရောက်တာဝန်ထမ်းဆောင်နေကြသည့် နိုင်ငံ့ဝန်ထမ်းများ နေထိုင်ရာ မြို့တော်ဖြစ်သည်နှင့်အညီ ယခုကဲ့သို့ ရုံးပိတ်ရက်ရှည်ရရှိစဉ် မိမိတို့၏ ဇာတိမြေသို့ စိတ်လက်အေးချမ်းပျော်ရွှင်စွာ နေရပ်ပြန်ရန်အတွက် အဝေးပြေးကားဂိတ်များရှိရာသို့ ပျော်ရွှင်စွာရောက်ရှိလာကြသည့် နိုင်ငံ့ဝန်ထမ်းများ၏ စကားသံများကို ဖော်ပြလိုက်ရပါသည်။

**ဒေါ်စန္ဒာ (လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန)**

ရုံးပိတ်ရက်လေးရက် ဖြစ်တဲ့အတွက် ရန်ကုန်က မိသားစုဆီ ပြန်တာဖြစ်ပါတယ်။ ပုံမှန်ကတော့ နှစ်လတစ်ခါ ခွင့်ယူပြီး ပြန်ဖြစ်တယ်။ ပိတ်ရက်ကလည်း များတဲ့အတွက် အထူးတလည် ခွင့်ယူဖို့မလိုဘူး၊ သီတင်းကျွတ် ရုံးပိတ်ရက်တုန်းကလည်း ရန်ကုန်ကိုပဲ ပြန်ထားတဲ့အတွက် ထူးထူးခြားခြားသွားလာဖို့ မရှိပါဘူး။ မိသားစုတွေ ပေါင်းပြီး ကထိန်အလှူလုပ်ဖို့ ရှိပါတယ်။ တန်ဆောင်တိုင်မှာက ကထိန်ခင်း၊ အလှူလုပ်ဖြစ်တာများတယ်။ တန်ဆောင်တိုင်မှာ မိသားစုနဲ့ မဲဇလီဖူးသုပ်စားဖြစ်တာက အမှတ်တရပါပဲ။

**ဒေါ်သန္တာချို (မြန်မာ့စီးပွားရေးဘဏ်)**

ကျွန်မကပိတ်ရက်ရှည်အတွင်း ရန်ကုန်က မိသားစုဆီပြန်ဖြစ်တာပါ။ ကျွန်မတို့အိမ်က ကျောက်မြောင်း သတိပဋ္ဌာန်လမ်းမှာပါ။ တန်ဆောင်တိုင်ဆိုရင် ကျွန်မတို့လမ်းမှာ စတုဒိသာ အလှူပွဲရှိတဲ့အတွက် အဲဒီမှာပဲ တန်ဆောင်တိုင်ရောက်တိုင်း ပါဝင်ကုသိုလ်ယူဖြစ်ပါတယ်။ လမ်းမတစ်လျှောက်မှာ မီးထွန်းပွဲရှိတဲ့အတွက် မိသားစုနဲ့ ရပ်ကွက်နေပြည်သူတွေနဲ့အတူ မီးထွန်းပွဲမှာ ကုသိုလ်အတူတူလုပ်ဖြစ်ကြတယ်။ ဝန်ထမ်းတစ်ဦးအနေနဲ့ အခုလိုပိတ်ရက်ရှည်ရတဲ့အတွက် ဝမ်းသာပါတယ်။

**ကိုဟိန်းကိုမြင့် (အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန)**

ကျွန်တော်က စလင်းမြို့ကို ပြန်မှာပါ။ တန်ဆောင်တိုင်ပိတ်ရက်တိုင်း မိဘတွေဆီပြန်တယ်။ ငယ်သူငယ်ချင်းတွေနဲ့ ဆုံဖြစ်တယ်။ သီတင်းကျွတ်ပိတ်ရက်ရှည် တုန်းကလည်း ပြန်ဖြစ်ပါတယ်။ တန်ဆောင်တိုင်မှာတော့ သူငယ်ချင်းတွေနဲ့ လျှောက်လည်ဖြစ်တာက အမှတ်တရပါပဲ။ ပိတ်ရက်ရှည်ပိတ်ပေးတဲ့အတွက် ပျော်ပါတယ်။

**မဟန်နီလွင်**
**(ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**

တန်ဆောင်တိုင်ပိတ်ရက်မှာ မကွေးမှာရှိတဲ့ မိဘတွေဆီပြန်တာပါ။ မိဘတွေအိမ်မှာ ကထိန်အလှူပွဲရှိလို့ ကထိန်ကပ်ဖြစ်မယ်။ တန်ဆောင်တိုင်ဆိုတော့ အိမ်မှာ ဆီမီးပူဇော်မယ်။ နီးနီးနားနားကဘုရားတွေကို အပေါင်းအသင်းတွေနဲ့ ဘုရားသွားဖူးပြီး ဆီမီးကပ်လှူပူဇော်ဖြစ်မယ်။ အရင်နှစ် တန်ဆောင်တိုင်တုန်းက အင်းလေးနဲ့ တောင်ကြီးမီးပုံးပျံပွဲကို သူငယ်ချင်းတွေနဲ့ သွားဖြစ်လိုက်တယ်။ အမှတ်တရကတော့ တန်ဆောင်တိုင်ရောက်တိုင်း မိသားစုတွေနဲ့ ဘုရားသွားဖူးဖြစ်တာပါ။

**မဝါဝါလှိုင် (လွှတ်တော်ရုံး)**

အခု တန်ဆောင်တိုင်ပိတ်ရက်မှာ မကွေးက မိသားစုဆီပြန်တာ ဖြစ်ပါတယ်။ သီတင်းကျွတ် ပိတ်ရက်ရှည်တုန်းကလည်း ပြန်ဖြစ်တယ်။ ကျွန်မက အလုပ်ရတာမကြာသေးဘူး၊ မိသားစုနဲ့ ခွဲမနေဘူးတဲ့အတွက် အခုလိုပိတ်ရက်ရှည်မှာ မိသားစုဆီပြန်ဖြစ်တာပါ။ သူငယ်ချင်းတွေနဲ့ ဘုရားသွားပြီး ဆီမီးပူဇော်တာကတော့ အမှတ်ရစရာပါပဲ။ ကထိန်ပွဲသွားဖို့လည်းရှိတယ်။ ပိတ်ရက်ရှည်ရတဲ့အတွက် ဝမ်းသာပါတယ်။

**မမျိုးသီရိကျော်**
**(ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး)**

ကျွန်မက မကွေးကိုပြန်မှာပါ။ ဇာတိမြေပြန်ရောက်ရင် မိဘတွေနဲ့ ဆရာ ဆရာမတွေကို ကန်တော့ဖြစ်မယ်။ သူငယ်ချင်းတွေနဲ့ ဇာတိမြေမှာရှိတဲ့ ဘုရားတွေသွားပြီး ဆီမီးပူဇော်မယ်။ ညဘက်မှာ မဲဇလီဖူးသုပ်စားဖြစ်မယ်။ အရင်နှစ်က တန်ဆောင်တိုင်ပိတ်ရက်မှာ တောင်ကြီးမီးပုံးပျံပွဲသွားဖြစ်တယ်။ ပိတ်ရက်လေးရက်မှာ မိဘတွေဆီပြန်ခွင့်ရလို့ ဝမ်းသာပါတယ်။

**မောင်သာဘုန်းကျော်**
**(လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန)**

ကျွန်တော်က အခုတန်ဆောင်တိုင်ပိတ်ရက်မှာ မကွေးကအိမ်ကို ပြန်တာဖြစ်ပါတယ်။ တန်ဆောင်တိုင်ဆိုတော့ ပျော်ပွဲရွှင်ပွဲတွေကို သူငယ်ချင်းတွေနဲ့သွားမယ်။ မီးပုံးပျံလွှတ်ဖြစ်မယ်။ တခြားကတော့ သူငယ်ချင်းတွေနဲ့ မဲဇလီဖူးသုပ်စားဖြစ်မယ်။ နီးနီးနားနားက တန်ခိုးကြီးဘုရားတွေ သွားဖူးဖြစ်မယ်။ မိသားစုနဲ့အတူ ပြည်မြို့ကိုသွားပြီး တန်ခိုးကြီးဘုရားတွေကို လိုက်ဖူးဖြစ်မယ်။ အရင်နှစ်တန်ဆောင်တိုင်က နေပြည်တော်မှာပဲ၊ ဘယ်မှမသွားဖြစ်ဘူး။ အခုတန်ဆောင်တိုင်က ပိတ်ရက်ရှည်ဖြစ်တဲ့အတွက် သွားတာပါ။

**ဟန်လင်းနိုင်၊ မိုက်ကယ်ထန်း၊ ဟိန်းမင်းစိုး**


နေပြည်တော် မြို့မဈေးကားကွင်း။

*○ ကျောဖုံးမှ*

သင်္ဘောတွေကို ကမ်းကနေ မထွက်ခွာဖို့အတွက် အသိပေးထားပါတယ်။ ခရီးသည်တွေ အန္တရာယ်ကင်းရှင်းဖို့နဲ့ ဘေးကင်းလုံခြုံဖို့အတွက် ဝန်ထမ်းတွေက အနီးကပ်စောင့်ကြည့်ပြီး ဆောင်ရွက်ပေးလျက်ရှိပါတယ်”ဟု ပြောသည်။

ထို့အတူ ရန်ကုန်မြစ်အတွင်း ပြေးဆွဲပေးလျက်ရှိသော စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၁ ဆိပ်ရှိ တာဝန်ရှိသူများကို မုန်တိုင်းသတိပေးချက်နှင့် ပတ်သက်၍ အသိပေးပြောကြားထားကြောင်း သိရသည်။

“ရာသီဥတု ဖောက်ပြန်တဲ့အခါမျိုး၊ မုန်တိုင်းရှိတဲ့အချိန်မျိုးမှာ မြစ်တွင်းသွားလာနေတဲ့ စက်တပ်သမ္ဗန် မောင်းနှင်သူတွေအားလုံးကို မထွက်ကြဖို့ နိုဝင်ဘာ ၄ ရက်က ဆိပ်ကမ်း အစည်းအဝေးမှာ ညွှန်ကြားထားခဲ့ပြီး ဖြစ်ပါတယ်။ စည်းကမ်းလိုက်နာကြဖို့နဲ့ အသက်ကယ်အင်္ကျီ တပ်ဆင်ထားရှိဖို့ကို ပြောထားတယ်။ စည်းကမ်းမလိုက်နာရင် ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမှာပါ။ စည်းကမ်းမလိုက်နာလို့ အရေးယူထားတာတွေလည်းရှိတယ်” ဟု မြို့နယ်စက်တပ်ရေယာဉ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ငြိမ်းက ပြောသည်။

ဒလမြို့နယ်၌ ရန်ကုန်မြစ်အတွင်း ပြေးဆွဲနေသော စက်တပ်သမ္ဗန်ကူးတို့ဆိပ် ၁၁ ဆိပ်၌ စက်တပ်သမ္ဗန် ၄၈၄ စင်း၊ လက်ခပ်သမ္ဗန်အစင်း ၂၀ ရှိကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း “ဘာဘုဘယ်”၏ အရှိန်ကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ မိုးထစ်ချုန်းရွာခြင်းနှင့် နေရာကွက်၍မိုးကြီးခြင်း၊ မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်ကြောင်း၊ ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုနေထိုင်ကြရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက ကြိုတင်သတိပြုနိုင်ကြရန် အသိပေး နှိုးဆော်ထားကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**

*● ကျောဖုံးမှ*

MYM Cup ပြိုင်ပွဲကို ၂၀၁၃ ခုနှစ် ၌ ရန်ကုန်မြို့ရှိ Royal Mingalardon Golf & Country Club ၌ ကျင်းပသည့် ပထမအကြိမ်တွင် ရင်လုံအသင်းက လည်းကောင်း၊ ၂၀၁၄ ခုနှစ်၌ မန္တလေးမြို့ ရွှေစာရံဂေါက်ကွင်း၌ ကျင်းပသည့် ဒုတိယအကြိမ်တွင် မန်းစီးတီးအသင်းက လည်းကောင်း၊ ၂၀၁၅ ခုနှစ်၌ ရန်ကုန်မြို့ ရန်ကုန်ဂေါက်ကလပ်၌ ကျင်းပသည့် တတိယအကြိမ်တွင် ရင်လုံအသင်းက လည်းကောင်း၊ ၂၀၁၆ ခုနှစ်၌ မန္တလေးမြို့ ရွှေမန်းတောင်ဂေါက်ကွင်း၌ ကျင်းပသည့် စတုတ္ထအကြိမ်တွင် ရင်လုံအသင်းက လည်းကောင်း၊ ၂၀၁၇ ခုနှစ်၌ ပုဂံဂေါက်ကွင်း၌ ကျင်းပသည့် ပဉ္စမအကြိမ်ပြိုင်ပွဲတွင် မန်းစီးတီးအသင်းက လည်းကောင်း အနိုင်ရဗိုလ်စွဲခဲ့သည်။

**ဖိုးသော်ဇင်**




မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်၊ မန်းစီးတီးဂေါက်သီးရိုက်အသင်း၊ ရင်လုံဂေါက်သီးရိုက်အသင်းတို့မှ တာဝန်ရှိသူများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။
ဓာတ်ပုံ-ဂေါက်သီးအဖွဲ့ချုပ်

# ဂျပန်နိုင်ငံ ယဉ်ကျေးမှုဆိုင်ရာ အေဂျင်စီမှ ကော်မရှင်နာဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် ဖလင်ပိဋကတ်တိုက်အား သွားရောက်ကြည့်ရှုလေ့လာ

**ရန်ကုန် နိုဝင်ဘာ ၈**

ဂျပန်နိုင်ငံ ယဉ်ကျေးမှုဆိုင်ရာအေဂျင်စီမှ ကော်မရှင်နာ မစ္စတာ မီရတကိုဟေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားအမှတ်(၅၀)ရှိ ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာနှင့် ဗဟန်းမြို့နယ် သာသနာ့ရိပ်သာလမ်း အမှတ်(၃၅/အေ) ရှိ ဖလင်ပိဋကတ်တိုက်သို့ လာရောက်ကြည့်ရှု လေ့လာသည်။

အဆိုပါ ဂျပန်နိုင်ငံမှ ကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲ ၂ နာရီတွင် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာသို့ ရောက်ရှိပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာ ဥက္ကဋ္ဌ၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင် ဦးဆောင်သော ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာအဖွဲ့နှင့် တွေ့ဆုံပြီး ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာကို အတတ်ပညာနှင့်အသိပညာများ သင်ကြားလေ့ကျင့်ပေးရန်၊ ရုပ်ရှင်လောကသားအချင်းချင်း ဆွေးနွေးအကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် မျိုးဆက်သစ်၊ မျိုးဆက်ဟောင်းများ အပြန်အလှန် ပေါင်းကူးဆက်သွယ် ဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းထားရှိမှု၊ ၎င်းတွင် သင်တန်းနှင့် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနေမှု၊ ရုပ်ရှင်ဇာတ်ကားများ ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းများ ပြုလုပ်နေမှု၊ စတူဒီယိုသုံးခု ပြုပြင်မွမ်းမံပြီး ရုပ်ရှင်ဇာတ်ကားများ ရိုက်ကူးနိုင်ရေး အတွက် စီစဉ်ဆောင်ရွက်ပေးနေမှုတို့ကို ဆွေးနွေးသည်။

ထို့ပြင် ဂျပန်ရုပ်ရှင်ပွဲတော်ကို ယခုနှစ် ဒီဇင်ဘာလနှင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအတွင်း နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တို့တွင် လည်းကောင်း၊ မြန်မာ-ဂျပန် ၇၀ ပြည့် ဂဠုန်ဝင် ရုပ်ရှင်ပွဲတော်ကို ၂၀၂၀ ပြည့်နှစ် မတ်လတွင် ရန်ကုန်မြို့၌ လည်းကောင်း ကျင်းပရန် စီစဉ်ဆောင်ရွက်နေမှု၊ ဖလင်ပိဋကတ်တိုက်တွင် အဖြူ/အမည်းနှင့် ဆေးရောင်စုံ ရုပ်ရှင်ဇာတ်ကားများ၊ သတင်းမှတ်တမ်းကားများနှင့် DCP တို့ ထိန်းသိမ်းထားရှိမှု၊ Save Myanmar Film နှင့် ပူးပေါင်း၍ ဖလင်များ ထိန်းသိမ်းရေး ဆောင်ရွက်မှုနှင့် နည်းပညာ လိုအပ်ချက်များအား ဆွေးနွေးကြသည်။

ထို့နောက် ဂျပန်နိုင်ငံကော်မရှင်နာ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာတွင် ပြင်ဆင်ဆောင်ရွက်ထားရှိမှုနှင့် ဖလင်ပိဋကတ်တိုက်တွင် ဖလင်များထိန်းသိမ်းထားရှိမှုတို့ကို ကြည့်ရှုလေ့လာကြသည်။



ဂျပန်နိုင်ငံ ယဉ်ကျေးမှုဆိုင်ရာအေဂျင်စီမှ ကော်မရှင်နာ မစ္စတာ မီရတကိုဟေ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် ရုပ်ရှင်ဖွံ့ဖြိုးတိုးတက်ရေးစင်တာအဖွဲ့တို့ ဆွေးနွေးစဉ်။

ဂျပန်နိုင်ငံ ယဉ်ကျေးမှုဆိုင်ရာ အေဂျင်စီသည် ဂျပန်နိုင်ငံ၏ ပညာရေး၊ ယဉ်ကျေးမှု၊ အားကစား၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနလက်အောက်ရှိ အထူးအဖွဲ့အစည်း တစ်ခုဖြစ်သည်။ အနုပညာနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းမြှင့်တင်ရန်၊ ဂျပန်နိုင်ငံနှင့် နိုင်ငံတကာ သတင်းအချက်အလက်များဖြန့်ချိရန် အဓိကထားဆောင်ရွက်နေပြီး ၎င်းအေဂျင်စီသည် လူငယ်အနုပညာရှင်များကို အထူးဆုများ ချီးမြှင့်ခြင်း၊ သမိုင်းဝင်နေရာများနှင့် အနုပညာအမျိုးသားပြတိုက်များကို အကာအကွယ်ပေးခြင်းနှင့် ရန်ပုံငွေ ထောက်ပံ့ပေးခြင်းများ ဆောင်ရွက်လျက်ရှိသော အဖွဲ့အစည်းတစ်ခု ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရုပ်မြင်သံကြား

၉-၁၁-၂၀၁၉ (စနေနေ့)

**နံနက်ပိုင်း**

၆:၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇:၀၀ - Breakfast News
၈:၃၅ - "ဒေါက်တာအဲ(န်)နာရွှေလွမ်း(ချင်းလူနည်းစု)(ဖိုဖေး) ချင်းမျိုးနွယ်စုဝင်နှင့် တွေ့ဆုံမေးမြန်းခန်း"
၁၀:၃၀ - "ပါမောက္ခဒေါက်တာ အောင်ထွန်းသက် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်အဖွဲ့ဝင် UEHRD ညှိနှိုင်းရေးမှူးချုပ်နှင့် တွေ့ဆုံမေးမြန်း ခန်း"
၁၀:၄၀ - မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန် အချက်များ
၁၄:၅၅ - "ရှန်းကန်လှူပ်ရှားဘဝများ" (၁၂ ပွဲဈေးသည်)
၁၅:၀၅ - "လမြတ်တန်ဆောင်ရဲ့ ကုသိုလ်ပွဲတော်"
၁၅:၄၀ - "တူစုံနွဲ့ပျော် တောင်ကြီး တန်ဆောင်တိုင်ပွဲတော်"

**ညပိုင်း**

၁၆:၂၀ - "ဒေါက်တာရှောင်တန်နယ်(လ်) (စီးပွားရေးဆိုင်ရာအကြံ ပေးပုဂ္ဂိုလ်နှင့်တွေ့ဆုံခြင်း)" (အပိုင်း-၁)
၁၇:၀၅ - "ဒေါက်တာရှောင်တန်နယ်(လ်) (စီးပွားရေးဆိုင်ရာအကြံပေးပုဂ္ဂိုလ်နှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)
၁၈:၃၀ - MRTV Travelogue
၁၉:၂၅ - နိုင်ငံခြားဇာတ်လမ်းတွဲ "အိမ်ကြီးရှင်သခင်မ" (အပိုင်း-၂၉)
၂၀:၀၀ - ပြည်တွင်းသတင်း
၂၀:၃၅ - "အစဉ်ငြိမ်းချမ်းစေမည် ထာဝရ ငြိမ်းချမ်းရေးစေတီ"
- ဟိုးတုန်းက... ရေဒီယိုအသံလွှင့်ဇာတ်လမ်းများ "ချစ်ပုံပြင် အမှတ် ၃၀၂" (သာဒိုးအောင်၊ အေးသီရိထွန်း၊ ဘလိတ်၊ ပြည့်ဖြိုးမင်း) ဒါရိုက်တာ-သီတာလင်း (Laurel Art Academy)

## ခလရ (၇၅) မိသားစုများ ဒုတိယအကြိမ်တွေ့ဆုံပွဲ ပြုလုပ်မည်

**ရန်ကုန် နိုဝင်ဘာ ၈**

အမှတ် (၇၅) ခြေလျင်တပ်ရင်း (ပြည်မြို့) တွင် တာဝန်ထမ်းဆောင်ခဲ့သော တပ်ဖွဲ့ဝင် စစ်သည် / စစ်သည်ဟောင်းများနှင့် မိသားစုဝင်များ၏ ဒုတိယအကြိမ် တွေ့ဆုံပွဲကို ဒီဇင်ဘာ ၁ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ဝေဇယန္တာလမ်းနှင့် ပါရမီလမ်းထောင့်ရှိ နန်းထိုက်တော်ဝင်ခန်းမ၌ ပြုလုပ်မည်ဖြစ်ရာ အားလုံးစုံလင်စွာ တက်ရောက်နိုင်ကြရန် ဖိတ်ကြားထားသည်။

အလှူငွေများ ထည့်ဝင်လိုပါက TOE AUNG MYINT (KHA – LA – YA 75) 100160000007498 သို့ ထည့်ဝင်နိုင်ကြပြီး ဗိုလ်ကြီးမင်းဆွေ (ငြိမ်း) ဖုန်း ၀၉၆၉၆၉၁၀၅၇၇၊ ဗိုလ်မှူးအောင်စိုးလင်း (ငြိမ်း) ဖုန်း ၀၉-၂၅၆၈၀၉၅၆၁ ၊ ဗိုလ်မှူးစိုးတင့် (ငြိမ်း) ဖုန်း ၀၉၅၂၀၁၁၁၁၊ ဒုမှူးကြီးဝင်းနောင် (ငြိမ်း) ဖုန်း ၀၉-၂၆၄၅၄၈၄၄၉၊ ဒုမှူးကြီးလှတင့် (ငြိမ်း) ဖုန်း ၀၉-၄၂၀၁၉၀၂၂၂ ၊ ဗိုလ်ကြီးတိုးအောင်မြင့် (ငြိမ်း) ဖုန်း ၀၉-၄၃၁၁၇၇၀၄ တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်

**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။

ယနေ့မြန်မာစံတော်ချိန် ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အနောက်အလယ်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "ဘာဘ်ဘယ်" သည် မြောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး အိန္ဒိယနိုင်ငံ ပါရာဒစ်ပ် မြို့(ဩရိဿ)၏ တောင်-အရှေ့တောင်ဘက် ရေမိုင်၁၉၅ မိုင်ခန့်၊ စာဂါကျွန်း (အနောက်ဘင်္ဂလားပြည်နယ်)၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၂၇၀ ခန့်၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ခီပူပါရာမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၃၂၀ ခန့်၊ မြန်မာနိုင်ငံ စစ်တွေမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၅၀ ခန့်နှင့် မောင်တောမြို့၏ အနောက်တောင်ဘက် ရေမိုင် ၃၅၀ ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေပါသည်။ ဘင်္ဂလားပင်လယ်အော်အနောက်တောင် ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်ထူထပ်နေသည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၅၅ မိုင်မှ မိုင် ၆၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်မှ လှိုင်းကြီးမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၅ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခုနစ်ပေမှ ကိုးပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## ပြင်ဆင်ဖတ်ရှုပါရန်

၂၆-၁၀-၂၀၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၁၃)ပါ ဝန်းသို၊ ဖောင်းပြင်၊ ပြင်ဦးလွင်နှင့် တာချီလိတ်မြို့နယ်တို့တွင် မူးယစ် ဆေးဝါးများ ဖမ်းဆီးရမိသတင်းတွင် ဝန်းသိုမြို့နယ် ပန်းတိန်ကုန်းကျေးရွာအုပ်စု အောက်တောကျေးရွာနေ ခင်အောင်အစား ဝန်းသိုမြို့နယ် မက္ကလက် ကျေးရွာအုပ်စု ဝန်းသို-ဂျိုးတောင် ကားလမ်းဘေးနေအိမ်မှ ခင်အောင်ဟု ပြင်ဆင်ဖတ်ရှုပေးပါရန်။

**စာတည်းအဖွဲ့**

## စနေ၊ တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း စာပေချစ်သူများအတွက် အစီအစဉ်ကောင်းများစွာဖြင့် ကျင်းပလျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၈**

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေဖွံ့ဖြိုး တိုးတက်ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီတို့၏ ပံ့ပိုးကူညီမှုနှင့်အတူ စာအုပ်ဆိုင်ခန်းပေါင်း ၈၀ ခန့်ဖြင့် အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သိမ်ဖြူလမ်းတွင် ရန်ကုန်စာအုပ်လမ်း ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည်။

ရန်ကုန်စာအုပ်လမ်း၏ အပတ်စဉ်အစီအစဉ်အဖြစ် ၁၀-၁၁-၂၀၁၉ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ဆရာမဒေါ်ဒေဝီသန့်စင်၏ "သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မီးနှင့်ရေ နှိုင်းယှဉ်သုံးစွဲမှု" ခေါင်းစဉ်ဖြင့် စာပေဟောပြောပွဲအစီအစဉ်၊ မွန်းလွဲ ၃ နာရီတွင် စိတ်ကူးချိုချိုစာအုပ်တိုက်မှ ထုတ်ဝေသည့် နာမည်ကြီး စာအုပ်ကောင်းများကို ထိုက်တန်စွာ လက်ဆောင်ပေးမည့် "မေးကြည့်ဖြေကြည့် ပဟေဠိ" အစီအစဉ်တို့ကို ထည့်သွင်းပြုလုပ်မည်ဖြစ်ရာ စာပေချစ်မြတ်နိုးသူများ လာရောက်လေ့လာဖြေဆို၊ ဝယ်ယူနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

## သပိတ်ကျင်း ၊ တာချီလိတ် မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် နိုဝင်ဘာ ၈**

မူးယစ်တပ်ဖွဲ့စု(၁၆)ပြင်ဦးလွင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၇ ရက် ညပိုင်းက သပိတ်ကျင်း မြို့နယ် တောင်လယ်ကျေးရွာအနီး မိုးမိတ်-တွင်းငယ်သွား ကားလမ်းတွင် ဖိုးဇော်မောင်းနှင်လာသည့် ဆိုင်ကယ်နှင့် ဇော်ထက်အောင်(ခ)ကျီးဖြူ မောင်းနှင်ပြီး ချစ်ယုံလိုက်ပါလာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၁၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ ညပိုင်းတွင် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု တာချီ လိတ်-မိုင်းဆတ်သွားကားလမ်း ပုန်းထွန်ကားဂိတ် အနီးတွင် ဖီလူ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အီရန်နိုင်ငံတွင် ငလျင်လှုပ်မှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး ၁၂၀ ဒဏ်ရာရ

**တီဟီရန် နိုဝင်ဘာ ၈**


အီရန်နိုင်ငံ အနောက်မြောက်ပိုင်းတွင် နိုဝင်ဘာ ၈ ရက် အစောပိုင်းက ငလျင်လှုပ်ခဲ့သောကြောင့် လူငါးဦးသေဆုံးခဲ့ပြီး ၁၂၀ ဒဏ်ရာရရှိခဲ့ကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားသတင်းတစ်ခုတွင် ဖော်ပြခဲ့သည်။

အီရန် အနောက်မြောက်ပိုင်း အရှေ့အဇာဘိုင်ဂျန်ပြည်နယ် မြို့တစ်မြို့ဖြစ်သည့် တာဘရစ်ဇ်၏ အရှေ့တောင်ပိုင်း ၁၂၀ ကီလိုမီတာ (၇၅ မိုင်) အကွာကို ဗဟိုပြုပြီး ပြင်းအား ၅ ဒသမ ၉ အဆင့်ရှိ ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း အီရန်ငလျင်တိုင်းတာရေးဌာနက ပြောကြားလိုက်သည်။

အဆိုပါ ငလျင်လှုပ်ပြီးနောက် ငလျင်ငယ်ပေါင်း ငါးကြိမ်ထက်မနည်း လှုပ်ခဲ့ကြောင်းနှင့် ငလျင်လှုပ်ချိန်တွင် လူများ အိပ်ပျော်နေသောကြောင့် သေဆုံးဒဏ်ရာရရှိမှု များပြားခြင်းဖြစ်ကြောင်း သိရသည်။ ငလျင်ကြောင့် အိမ်ခြေ ၃၀ ခန့်ပျက်စီးခဲ့ကြောင်း ဒေသတွင်းမီဒီယာသို့ ပြည်နယ်အုပ်ချုပ်ရေးမှူး မိုဟာမက်ရီဇာက ပြောသည်။

ကယ်ဆယ်ရေး လုပ်ငန်းများကို ကျေးရွာပေါင်း ၄၁ ရွာတွင် လုပ်ဆောင်နေကြောင်း သိရသည်။ အမေရိကန်ဘူမိဗေဒတိုင်းတာရေးက သေဆုံးမှုများ ထပ်မံဖြစ်ပေါ်နိုင်ခြေရှိကြောင်းနှင့် ငလျင်ဘေးကို ပိုမိုခံစားရနိုင်ခြေရှိကြောင်း ပြောကြားသည်။

အီရန်နိုင်ငံသည် အဓိကငလျင်လှုပ်သည့် နေရာနှစ်ခုတွင် တည်ရှိနေပြီး မကြာခဏငလျင်ဒဏ်ခံနေရကြောင်း သိရသည်။ အီရန်နိုင်ငံသည် မကြာသေးမီ ဆယ်စုနှစ်များကလည်း သဘာဝဘေးအန္တရာယ်ကို ခံစားခဲ့ရကြောင်း သိရသည်။ **အေအက်ဖ်ပီ**




ငလျင်လှုပ်ခဲ့သည့်နေရာအား ကိုယ်စားပြုမြေပုံဖြင့် ဖော်ပြထားသည်ကို တွေ့ရစဉ်။

# ကျူးဘားအပေါ် အမေရိကန်ချမှတ်ထားသည့် ဒဏ်ခတ်ပိတ်ဆို့မှုများ ရုပ်သိမ်းရန် ကုလအဖွဲ့ဝင်နိုင်ငံများ ထောက်ခံ

**ဂျီနီဗာ နိုဝင်ဘာ ၈**

ကျူးဘားနိုင်ငံအပေါ် အမေရိကန် ချမှတ်ထားသည့် ဒဏ်ခတ်အရေးယူမှုများသည် ကျူးဘားနိုင်ငံ၏ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအတားအဆီးဖြစ်နေသည့်အတွက် ယင်းကို ပြန်လည်ရုပ်သိမ်းပေးရန် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံအားလုံးက ယမန်နေ့က တညီတညွတ်တည်း ထောက်ခံလိုက်ကြောင်း သတင်းရရှိသည်။



အဖွဲ့ဝင်နိုင်ငံအလံများ စိုက်ထူထားသည့် ကုလသမဂ္ဂရုံးကို အပြင်ဘက်မှ တွေ့ရစဉ်။

ကျူးဘားနိုင်ငံအပေါ် အမေရိကန်နိုင်ငံက စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ဒဏ်ခတ်အရေးယူမှုများ ချမှတ်ခဲ့သည်မှာ ဆယ်စုနှစ် အတော်ကြာပြီဖြစ်ကြောင်း သိရသည်။

ကျူးဘားအပေါ် ဒဏ်ခတ်အရေးယူမှုများ ရုပ်သိမ်းပေးရန် ကုလသမဂ္ဂအထွေထွေညီလာခံက ထောက်ခံမဲ ၁၈၇ မဲ၊ ကန့်ကွက်မဲ သုံးမဲနှင့် ဆုံးဖြတ်ခဲ့သည်။ ယခုတင်သွင်းလိုက်သည့် အဆိုကို ဘရာဇီးနိုင်ငံ၊ အမေရိကန်နှင့် အစ္စရေးနိုင်ငံတို့က ကန့်ကွက်မဲ ပေးခဲ့သည်။ ယူကရိန်းနိုင်ငံနှင့် ကိုလံဘီယာနိုင်ငံတို့က မဲမပေးဘဲ ကြားနေနိုင်ငံအဖြစ် နေခဲ့သည်။

စစ်အေးကာလအတွင်း အမေရိကန်နိုင်ငံက ကျူးဘားအပေါ် ချမှတ်ခဲ့သည့် ဒဏ်ခတ်အရေးယူမှုများကို ရုပ်သိမ်းပေးရန်လွန်ခဲ့သည့် ၂၈ နှစ်တာကာလပတ်လုံး ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

**အေအက်ဖ်ပီ**

# အမေရိကန်နှင့် တောင်ကိုရီးယားတို့ လေကြောင်းပူးတွဲလေ့ကျင့်မှု ပြုလုပ်မည်

**ဆိုးလ် နိုဝင်ဘာ ၈**

မြောက်ကိုရီးယားဘက်မှ အပြင်းအထန်ဆန့်ကျင်နေသော်လည်း အမေရိကန်နှင့် တောင်ကိုရီးယားလေတပ်များ ပူးပေါင်းကာ စစ်ရေးလေ့ကျင့်မှု ပြုလုပ်မည်ဟု အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနက ပြောသည်။

ပူးပေါင်းစစ်ရေးလေ့ကျင့်မှု ဒုတိယညွှန်ကြားရေးမှူးဖြစ်သည့် ရေတပ်ဗိုလ်ချုပ်ကြီး ဝီလီယမ်ဘန်းက နိုဝင်ဘာ ၇ ရက် ပင်တဂွန်၌ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ကြေညာခဲ့သည်။

နှစ်စဉ် ဒီဇင်ဘာလအတွင်း ပြုလုပ်နေကြဖြစ်သည့် စစ်ရေးလေ့ကျင့်မှုကို ယခင်က ပြုလုပ်ခဲ့ရာ၌ အမေရိကန်နှင့် တောင်ကိုရီးယားလေယာဉ်များစွာ ပါဝင်ခဲ့သည်။ သို့သော် ပြီးခဲ့သည့်နှစ်ကမူ အမေရိကန်နှင့် မြောက်ကိုရီးယားတို့၏ နျူကလီးယားလက်နက်ကင်းစင်ရေး ဆွေးနွေးပွဲပြုလုပ်မှုကို အထောက်အကူပြုစေရန် ရည်ရွယ်၍ စစ်ရေးလေ့ကျင့်မှုကို ဆိုင်းငံ့ထားခဲ့သည်။

ယခုနှစ်တွင်မူ စစ်ရေးလေ့ကျင့်မှုကို ပြန်လည်စတင်မည်ဖြစ်ပြီး အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များသည်လည်း စစ်ရေးလေ့ကျင့်မှုအတွက် အဆင်သင့်ဖြစ်နေကြပြီဟု ၎င်းက ပြောကြားခဲ့သည်။

အမေရိကန်နှင့် မြောက်ကိုရီးယားတို့အကြား ဆွေးနွေးမှုများမှာ အပြီးမသတ်နိုင်သေးဘဲ မြောက်ကိုရီးယား၏ စိတ်ရှည်သည်းခံမှုမှာ ကုန်ဆုံးလုနီးနီးရှိလာပြီဟု နိုဝင်ဘာ ၆ ရက်က ကြေညာခဲ့သည်။ အမေရိကန်နှင့် တောင်ကိုရီးယားတို့၏ စစ်ရေးလေ့ကျင့်မှုမှာ ပမာဏများစွာ လျှော့ချထားသော်လည်း မြောက်ကိုရီးယားနှင့် အဆင်မပြေဖြစ်ရန် လောင်စာလည်း ဖြစ်သွားနိုင်သည်။

**အင်န်အိတ်ချ်ကေ**

# မြောက်ကိုရီးယားဘက်မှ လူသတ်သမားဟုယူဆရသူကို တောင်ကိုရီးယားက နယ်နှင်ဒဏ်ပေး

**ဆိုးလ် နိုဝင်ဘာ ၈**

ဂျပန်ပင်လယ်ပြင်အတွင်း မြောက်ကိုရီးယားငါးဖမ်းလှေမှ လူပေါင်း ၁၆ ဦးကို သတ်ခဲ့သူဟု ယူဆရသည့် ငါးဖမ်းသမားနှစ်ဦးကို တောင်ကိုရီးယားဘက်မှ နယ်နှင်ဒဏ်ပေးလိုက်ကြောင်း သိရသည်။ အဆိုပါအမျိုးသားနှစ်ဦးစလုံးသည် အသက် ၂၀ ဝန်းကျင်များဖြစ်ပြီး နိုဝင်ဘာ ၇ ရက်တွင် မြောက်ကိုရီးယားဘက်သို့ ပြန်၍ နယ်နှင်ဒဏ် ပေးလိုက်ခြင်းဖြစ်ကြောင်း ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာနမှ အရာရှိများက ပြောသည်။

ကိုရီးယားစစ်ပွဲပြီးနောက် ပြည်ပြေးများကို ခိုလှုံခွင့်လက်ခံသည့်မူဝါဒရှိသော်ငြားလည်း ယခုအကြိမ်သည် ပထမဦးဆုံးအကြိမ်အဖြစ် မြောက်ကိုရီးယားနှစ်ဦးကို တောင်ကိုရီးယားဘက်မှ နယ်နှင်ဒဏ်ပေးလိုက်ခြင်းဖြစ်သည်။ အဆိုပါလူနှစ်ဦးမှာ ရက်စက်လှသည့် ရာဇဝတ်သားများ ဖြစ်သောကြောင့် သာ ဒုက္ခသည်အဖြစ် အသိအမှတ်မပြုနိုင်ဘဲ နှင်ထုတ်ရန် ဆုံးဖြတ်ချက်ချခဲ့ရခြင်း ဖြစ်ကြောင်း ပြန်လည်ပေါင်းစည်းရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောသည်။ အဆိုပါလူနှစ်ဦးသည် တောင်ကိုရီးယားပြည်သူများ၏ လုံခြုံရေးကို ခြိမ်းခြောက်နိုင်သည့်အတွက် ယခုလို ဆုံးဖြတ်လိုက်ရခြင်းဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါလူနှစ်ဦးသည် နောက်ထပ် ငါးဖမ်းသမားတစ်ဦးနှင့်အတူ ရေယာဉ်မှူးနှင့် သင်္ဘောအမှုထမ်းများကို သတ်ပစ်ခဲ့သည်ဟု ယူဆရသည်။ လူသတ်မှုကို သုံးဦးပေါင်းကာ ကျူးလွန်ခဲ့သော်လည်း တစ်ဦးမှာ မြောက်ကိုရီးယားတွင် ဖမ်းဆီးခံရပြီး ၎င်းတို့နှစ်ဦးသာ တောင်ကိုရီးယားဘက်သို့ ထွက်ပြေးလာခဲ့သည်ဟု စုံစမ်းစစ်ဆေးသူများက ပြောသည်။ သင်္ဘောရေယာဉ်မှူး၏ နှိပ်စက်မှုကို မခံနိုင်သဖြင့် ၎င်းတို့က ဒေါသထွက်ခဲ့ကြောင်း တောင်ကိုရီးယား စုံစမ်းစစ်ဆေးရေး အေဂျင်စီက ပြောသည်။ သေဆုံးသူများ၏ အလောင်းများမှာ သင်္ဘောအတွင်း ကျန်ရစ်ခဲ့ခြင်းမရှိဟု ၎င်းတို့က ပြောကြသည်။

**အင်န်အိတ်ချ်ကေ**



ရေယာဉ်မှူးနှင့် သင်္ဘောသားများ အသတ်ခံခဲ့ရသည့် ငါးဖမ်းသင်္ဘောကို တွေ့ရစဉ်။

# ဆီးနှင်းများ ထူထပ်စွာကျဆင်းမှုကြောင့် အိန္ဒိယတို့ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားတွင် လူခုနစ်ဦးသေဆုံး

**ကက်ရှ်မီးယား နိုဝင်ဘာ ၈**

အိန္ဒိယတို့ထိန်းချုပ်ထားသည့် ကက်ရှ်မီးယားဒေသတွင် ဆီးနှင်းများ ထူထပ်သည်းထန်စွာကျဆင်းမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦးအပါအဝင် လူခုနစ်ဦး သေဆုံးခဲ့ရကြောင်း၊ လူပေါင်းများစွာလည်း ဒဏ်ရာရရှိခဲ့ကြောင်း နိုဝင်ဘာ ၈ ရက်တွင် အာဏာပိုင်များက ပြောကြားခဲ့သည်။

နိုဝင်ဘာ ၆ ရက်နေ့မှစတင်ကာ ဆီးနှင်းများ ထူထပ်စွာကျဆင်းလာပြီး နိုဝင်ဘာ ၇ ရက်အထိ အဆက်မပြတ် ကျဆင်းခဲ့သည်။ ထို့ကြောင့် အဆိုပါဒေသတွင် လျှပ်စစ်ဓာတ်အားပြတ်တောက်မှုများ ဖြစ်ပေါ်ခဲ့ကြောင်းလည်း သိရသည်။ ဆီးနှင်းနှင့်ဆက်စပ်မှုရှိသည့် မတော်တဆဖြစ်ရပ်များကြောင့် ပြီးခဲ့သည့် ၂၄ နာရီအတွင်း လူ ခုနစ်ဦးသေဆုံးခဲ့ရသည်ဟု ဒေသခံအစိုးရအရာရှိများက ပြောသည်။

အဆိုပါဒေသတစ်လွှားတွင် သစ်ပင်နှင့် လျှပ်စစ်ဓာတ်တိုင်များ ရာနှင့်ချီ၍ ပျက်စီးခဲ့ရသည်။ နှင်းများစုပုံလာမှုကြောင့် ခရိုင်တွင်း သွားလမ်းများနှင့် အဓိကလမ်းမကြီးကို ပိတ်ဆို့သွားစေခဲ့သည်။ နှင်းများ အဆမတန်ကျဆင်းနေမှုကြောင့် တောင်ပေါ်မှ နှင်းခဲထုလျှောကျခြင်းများလည်း ဖြစ်ပေါ်ခဲ့သည်။

ယခုအခါ လူအား၊ စက်အားကို အသုံးပြုကာ လမ်းမများပေါ်မှ ပိတ်ဆို့နေသော နှင်းများ၊ သစ်ပင်အကျိုးများကို ဖယ်ရှားရန် ကြိုးပမ်းနေကြသည်ဟု အာဏာပိုင်များက ပြောသည်။

**ဆင်ဟွာ**

## နိုင်ငံတကာ သတင်းတိုထွာ

### ဩစတြေးလျတောမီးကြောင့် နယူးဆောက်ဝေးပြည်နယ်တွင် အရေးပေါ်အခြေအနေကြေညာထားရ

ကန်ဘာရာ နိုဝင်ဘာ ၈

ဩစတြေးလျနိုင်ငံတွင် မကြုံစဖူး တောမီးလောင်မှုနှင့် ကြုံတွေ့နေရသည့်အတွက် နယူးဆောက်ဝေးပြည်နယ်ကို ခြိမ်းခြောက်လျက်ရှိကြောင်း ဩစတြေးလျအာဏာပိုင်များက ပြောသည်။

နိုဝင်ဘာ ၈ ရက်က ပြည်နယ်တစ်လွှား တောမီးလောင်မှုပေါင်း ၉၀ ကျော် ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။ လေပြင်းများ တိုက်ခတ်မှုကြောင့်လည်း တောမီးကို ပိုမိုအားကောင်းစေကာ တောမီးလောင်မှုအများစုမှာ မိုးခေါင်မှုခံစားခဲ့ရသည့် နေရာများတွင်ဖြစ်ကြောင်း သိရသည်။ အချို့သောနေရာများတွင် နေအိမ်အတွင်း လူများ ပိတ်မိနေကြသည်ဟု သတင်းပို့မှုများလည်း ရှိသည်။ မီးတောက်အားကောင်းနေ၍ မီးသတ်သမားများ သွားရောက်ရန် မလွယ်ကူသည့် နေရာတွင် ပိတ်မိနေကြခြင်းလည်း ဖြစ်သည်။ မီးသတ်သမားပေါင်း ၁၀၀၀ ကို တပ်ဖြန့်ချထားခဲ့ကြောင်း၊ လူများကို ကယ်တင်နိုင်ရန် လေယာဉ်များလည်း အသင့်ပြင်ဆင်ထားခဲ့ကြောင်း ကျေးလက်ဒေသမီးသတ်တပ်ဖွဲ့မှာ ကော်မရှင်နာဖြစ်သူ ရှိုင်းဖစ်ဇ်ဆီမွန်က ပြောသည်။ နိုဝင်ဘာ ၈ ရက်တွင် ကွင်းစလန်းပြည်နယ်နှင့် ဩစတြေးလျ အနောက်ပိုင်းတို့တွင် အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားသည်။

**ဘီဘီစီ**

### တူရကီအပေါ် သဘောထားနှင့် ပတ်သက်၍ အီးယူကို အာဒိုဂန်ဝေဖန်

ဘူဒါပတ် နိုဝင်ဘာ ၈

တူရကီနိုင်ငံအပေါ် အီးယူသဘောထားနှင့် ပတ်သက်ပြီး ဟန်ဂေရီသို့ ရောက်ရှိနေသည့် တူရကီသမ္မတ အာဒိုဂန်က နိုဝင်ဘာ ၇ ရက်တွင် ဝေဖန်ပြောဆိုခဲ့သည်။ ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်နှင့်အတူ ပူးတွဲသတင်းစာရှင်းလင်းပွဲ ပြုလုပ်နေစဉ်အတွင်း ယခုလို ဝေဖန်ပြောဆိုခဲ့ခြင်း ဖြစ်သည်။

မကြာသေးမီက အီးယူ၏ တူရကီအပေါ် သဘောထားများသည် အပြုသဘောဆောင်သည့် လုပ်ဆောင်မှုများ မဟုတ်ကြောင်း အာဒိုဂန်က ပြောကြားခဲ့သည်။ ဥရောပသို့ ဦးတည်ဝင်ရောက်လာသည့် ဒုက္ခသည်များကို ရပ်တန့်ပေးရန် တူရကီကို အကူအညီတောင်းခံခဲ့ပြီး ထို့အတွက် တူရကီကို အီးယူမှ ပေးထားသည့် ကတိများကိုလည်း အီးယူဘက်မှ စောင့်ထိန်းနိုင်ခြင်းမရှိဟု ၎င်း၏ ယူဆချက်ကိုလည်း ပြောခဲ့သည်။ လက်ရှိတွင် အာရပ် ၃ ဒသမ ၆ သန်းနှင့် ကာ့ဒ်ဒုက္ခသည်သုံးသိန်းကို တူရကီ၌ လက်ခံထားရသည်။ ၎င်းတို့ထဲမှ အများစုမှာ ဥရောပသို့ သွားရောက်လိုကြသူများ ဖြစ်သည်။ အီးယူနှင့် တူရကီတို့ကြား သဘောတူညီချက်ကြောင့်သာ ၎င်းတို့ကို ဆက်လက်ထိန်းသိမ်းထားရခြင်းဖြစ်ကြောင်း အာဒိုဂန်က ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# နိုင်ငံမြစ်ဝှမ်းပေါ်က အငြင်းပွားပုစ္ဆာ

**ကလျာမိုးမြင့်**

အီသီယိုးပီးယားနိုင်ငံဟာ Grand Reniassance လို့ခေါ်တဲ့ ရေကာတာကို တည်ဆောက်နေဆဲဖြစ်ပြီး လာမယ့်နှစ်မှာ ရေကာတာပြီးစီးတဲ့အခါ အဲဒီရေကာတာဟာ အာဖရိကရဲ့အကြီးဆုံးရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံကြီးတစ်ခု ဖြစ်လာတော့မှာ ဖြစ်ပါတယ်။

ရေကာတာကို ၂၀၁၁ ခုနှစ်ကတည်းက အီသီယိုးပီးယားမြောက်ပိုင်း တောင်ပေါ်ဒေသရဲ့ Blue Nile မြစ်လက်တက်ပေါ်မှာ စတင်တည်ဆောက်ခဲ့ပါတယ်။ နိုင်းမြစ်ရဲ့ ၈၅ ရာခိုင်နှုန်းက ဒီနေရာကနေ စီးဆင်းတာဖြစ်ပါတယ်။ သို့သော်လည်း ရေကာတာကြီးဟာ အီဂျစ်နဲ့ အီသီယိုးပီးယားနိုင်ငံအကြားမှာ အငြင်းပွားစရာတစ်ခုအနေနဲ့ ရှိနေခဲ့ပြီး အဲဒီကြားမှာ ဆူဒန်ကလည်း ကြားညပ်နေခဲ့ပါတယ်။ အမေရိကန်ပြည်ထောင်စုဟာ လက်ရှိမှာ ဒီကိစ္စကို ကူညီပြီး ကြားဝင်စေ့စပ်ညှိနှိုင်းပေးဖို့ လုပ်ဆောင်နေတယ်လို့ သိရပါတယ်။



အီသီယိုးပီးယားနိုင်ငံက တည်ဆောက်နေသည့် ရေကာတာကို တွေ့ရစဉ်။

### ဘာကြောင့်အငြင်းပွား

အီဂျစ်နဲ့ အီသီယိုးပီးယား နှစ်နိုင်ငံအကြား အငြင်းပွားစရာတစ်ခုအနေနဲ့ ဖြစ်လာတာကတော့ အဲဒီရေကာတာကို ရေဖြည့်သွင်းမယ့် အစီအစဉ်ကိစ္စဖြစ်ပြီး အီဂျစ်နိုင်ငံက စိုးရိမ်နေတဲ့အချက်က ဒီစီမံကိန်းကြောင့် အာဖရိကရဲ့ အရှည်ဆုံးမြစ်ဖြစ်တဲ့ နိုင်းမြစ်စီးဆင်းမှုကို အီသီယိုးပီးယားက ထိန်းချုပ်ခွင့်ပေးသလို ဖြစ်သွားမလားဆိုတဲ့ အချက်ဖြစ်ပါတယ်။

ရေအားလျှပ်စစ် ဓာတ်အားပေးစက်ရုံတွေ တည်ဆောက်မှုကြောင့် ရေတွေကုန်ခမ်းမသွားနိုင်ပါဘူး။ ဒါပေမယ့် ရေလှောင်တမံထဲကို အီသီယိုးပီးယားရဲ့ရေဖြည့်သွင်းလိုက်တဲ့ အရှိန်ကြောင့် မြစ်ရေစုန်ဆင်းမှုကို သက်ရောက်စေနိုင်တဲ့ အခြေအနေတော့ ရှိပါတယ်။ ရေလှောင်တမံထဲကို ရေဖြည့်သွင်းချိန် ပိုကြာလေလေ မြစ်ရေအပေါ် သက်ရောက်မှုနည်းပါးလေလေဖြစ်ပါတယ်။ ဒီကိစ္စကို အီသီယိုးပီးယားနိုင်ငံက ခြောက်နှစ်အတွင်း အပြီးလုပ်ဆောင်ချင်နေခဲ့တာပါ။

### အချိန်ယူဖို့ ကမ်းလှမ်း

အီသီယိုးပီးယား ရေအရင်းအမြစ်ဝန်ကြီး ဆယ်လီရှိ ဘီကီလီက ကျွန်ုပ်တို့အနေနဲ့ ရေဖြည့်သွင်းမှုကို လာမယ့်နှစ် မိုးရာသီမှာ စတင်လုပ်ဆောင်ဖို့ စီစဉ်နေပြီး ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာမှာ တာဘိုင်နှစ်ခုနဲ့ စွမ်းအင်ထုတ်လုပ်မှု စတင်လုပ်ဆောင်သွားမယ်လို့ ပြီးခဲ့တဲ့ စက်တင်ဘာလက ပြောကြားခဲ့ပါတယ်။ ဒါပေမယ့် အီဂျစ်နိုင်ငံက အဲဒီအစီအစဉ်အတွက် ၁၀ နှစ် အချိန်ယူပြီးလုပ်ဖို့ ကမ်းလှမ်းခဲ့ပါတယ်။ ဒီလို အချိန်ယူခြင်းက အထူးသဖြင့် ရေလှောင်တမံထဲကို ပထမဆုံးရေဖြည့်သွင်းတဲ့ အဆင့်မှာ ရေမျက်နှာပြင်ကျဆင်းသွားဖို့ မရှိနိုင်ဘူးလို့ ဆိုလိုချင်တာ ဖြစ်ပါတယ်။

ရေကာတာ လည်ပတ်ဆောင်ရွက်သွားမယ့်ကိစ္စနဲ့ ရေလှောင်တမံထဲ ရေဖြည့်သွင်းမယ့်အစီအစဉ်နဲ့ ပတ်သက်ပြီး အီဂျစ်၊ ဆူဒန်နဲ့ အီသီယိုးပီးယားနိုင်ငံတွေရဲ့ သုံးပွင့်ဆိုင်ဆွေးနွေးမှုဟာ လေးနှစ်ကြာမြင့်ခဲ့တဲ့အချိန်အတွင်း ဘာမှထူးထူးခြားခြားတိုးတက်မှု မရရှိခဲ့တဲ့နောက် ယခုလက်ရှိမှာ အဖြေတစ်ခုခု ထွက်ပေါ်လာဖို့ အမေရိကန်က ကြားဝင်စေ့စပ်ညှိနှိုင်းပေးဖို့ လုပ်နေတဲ့ အနေအထားဖြစ်ပါတယ်။

### မကျေမချမ်းဖြစ်နေတဲ့အီဂျစ်

ရေကာတာတည်ဆောက်တဲ့ကိစ္စမှာ ဘာကြောင့် အီဂျစ်နိုင်ငံက စိတ်ကသိကအောက်ဖြစ်နေသလဲဆိုတာကို လေ့လာကြည့်လိုက်တော့ အီဂျစ်ဟာ နိုင်ငံ့ရေအရင်းအမြစ်ရဲ့ ၈၅ ရာခိုင်နှုန်းကို နိုင်းမြစ်အပေါ်မှာ မှီခိုအားထားနေရတယ်ဆိုတဲ့အချက်ကို တွေ့ရပါတယ်။

အီဂျစ်နိုင်ငံက သမိုင်းအစဉ်အလာတစ်လျှောက် စွဲမြဲစွာဆုပ်ကိုင်လာခဲ့တဲ့ ခံယူချက်တစ်ခုက ရေရှားပါးမှုဖြစ်ပေါ်နေတဲ့ နိုင်ငံတစ်ခုအတွင်းမှာ နိုင်းမြစ်ရေ အလျဉ်မပြတ်တည်ငြိမ်စွာစီးဆင်းမှုဟာ သေရေးရှင်ရေးသဖွယ် အရေးကြီးလှတဲ့ ကိစ္စတစ်ခုဖြစ်တယ်လို့ ခံယူထားခြင်းပါပဲ။

### ဗီတိုအာဏာရှိသူ

၁၉၂၉ ခုနှစ်မှာ ချုပ်ဆိုခဲ့တဲ့ သဘောတူစာချုပ်အရ အီဂျစ်နဲ့ ဆူဒန်နိုင်ငံတွေကို နိုင်းမြစ်ရဲ့ ရာနှုန်းပြည့်နီးပါးအတွက် ဘုံဆိုင်အခွင့်အရေး ပေးအပ်ထားပါတယ်။ ကိုလိုနီခေတ်က ချုပ်ဆိုခဲ့တဲ့ သဘောတူစာချုပ်က နိုင်းမြစ်ရဲ့ ရေဆန်ပိုင်းမှာရှိနေတဲ့ နိုင်ငံတွေက ရေးဆွဲလာတဲ့ စီမံကိန်းတွေ အထူးသဖြင့် အီဂျစ်ရဲ့ ရေအရင်းအမြစ် ခွဲတမ်းရရှိထားမှုကို ထိခိုက်လာစေနိုင်တဲ့ ဘယ်လိုစီမံကိန်းမျိုးကိုမဆို ဆုံးဖြတ်စီမံနိုင်ခွင့်ရှိတဲ့ ဗီတိုအာဏာကိုပါ ပေးအပ်ထားတာ ဖြစ်ပါတယ်။

ဒီကိစ္စနဲ့ပတ်သက်ပြီး အီဂျစ်ကို သွေးတိုးစမ်းသလို ဖြစ်လာစေခဲ့တာကတော့ အီသီယိုးပီးယားနိုင်ငံက ၎င်းတို့အနေနဲ့ ဆယ်စုနှစ်များစွာကြာမြင့်ခဲ့ပြီဖြစ်တဲ့ သဘောတူညီမှုနဲ့ ထပ်ပြီးချည်နှောင်ခံမနေသင့်တော့ဘူး။ လုပ်စရာရှိတာကို ရှေ့ဆက်လုပ်သွားချင်တယ်ဆိုပြီး ၂၀၁၁ ခုနှစ် အာရပ်နွေဦးတော်လှန်ရေး စတင်ချိန်မှာ အီဂျစ်နိုင်ငံနဲ့ ဘာမှတိုင်ပင်ညှိနှိုင်းမှု မရှိဘဲ ရေကာတာတည်ဆောက်မှုကို စတင်ခဲ့ရာကနေ အီဂျစ်နိုင်ငံကို ယမ်းပုံမီးကျ ဒေါပွစေခဲ့ပါတော့တယ်။

### သယ်ယူပို့ဆောင်ရေးထိခိုက်လာနိုင်

မြောက်အာဖရိကနိုင်ငံရဲ့ အဓိကစိုးရိမ်ကြောင့်ကြမှုကတော့ အကယ်၍ ရေစီးဆင်းမှု လျော့ကျသွားရင် နောက်ထပ်မြေရေစုန်မှာ ရှိနေတဲ့ ရေလှောင်တမံတစ်ခုဖြစ်တဲ့ Lake Nasser ကို သက်ရောက်လာစေမှာကို ပူပန်ခြင်းဖြစ်ပါတယ်။ ဒါ့အပြင် အကယ်၍ ရေမျက်နှာပြင် နိမ့်ကျသွားခဲ့ရင် အီဂျစ်နိုင်ငံရှိ နိုင်းမြစ်ပေါ်က သယ်ယူပို့ဆောင်ရေးကို ထိခိုက်လာစေနိုင်သလို ဆည်မြောင်းတွေကနေ ရေသွယ်နေကြရတဲ့ တောင်သူလယ်သမားတွေရဲ့ အသက်မွေးမှုအပေါ် ထိခိုက်လာစေနိုင်တဲ့ ပြဿနာတစ်ရပ်လည်း ရှိပါတယ်။

### ဘာကြောင့် ရေကာတာကြီးဆောက်

အီသီယိုးပီးယားအနေနဲ့ ရေကာတာကြီး ဆောက်လုပ်ချင်နေရတဲ့ ခိုင်လုံတဲ့အကြောင်းပြချက် ကောင်းကောင်းရှိပါတယ်။ အမေရိကန်ဒေါ်လာ လေးဘီလီယံတန်ဖိုးရှိတဲ့ ရေကာတာ စီမံကိန်းဟာ အီသီယိုးပီးယားနိုင်ငံရဲ့ ကုန်ထုတ်လုပ်ရေးနဲ့ စက်မှုလုပ်ငန်းဆိုင်ရာ စိတ်ကူးအိပ်မက်မျှော်လင့်ချက်တွေရဲ့ နှလုံးသည်းပွတ်တစ်ခုပါပဲ။ ရေကာတာဆောက်လုပ်ပြီးစီးသွားရင် လျှပ်စစ်ဓာတ်အားပမာဏ ၆၀၀၀ မီဂါဝပ်ကို ထုတ်လွှတ်ပေးနိုင်ဖို့ မျှော်မှန်းထားပါတယ်။

အီသီယိုးပီးယားနိုင်ငံဟာ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကို ဆိုးဆိုးရွားရွားကြုံတွေ့ရတဲ့ နိုင်ငံတစ်ခုဖြစ်ပြီး နိုင်ငံ့လူဦးရေရဲ့ ၆၅ ရာခိုင်နှုန်းဟာဆိုရင် ဓာတ်အားလိုင်းသွယ်တန်းမှု မရရှိပါဘူး။ ထုတ်ပေးမယ့်စွမ်းအင်ဟာ နိုင်ငံသားတွေသုံးစွဲဖို့ လုံလောက်နိုင်ပြီး ပိုလျှံတဲ့ဓာတ်အားကို အိမ်နီးချင်းတွေဆီ ရောင်းချဖို့ ရှိတယ်လို့ ဆိုပါတယ်။ ဒီအတွက်ကြောင့် အီသီယိုးပီးယားဟာ ရေကာတာကိစ္စကို အချုပ်အခြာအာဏာဆိုင်ရာ အရေးကြီးကိစ္စသဖွယ် မှတ်ယူထားပါတယ်။

### ဘယ်သူတွေအကျိုးရှိမလဲ

ရေတာကာစီမံကိန်းမှာ ပြည်ပက ငွေကြေးထည့်ဝင်မှုအပေါ် မှီခိုအားထားခြင်းမရှိဘဲ အစိုးရရဲ့ ရန်ပုံငွေနဲ့ ပုဂ္ဂလိကရန်ပုံငွေအပေါ်မှာပဲ အမှီပြုထားတာဖြစ်ပါတယ်။ ဒီကိစ္စမှာ ပြည်ပက ကြားဝင်စွက်ဖက်လာမှု မရှိဖို့လည်း အထူးသတိထားဟန်ရှိပါတယ်။ ရေကာတာတည်ဆောက်မှု အောင်မြင်ဖြစ်မြောက်ခဲ့ရင်တော့ အဲဒီကနေ ထုတ်ပေးမယ့် ဓာတ်အားကြောင့် အကျိုးဖြစ်ထွန်းလာဖွယ်ရှိတဲ့ အိမ်နီးချင်းနိုင်ငံတွေကတော့ လျှပ်စစ်ဓာတ်အား မလုံလောက်မှုကို အကြီးအကျယ်ရင်ဆိုင်နေရတဲ့ ဆူဒန်၊ တောင်ဆူဒန်၊ ကင်ညာ၊ ဂျီဘူတီနဲ့ အီရီထရီးယားနိုင်ငံတွေပါပဲ။

အီသီယိုးပီးယားက ရေကာတာကြီးတည်ဆောက်မယ့် အစီအစဉ်မှာ လက်လျှော့သွားမယ့် အရိပ်အယောင်ကို မမြင်ရတာကြောင့် နိုင်းမြစ်အရေးမှာ ဗီတိုအာဏာရှိသူအဖြစ် ခံယူထားတဲ့ အီဂျစ်နိုင်ငံအတွက် ခေါင်းခဲစရာအနေအထားတစ်ခုကို တွေ့နေရပါတယ်။ ဒီကိစ္စမှာ အမေရိကန်က ဘယ်လိုပုံစံမျိုးနဲ့ ကြားဝင်စေ့စပ်ညှိနှိုင်းပေးမလဲဆိုတာကို မသိရသေးပါဘူး။ ။

**ကိုးကား- ဘီဘီစီ**

## ရွှေစည်းခုံစေတီတော် ဗုဒ္ဓပူဇနီယပွဲ ဖွင့်ပွဲကျင်းပ

ညောင်ဦး နိုဝင်ဘာ ၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့ရှိ ရွှေစည်းခုံစေတီတော်၏ အကြိမ် (၉၆၀)မြောက် တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယပွဲတော် ဖွင့်ပွဲကို နိုဝင်ဘာ ၈ ရက် နံနက်ပိုင်းက စေတီတော်ဝင်းအတွင်း ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် စေတီတော်ကြီးဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးကျော်မြင့်က ရွှေစည်းခုံစေတီတော်ကြီး၏ ခေတ်အဆက်ဆက် ဘုရားပွဲကျင်းပခဲ့သည့် သမိုင်းကြောင်းများ၊ စေတီတော်ကြီးကို တည်ထားကိုးကွယ်ခဲ့သည့် သာသနာပြုမင်း အနော်ရထာမင်းကြီးနှင့် ကျန်စစ်သားမင်းကြီးတို့၏ ကောင်းမှုကုသိုလ်တော်များအကြောင်း စသည်တို့ကို ရှင်းလင်း၍ အမှာစကားပြောကြားသည်။ ထို့နောက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခိုင်၊ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှူး ဦးစိုးတင့်၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ ညွှန်ကြားရေးမှူး ဦးအောင်အောင်ကျော်နှင့် ညောင်ဦးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ထွန်းတို့က ရွှေစည်းခုံ တန်ဆောင်တိုင် ဗုဒ္ဓပူဇနီယပွဲတော် အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့သည်။

ထို့နောက် ဗုဒ္ဓစွယ်တော်တိုက်အတွင်းမှ စွယ်တော်မြတ်ကို ပင့်ဆောင်၍ ရွှေစည်းခုံစေတီတော်ကြီးအား လက်ယာရစ် လှည့်လည်အပူဇော်ခံခဲ့သည်။ မြတ်စွယ်တော်အား ရပ်ဝေးရပ်နီးမှ ဘုရားဖူးပြည်သူများ ဖူးမြော်နိုင်ရန် ခုနစ်ရက် အပူဇော်ခံ ထားရှိမည်ဖြစ်သည်။ **မောင်မောင်ထိန်(ကျောက်ပန်းတောင်း)**



## စစ်တောင်းမြစ်ကူးတံတား(ဆွာ) တည်ဆောက်ရန် အကြိုအင်ဂျင်နီယာလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကွင်းဆင်းစစ်ဆေး

ရေတာရှည် နိုဝင်ဘာ ၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်အတွင်း စစ်တောင်းမြစ်ကူးတံတား(ဆွာ) တည်ဆောက်နိုင်ရေးအတွက် အကြို အင်ဂျင်နီယာလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဝင်းသိန်းသည် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



တံတားတည်ဆောက်မည့်နေရာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း ကြည့်ရှုစစ်ဆေးစဉ်။

အဆိုပါ စစ်တောင်းမြစ်ကူးတံတား(ဆွာ)သည် ရေတာရှည်မြို့နယ် ဆွာမြို့ ငါးကြီးကွေ့အုပ်စုမှ အရှေ့ဘက်ကမ်းရှိ ပိတောက်ကုန်း၊ ကျိုပွတီး၊ ဆွာရွာမ၊ ကြာအင်းကုန်းနှင့် ဒေါင့်အင်းကုန်းကျေးရွာအုပ်စုများသို့ ဆက်သွယ်မည်ဖြစ်ကာ ထိုမှတစ်ဆင့် ကရင်ပြည်နယ် မြောက်ခြမ်းနှင့် ဆက်သွယ်သွားမည်ဖြစ်ကြောင်း၊ တံတားတည်ဆောက်ပြီး၍ စတင် အသုံးပြုနိုင်ပါက စစ်တောင်းမြစ်အရှေ့ဘက်ကမ်း ကရင်ပြည်နယ်မှ ရေတာရှည်မြို့သို့လည်းကောင်း၊ ထိုမှတစ်ဆင့် နေပြည်တော်-ရန်ကုန်-မန္တလေး စသည် မြို့များသို့လည်းကောင်း တိုက်ရိုက် ဆက်သွယ်သွားလာနိုင်မည်ဖြစ်၍ ဒေသဖွံ့ဖြိုးရေးအတွက် အလွန်အရေးပါသည့် လမ်းကြောင်းတစ်ခု ဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

အကြို အင်ဂျင်နီယာလုပ်ငန်းများကို ကွင်းဆင်း စစ်ဆေးရာတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တံတားတည်ဆောက်ရာ၌ ဆက်သွယ်မည့်လမ်းနှင့် လမ်းချဲ့ရာတွင် ပါဝင်သွားသည့် မြေယာများအတွက် နစ်နာကြေး ပေးလျော်နိုင်ရေးအတွက် လယ်ယာမြေ စီမံခန့်ခွဲရေးအဖွဲ့ အဆင့်ဆင့်က စနစ်တကျ စာရင်းပြုစု တင်ပြရန် သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**တင်စိုး (ပဲခူး)**

## ပုသိမ်မြို့၌ မီတာ ၄၀၀ ပြေးလမ်းပါဝင်သော ဘောလုံးကွင်းဖွင့်

ပုသိမ် နိုဝင်ဘာ ၈

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနက ကြီးကြပ်၍ IMA QUEEN ကုမ္ပဏီလီမိတက်က တာဝန်ယူကာ ပုသိမ်မြို့ ပုသိမ်တက္ကသိုလ်ဝင်းအတွင်း တည်ဆောက်ပြီးစီးခဲ့သော မီတာ ၄၀၀ ပြေးလမ်း ပါဝင်သည့် ဘောလုံးကွင်း ဖွင့်ပွဲကို နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

ဘောလုံးကွင်းသစ် ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးဝန်ကြီး ဒေါက်တာစိုးဝင်း၊ လူမှုရေးဝန်ကြီး ဒေါက်တာလှမြတ်သွေးနှင့် ပုသိမ်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစီစီလှဘူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အားကစားကွင်းဆိုင်းဘုတ်ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်နှင့် တာဝန်ရှိသူများက စက်ခလုပ်နှိပ်၍ ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် အားကစားကွင်း လုပ်ငန်းပြီးစီးမှု မှတ်တမ်းကို IMA QUEEN ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းစုဒေဝီက တက္ကသိုလ် ပါမောက္ခချုပ်ထံ လွှဲပြောင်းပေးအပ်ခဲ့သည်။ ဆက်လက်၍ ကွင်းဖွင့်ပွဲအထိမ်းအမှတ်အဖြစ် ပုသိမ်တက္ကသိုလ်ဆရာများ ဘောလုံးအသင်းနှင့် AUFC ဘောလုံးအသင်းတို့ ဘောလုံးကစားခဲ့ကြပြီး ပြိုင်ပွဲတွင် ပါဝင်ကြီးကြပ်ပေးသော ဒိုင်လူကြီးများနှင့် အားကစားသမားများအား ဂုဏ်ပြုဆုများကို ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများက ပေးအပ်ခဲ့သည်။

အဆိုပါ အားကစားကွင်းကို ၂၀၁၈ ခုနှစ် ဇူလိုင်လအတွင်းက စတင်တည်ဆောက်ခဲ့ကာ ဘောလုံးကွင်းဖြစ်မြောက်ရေးအတွက် ပြည်ထောင်စုအစိုးရရန်ပုံငွေ ကျပ်သိန်း ၈၅၀၀ ကျော် အကုန်အကျခံပြီး ဆောင်ရွက်ခဲ့ကြောင်းနှင့် အဆိုပါ ဘောလုံးကွင်းသည် အဆင့်မြင့် အားကစားကွင်းကြီးတစ်ခုလည်းဖြစ်ကြောင်း သိရသည်။ **(၁၂၆)**

## ညောင်ရွှေ၌ အင်းလေးကန်သံတမန်များ အစီအစဉ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ညောင်ရွှေ နိုဝင်ဘာ ၈

UNDP၊ MIID နှင့် နော်ဝေအစိုးရတို့ ပူးပေါင်းအကောင်အထည်ဖော်လျက်ရှိသည့် အင်းလေးကန် ထိန်းသိမ်းစောင့်ရှောက်ရေး အခန်းကဏ္ဍတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော လူငယ်များအား စုစည်းဆောင်ရွက်သော အင်းလေးကန်သံတမန်များ အစီအစဉ် ဖွင့်ပွဲနှင့် သင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲကို ညောင်ရွှေမြို့ ဝင်းရပ်ကွက် ဖောင်တော်ဆိုက်လမ်းရှိ Everjoy ခန်းမ၌ နိုဝင်ဘာ ၆ ရက်က ပြုလုပ်ခဲ့သည်။



UNDP, MIID တို့မှ တာဝန်ရှိသူများနှင့် သင်တန်းဆင်းလူငယ်များမှ သင်တန်းဆင်းဓာတ်ပုံရိုက်စဉ်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် အင်းသားတိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါက်တာ ထွန်းလှိုင်က အမှာစကား ပြောကြားပြီးနောက် Royal Norwegian Embassy မှ တာဝန်ရှိသူ၊ UNDP မှ တာဝန်ရှိသူနှင့် MIID မှ တာဝန်ရှိသူတို့က အင်းလေးကန်သံတမန်များ အစီအစဉ်နှင့် သင်တန်းအကြောင်း ရှင်းလင်းပြောကြားကြသည်။

အင်းလေးကန်သံတမန်များ အစီအစဉ်အရ အင်းလေးကန် ထိန်းသိမ်းစောင့်ရှောက်ရေး အခန်းကဏ္ဍတွင် တက်ကြွစွာ ပါဝင်ဆောင်ရွက်ရန် စိတ်ပါဝင်စားသော လူငယ်များအား သုံးပတ်ကြာသင်တန်းဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ပြီး သင်တန်းတွင် သုတေသနပြုလုပ်ရန် နည်းလမ်းများ၊ အင်းလေးကန်နှင့် ပတ်သက်သည့် ရင်ဆိုင်နေရသော အခက်အခဲများကို သိရှိနားလည်နိုင်ရန် ထည့်သွင်းသင်ကြားပေးခဲ့ကာ သင်တန်းဆင်း သံတမန်များသည် အင်းလေးကန်ဒေသ စီမံခန့်ခွဲရေးအတွက် သက်သေအထောက်အထားကိုအခြေပြုသော ဆုံးဖြတ်ချက်များ ချမှတ်ရာတွင် ပါဝင်ကူညီနိုင်ကြမည်ဖြစ်ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**

## မြိတ်ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး ဆောက်လုပ်ရန် တင်ဒါဖွင့်ပွဲကျင်းပ

ထားဝယ် နိုဝင်ဘာ ၈

၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မြိတ်ခရိုင်နှင့် မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ရန်အတွက် အိတ်ဖွင့်တင်ဒါ ဖွင့်ပွဲကို နိုဝင်ဘာ ၇ ရက်က တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၌ ကျင်းပသည်။

တင်ဒါဖွင့်ပွဲတွင် တင်ဒါစိစစ်ရေးကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဒေါ်ရီရီချိုက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးထိန်လင်းဦးက ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်မည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး အဆောက်အအုံနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တင်ဒါစိစစ်ရေးကော်မတီအဖွဲ့ဝင် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့မှ လက်ထောက်အင်ဂျင်နီယာ ဦးဇင်မျိုးအောင်က တင်ဒါစည်းမျဉ်းစည်းကမ်းများအကြောင်း ရှင်းလင်းပြောကြားပြီး ကုမ္ပဏီ လေးခုက ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းခဲ့ကြကာ တင်ဒါစိစစ်ရေး ကော်မတီဝင်များက ကုမ္ပဏီများတင်သွင်းသည့် ဈေးနှုန်းအဆိုပြုလွှာများကို ဖွင့်ဖောက်ပြီး စိစစ်အမှတ်ပေး ရွေးချယ်ခဲ့သည်။ **ခရိုင်(ပြန်/ဆက်)**

## ဟားခါး အထက(၂)သို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ကျောင်းအဆောက်အအုံ လှူဒါန်း

ဟားခါး နိုဝင်ဘာ ၈

ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းသို့ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ လှူဒါန်းခဲ့သော အလျားပေ ၃၀၊ အနံ ၈၃ ပေရှိ အာရ်စီ တစ်ထပ် အဆောက်အအုံဖွင့်ပွဲနှင့် ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို နိုဝင်ဘာ ၇ ရက်က ကျင်းပခဲ့သည်။

ဖွင့်ပွဲတွင် အဆောက်အအုံကို ချင်းပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့၊ ပြည်နယ်လူမှုရေးဝန်ကြီး ဦးပေါင်လွှန်းမင့်ထန်၊ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူး ဦးမိုးဇော်ဦးနှင့် ပြည်နယ်ပညာရေးမှူးရုံးမှ ဒုတိယ ညွှန်ကြားရေးမှူး ဦးခေါဂေကီးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီးနောက် အဆောင်သစ်ကို လှည့်လည်ကြည့်ရှုခဲ့ကြသည်။ ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ အမှုဆောင်ညွှန်ကြားရေးမှူးက အဆောက်အအုံ လှူဒါန်းခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။



အဆောက်အအုံသစ်ကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဇိုဘွဲ့နှင့် တာဝန်ရှိသူများ ဖွင့်လှစ်ပေးစဉ်။

ဆက်လက်၍ အမှုဆောင်ညွှန်ကြားရေးမှူးက အဆောက်အအုံကို ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ရာ ဟားခါးမြို့နယ်ပညာရေးမှူး ဦးဆန်ကျုံးက လက်ခံရယူပြီး ပြည်နယ်လူမှုရေးဝန်ကြီးက အမှုဆောင်ညွှန်ကြားရေးမှူးထံ ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့သည်။ ထို့နောက် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌနှင့် ဇနီးက ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် အလှူငွေ ကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့ပြီး ကျောင်းအုပ်ဆရာကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

**ကျော်စွာ(ပြန်/ဆက်)**

# မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းနှင့် တပျော်ကျေးရွာသို့ ဆက်သွယ်သည့် လမ်းပေါ်ရှိ တပျော်ချောင်းကူးရေကျော် တည်ဆောက်သွားမည်



တပျော်ချောင်းကူးရေကျော်တွင် ယာဉ်များဖြတ်သန်းသွားလာနေစဉ်။

**မိတ္ထီလာ နိုဝင်ဘာ ၈**

မိတ္ထီလာမြို့နယ်၌ ကျေးရွာ ၂၀ ကျော်မှ ဒေသခံများသွားလာရေး အဆင်ပြေစေရန် မိတ္ထီလာ- ကျောက်ပန်းတောင်းကားလမ်းနှင့် တပျော်ကျေးရွာသို့ ဆက်သွယ်သည့် လမ်းပေါ်ရှိ တပျော်ချောင်းကူးရေကျော်ကို တည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ သိရသည်။

မိတ္ထီလာ- ကျောက်ပန်းတောင်းကားလမ်းနှင့် တပျော်ကျေးရွာသို့ ဆက်သွယ်သည့် လမ်းပေါ်ရှိ တပျော်ချောင်းအား တပျော်ကျေးရွာအုပ်စု၊ ငွေ့အိုင်ကျေးရွာအုပ်စုနှင့် မယ်ဇလီကုန်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာ ၂၀ ကျော်မှ ဒေသခံကျေးလက်နေပြည်သူများ ဖြတ်သန်းသွားလာလျက်ရှိရာ မိုးရာသီတွင် ချောင်းအတွင်းရေများစီးဆင်းနေသောကြောင့် သွားလာရအခက်အခဲများ ကြုံတွေ့ရကြောင်း၊ ယင်းကျေးရွာများမှ ကျောင်းသားကျောင်းသူများမှာလည်း မိတ္ထီလာ-ကျောက်ပန်းတောင်း လမ်းပေါ်ရှိ အခြေခံပညာအထက်တန်းကျောင်းများရှိသည့် ရေဝေကျေးရွာနှင့် ဖလံကျင်းကျေးရွာများသို့သွားရောက် ပညာသင်ကြားလျက်ရှိရာ ချောင်းအတွင်း ရေစီးဆင်းချိန်တွင် ချောင်းရေကျအောင်စောင့်၍ သွားရသည့်အတွက် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း၊ ယခုကဲ့သို့ တပျော်ချောင်းကူးရေကျော် တည်ဆောက်ပေးသွားပါက ဒေသခံကျေးလက်နေပြည်သူများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေစွာ ဖြတ်သန်းသွားလာနိုင်မည် ဖြစ်ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသောင်းငွေးက ပြောသည်။

မိတ္ထီလာမြို့နယ် ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့် တပျော်ကျေးရွာရှိ တပျော်ချောင်းကူးရေကျော်ကို တင်ဒါအောင်မြင်သည့် ကုမ္ပဏီမှ တာဝန်ယူ၍ တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သိန်းမြင့်ကျော် (မိတ္ထီလာ)**

# ရေစူးကန့်သတ်ချက် လိုက်နာကြရန် ရေလမ်းသတိပေးနှိုးဆော်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်တွင်းရေလမ်းများတွင် ရေယာဉ်များလုံခြုံချောမွေ့စွာသွားလာနိုင်ရေးအတွက် နှစ်စဉ် နိုဝင်ဘာ ၁၅ ရက်မှ မေ ၁၅ ရက်အတွင်း ရေနည်းကာလ သတ်မှတ်၍ ရေယာဉ်များ၏ ဝန်တင်ရေစူးကို ရေကြောင်းနယ်မြေများအလိုက် အောက်ပါအတိုင်း ကန့်သတ်ထားသည်-

| စဉ် | မြစ်အမည် | ရေကြောင်းနယ်မြေ မှ | ရေကြောင်းနယ်မြေ ထိ | ရေစူးကန့်သတ်ချက် ပေ | ရေစူးကန့်သတ်ချက် လက်မ |
|---|---|---|---|---|---|
| ၁။ | ဧရာဝတီမြစ် | ဟင်္သာတ | ပြည် | ၅ | ၆ |
| ၂။ | ။ | ပြည် | မန္တလေး | ၅ | ၀ |
| ၃။ | ။ | မန္တလေး | ကသာ | ၄ | ၀ |
| ၄။ | ။ | ကသာ | ဗန်းမော် | ၃ | ၉ |
| ၅။ | ။ | ဆင်ဘို | မြစ်ကြီးနား | ၂ | ၆ |
| ၆။ | ချင်းတွင်းမြစ် | ချင်းတွင်းဝ | မုံရွာ | ၃ | ၀ |
| ၇။ | ။ | မုံရွာ | ကလေးဝ | ၃ | ၃ |
| ၈။ | ။ | ကလေးဝ | ဟုမ္မလင်း | ၃ | ၀ |
| ၉။ | ။ | ဟုမ္မလင်း | ခန္တီး | ၂ | ၆ |

သို့ဖြစ်ပါ၍ ဖော်ပြပါ ဝန်တင်ရေစူးကန့်သတ်ချက်ကို ရေယာဉ်များ လိုက်နာရန် ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်း သတိပေးနှိုးဆော်ချက်ထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# ကျုံပျော်မြို့နယ်၌ မိုးစပါးစံပြကွက် ရိတ်သိမ်းရာ တစ်ဧက ၉၁ ဒသမ ၇၉ တင်းထွက်ရှိ

**ကျုံပျော် နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ပျဉ်ချဆိပ်ကျေးရွာအုပ်စုရှိ တောင်သူတစ်ဦး၏ မိုးစပါး စံပြကွက်၌ စံကွက်ရိတ်သိမ်းပွဲကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဦးဆောင်၍ အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့ရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးစိုးအောင်နိုင်က အမှာစကားပြောကြားပြီး ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဇော်ဝမ်းနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးအရာရှိ ဦးလှမျိုးနွယ်တို့က နည်းစနစ်တကျ စိုက်ပျိုးထုတ်လုပ်ရေးနှင့် စံကွက်စိုက်ပျိုး ရိတ်သိမ်းမှုတို့ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် စံပြစိုက်ကွက်အတွင်း ခြွေလှေ့စက်အသုံးပြု၍ စံကွက်ရိတ်သိမ်းရာ ထုံးပိသော ၂၀၀ ထည့်သွင်းသော စံပြကွက်မှ တစ်ဧကလျှင် ၉၁ ဒသမ ၇၉ တင်းထွက်ရှိပြီး ဗလာကွက် (Control ကွက်)မှ ၈၀ ဒသမ ၀၇ တင်းထွက်ရှိကြောင်း၊ ထုံးထည့်သွင်းမှုကြောင့် ၁၁ ဒသမ ၇၂ တင်း ပိုမိုထွက်ရှိခဲ့ကြောင်း သိရသည်။

**နေဝင်း(ကျုံပျော်)**

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်း ဗန်းမော်မြို့အကျဉ်းထောင်အား ကြည့်ရှုစစ်ဆေး

**ဗန်းမော် နိုဝင်ဘာ ၈**

ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်းသည် နိုဝင်ဘာ ၇ ရက်က ကချင်ပြည်နယ် ဗန်းမော်မြို့ အကျဉ်းထောင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းထောင် တာဝန်ခံလက်ထောက်ညွှန်ကြားရေးမှူး ဦးရဲထွဋ်က အကျဉ်းထောင်ဧည့်ခန်းတွင် ပြစ်ဒဏ်ကျခံနေရသည့် အကျဉ်းသားဦးရေ၊ ကျန်းမာရေးစောင့်ရှောက်မှု၊ စားသောက်မှုနှင့် သောက်သုံးရေရရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးအောင်ဇော်သိန်းက လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးက အကျဉ်းသားများအား ဥပဒေပါအခွင့်အရေးများ ရရှိခြင်း ရှိ မရှိ၊ ကျန်းမာရေး မကောင်းပါက ဆေးဝါးကုသနိုင်ရန် အခွင့်အရေးရရှိခြင်း ရှိ မရှိတို့နှင့် စပ်လျဉ်း၍ မေးမြန်းကာ အကျဉ်းသားများ၏ အိပ်ဆောင်၊ နေရာထိုင်ခင်း၊ ကျန်းမာရေးဆေးပေးခန်း၊ စာကြည့်တိုက်၊ စားဖိုဆောင်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မျိုးစေ့ကဏ္ဍ ရင်းနှီးမြှုပ်နှံမှု ဆွေးနွေး

**နေပြည်တော် နိုဝင်ဘာ ၈**

မျိုးစေ့ကဏ္ဍဖွံ့ဖြိုးလာရေး၊ မျိုးစေ့အလွယ်တကူ ဝယ်ယူအသုံးပြုနိုင်ရေး၊ ပုဂ္ဂလိကကဏ္ဍမှ ရင်းနှီးမြှုပ်နှံမှု တိုးမြင့်လာရေး၊ မျိုးစေ့ထုတ်လုပ်တင်ပို့သည့် နိုင်ငံအဖြစ် ရပ်တည်နိုင်ရေးတို့ကို မျှော်မှန်း၍ စိုက်ပျိုးရေးဦးစီးဌာနက နယ်သာလန်နိုင်ငံ အထောက်အပံ့ဖြင့် ဆောင်ရွက်သော မျိုးစေ့ကဏ္ဍရင်းနှီးမြှုပ်နှံမှုအစီအစဉ် ဆွေးနွေးပွဲကို နိုဝင်ဘာ ၆ ရက်က နေပြည်တော် Park Royal Hotel ၌ ကျင်းပရာ စိုက်ပျိုးရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက အမှာစကား ပြောကြားသည်။

ဆွေးနွေးပွဲရလဒ်များကို မျိုးစေ့ဆိုင်ရာအမျိုးသားကော်မတီသို့ စုစည်းတင်ပြပြီး ကော်မတီ၏ စိစစ်အတည်ပြုချက်ဖြင့် မျိုးစေ့ဆိုင်ရာ ကြေညာချက်ထုတ်ပြန်ကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြည်တွင်း စိုက်ပျိုး ထုတ်လုပ်မှုအတွက် မျိုးစေ့များ ဖူလုံစွာအသုံးပြုနိုင်ရေး ကြိုးပမ်းမှုနှင့်အတူ ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ရေးမှတစ်ဆင့် နောင်လာမည့် ငါးနှစ်အတွင်း မျိုးစေ့ထုတ်လုပ်တင်ပို့သည့် နိုင်ငံအဖြစ်နိုင်ငံတကာနှင့် ယှဉ်ပြိုင်ရပ်တည်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သိမ့်သိမ့်မိုး**

# ယနေ့ဈေးကွက်ပေါက်ဈေးများ

၈-၁၁-၂၀၁၉

**ရွှေ**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၂၀၃၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် | ၁၁၃၂၃၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၉၀၀/၉၆၀ | ကျပ် | ၉၆၅/၉၇၅ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၉၁၀/၉၇၅ | ကျပ် | ၉၈၀/၉၉၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၂၀/၈၆၅ | ကျပ် | ၉၀၀/၉၁၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၂၀/၉၆၀ | ကျပ် | ၁၀၁၅/၁၀၁၅ | ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်းမှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၅၁၇ . ၃ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၇၇ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၁၁၆ . ၄ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၉၄၅ . ၃ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၃၈၈ . ၃ |
| သြစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၁၀၄၄ . ၄ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၁၇ . ၀ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၁ . ၃၀၆ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၃၁ . ၁၀ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၆၇ . ၁၂ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၉ . ၉၄၄ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၁၀၀၀ | ၁၁၀၀၀ | ၁၆၇၂ | ၁၈၃၉၂၀၀၀ |
| MTSH | ၃၉၅၀ | ၃၉၅၀ | ၉၈၄ | ၃၈၇၃၉၀၀၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၄၀၉ | ၃၃၁၂၉၀၀ |
| FPB | ၂၃၀၀၀ | ၂၃၀၀၀ | ၅၀၂ | ၁၁၅၄၆၀၀၀ |
| TMH | ၂၉၀၀ | ၃၀၀၀ | ၂၁၀ | ၆၁၀၀၀၀ |

(ရန်ကုန်စတော့အိတ်ချိန်းမှ ရရှိပါသည်)

ခင်ရတနာ-စုစည်းသည်။

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - စိုးစိုးနိုင်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ ခင်ရတနာ
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ခတ်ပုံ)၊ မြတ်မွန်ထွေး၊ ဇင်ဦး
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com,
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၆၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အကသမားများ၏ဘဝကို ဖော်ပြမည့်"တစ်စုံတစ်ယောက်"ရုပ်ရှင် စတင်ရိုက်ကူးမည်



တစ်စုံတစ်ယောက် ရုပ်ရှင်အတွက် ကန်တော့ပွဲပေးသည့်အခမ်းအနား ကျင်းပစဉ်။

Laurel Art ရုပ်ရှင်ထုတ်လုပ်ရေးက စီစဉ်ထုတ်လုပ်မည့် တစ်စုံတစ်ယောက်ဟု အမည်ပေးထားသော ရုပ်ရှင်ဇာတ်ကားကြီးကို ယခု နိုဝင်ဘာလအတွင်း စတင်ရိုက်ကူးသွားမည်ဟု သိရသည်။

"ဒီဇာတ်ကားက အနုပညာ နယ်ပယ်အသီးသီးမှာ အောင်မြင်နေကြတဲ့ တက်သစ်စ အနုပညာရှင်တွေနဲ့ ရိုက်ကူးပုံဖော်မယ့် ရုပ်ရှင်ကားကြီးပါ။ မိဘနဲ့ သားသမီးကြားက သဘောထားကွဲလွဲမှု၊ လူငယ်တွေရဲ့ အိပ်မက်တွေ၊ စိတ်ဓာတ်ခွန်အားတွေနဲ့အတူ အလျှော့မပေးဘဲ ကြိုးစားခဲ့တဲ့ ပုံရိပ်တွေကို အနုပညာရသမြောက်အောင် ပုံဖော်ရိုက်ကူးသွားမယ့် ရုပ်ရှင်ဇာတ်ကားကြီးဖြစ်ပါတယ်၊ ဇာတ်ကားရဲ့ အဓိကရည်ရွယ်ချက်ကတော့ အကသမားတွေရဲ့ ဘဝလေးတွေကို ပရိသတ်သိအောင်၊ ကိုယ်ချင်းစာတတ်လာအောင် ရည်ရွယ်တာဖြစ်ပါတယ်"ဟု ဇာတ်ကားထဲတွင် အဓိကသရုပ်ဆောင်တစ်ဦးအဖြစ် ပါဝင်မည့် အကသမား ငြိမ်းဖြူက ပြောသည်။

ဇာတ်ကားကို ရိုက်ကူးဖြစ်သည့်အကြောင်းရင်းနှင့် ပတ်သက်၍လည်း ငြိမ်းဖြူက "အကပညာနဲ့ အသက်မွေးဝမ်းကျောင်းပြုနေတဲ့သူတွေအဖို့ ပွဲတွေရောက်ရင် အချို့လူတွေက သိပ်ပြီး ဆက်ဆံရတာ အဆင်အပြေဘူး၊ အထူးသဖြင့် လူငယ်တွေကို နေရာမပေးချင်ကြဘူး၊ ပြီးတော့ ဒီနိုင်ငံမှာက အနုပညာသမားဆိုရင် သရုပ်ဆောင်နဲ့ အဆိုတော်လောက်ကိုပဲ အထင်ကြီးကြတာများတယ်၊ အကသမားတွေကို ခွဲခြားဆက်ဆံတာမျိုးတွေ တွေ့ရတယ်၊ ညီမက ငယ်ငယ်ကတည်းက အကနဲ့ ကြီးပြင်းလာရသူဆိုတော့ နည်းနည်း အဲလိုခံစားရတဲ့ စိတ်လေး ရှိခဲ့တယ်၊ တစ်နေ့ကျရင် ငါ အောင်မြင်တဲ့ သရုပ်ဆောင်ဖြစ်ချင်တယ်၊ အဲဒီအခါကျရင် အကသမားတွေရဲ့ ဘဝလေးတွေကို ပရိသတ်တွေသိအောင်၊ ကိုယ်ချင်းစာနိုင်လာအောင် လုပ်ပြမယ်ဆိုတဲ့အတွေးမျိုး ရှိခဲ့ပါတယ်၊ အခုကျတော့ ညီမကို ပရိသတ်အချို့လည်း ထိုက်သင့်သလောက် သိလာကြတယ်ဆိုတော့ ကိုယ်ဖြစ်ချင်တဲ့ ဆန္ဒလေးကို ပြဖြစ်တာပါ"ဟု ဆက်ပြောသည်။

အဆိုပါ ရုပ်ရှင်ဇာတ်ကားကို ဒါရိုက်တာ PK & Jason (Litt Entertainment)က ရိုက်ကူးမည်ဖြစ်ပြီး ဇာတ်လမ်း၊ ဇာတ်ညွှန်းကို လှယဉ်ကျေးက ရေးသားထားသည်။ သရုပ်ဆောင်များအဖြစ် အကပညာရှင်များဖြစ်သော နေထွဋ်(Blake)၊ William(Project K)၊ ရဲရင့်သော်(Project K)နှင့် ငြိမ်းဖြူတို့နှင့်အတူ စောယုနန္ဒာ၊ ခင်မွန်သူ၊ ရဲအောင်၊ နေမျိုးအောင်၊ မေသဥ္ဇာဦး၊ ဘုန်းထက်နိုင်နှင့် အခြား အနုပညာရှင်များစွာ၊ အကသမားများစွာ ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

**ကိုလင်း**

## အောင်ထက်က တတိယမြောက် တစ်ကိုယ်တော်အခွေထွက်ရန် ပြင်ဆင်နေ



ဂီတလောကထဲသို့ အိပ်မက်ဆုံရာ ရာသက်ပန် အစီအစဉ်(၄) သီချင်းဆိုပြိုင်ပွဲမှတစ်ဆင့် ဝင်ရောက်လာခဲ့ပြီး ပရိသတ်၏အားပေးမှုကို ရရှိခဲ့သည့် လူငယ်အဆိုတော် အောင်ထက်အနေဖြင့် "နှစ်"ဟု အမည်ရသည့် တစ်ကိုယ်တော် တေးစီးရီးခွေကိုလည်း ထွက်ရှိထားပြီးဖြစ်သည်။ လူငယ်တေးသံရှင်များစွာရှိသည့်အထဲမှ အသံအင်အားကြီးကြီးဖြင့် တေးသီချင်းများကို ပိုင်နိုင်စွာ သီဆိုတတ်သူ အောင်ထက်နှင့် တွေ့ဆုံ၍ အနုပညာလှုပ်ရှားမှုများကို မေးမြန်းဖြစ်ခဲ့သည်။

**မေး။ ။ညီလေးရဲ့ ဂီတနဲ့ပတ်သက်ပြီး လက်ရှိ ဖန်တီးမှုအပိုင်းလေးတွေကို ပြောပြပါဦး။**

ဖြေ။ ။ကျွန်တော် လတ်တလောအနေနဲ့ "နှစ်" တေးစီးရီးအတွက် ဒီဗီဒီ ထွက်ဖို့ ပြင်ဆင်နေပါတယ်၊ အဲဒါမထွက်ခင် တေးသံသာလည်း ထွက်ဖို့ရှိပါတယ်၊ ပြီးတော့ မစ္စတာဝိုင်နဲ့ တီးထားတဲ့ သီချင်းအသစ်လေး တစ်ပုဒ်လည်း ထွက်ဖို့ရှိပါတယ်၊ ဂီတနဲ့ပတ်သက်ပြီးတော့ ဖန်တီးမှုအသစ်လေးတွေ ပရိသတ်တွေ့ရမှာပါ။ နောက်ပြီး တန်ဆောင်တိုင်မှာတော့ ကျွန်တော် တောင်ငူမှာရှိမှာပါ၊ ပရိသတ်နဲ့ တွေ့ဖို့ရှိပါတယ်၊ အဲဒီမှာ ကျွန်တော်ဖျော်ဖြေခဲ့တာ ဒီတစ်ခါနဲ့ဆို နှစ်ကြိမ်မြောက်ရှိပါပြီ။

**မေး။ ။နောက်ပိုင်း တေးသီချင်းတွေ ဖန်တီးတဲ့အခါမှာ ဘယ်လိုပုံစံလေးတွေကို တွေ့ရမလဲ။ နောက်ထပ်ဖန်တီးမယ့် ခွေတွေမှာ ကိုယ်ပိုင်သံစဉ်နဲ့ ကော်ပီ ဘယ်လိုပါဝင်မလဲ။**

ဖြေ။ ။သီချင်းသစ်ကတော့ ဒီဇင်ဘာလလောက်မှာ ထွက်မှာပါ၊ တတိယမြောက်အခွေအတွက်တော့ ကျွန်တော် ပြင်ဆင်နေတာတွေရှိပါတယ်၊ အဲဒီအခွေမှာ ဂီတပုံစံမျိုးစုံကို တွေ့ရမှာပါ၊ ကိုယ်နဲ့အလိုက်ဖက်ဆုံးကိုတော့ သေချာရွေးထုတ်ရမှာပေါ့၊ နောက်ထွက်မယ့် တတိယမြောက် တစ်ကိုယ်တော်ခွေအတွက်ကတော့ တေးသီချင်းအားလုံး ကိုယ်ပိုင်သံစဉ်လေးတွေချည်းပဲ ဖန်တီးထားပါတယ်၊ ဒီဘက်ခေတ်မှာ ကော်ပီဆိုတာ ရှိသေးလို့လား၊ "နှစ်" ဒီဗီဒီအတွက်က ရုပ်ကဒ်လေးတွေ တော်တော်များများ ပြီးပြီဆိုတော့ မကြာခင် ပရိသတ်တွေ မြင်ရတော့မှာပါ၊ ကိုယ်တိုင်လည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။

**ကိုလင်း**

## ရန်ကုန်မြို့၌ "The Memory!" နိုင်ငံတကာရုပ်ရှင်ပွဲတော် ၁၀ ရက်ကြာ ကျင်းပမည်





မြန်မာနိုင်ငံနှင့် အာရှဒေသအတွင်း အထူးခြားဆုံးနှင့် အအောင်မြင်ဆုံး ရုပ်ရှင်ပွဲတော် တစ်ခုဖြစ်သည့် (၇) ကြိမ်မြောက် The MEMORY! နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့တွင် နိုဝင်ဘာ ၁၅ ရက်မှ ၂၄ ရက်အထိ ၁၀ ရက်ကြာ ကျင်းပ၍ နိုင်ငံတကာရုပ်ရှင်နှင့် မြန်မာရုပ်ရှင် ကားပေါင်း ၇၀ ကျော်ကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

(၇)ကြိမ်မြောက် The MEMORY! ရုပ်ရှင်ပွဲတော်ကို ကမ္ဘာကျော် ပြင်သစ်ရုပ်ရှင်မင်းသမီး Isabelle Huppert က တက်ရောက်ဖွင့်လှစ်ပေးမည်ဖြစ်သည်။ ထို့အပြင် ရုပ်ရှင်ပွဲတော်ကို ကျင်းပရသည့် ရည်ရွယ်ချက်နှင့် အနှစ်သာရများကိုလည်း ရုပ်ရှင်ထုတ်လုပ်သူ ရုပ်ရှင်မင်းသမီးကြီး အကယ်ဒမီ ဒေါ်ဆွေဇင်ထိုက်၊ The MEMORY! နိုင်ငံတကာရုပ်ရှင်ပွဲတော် တည်ထောင်သူနှင့် ဥက္ကဋ္ဌဖြစ်သူ Severine Wemaere နှင့် ပြန်ကြားရေးဝန်ကြီးဌာန (မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ) ညွှန်ကြားရေးမှူး ဦးသိန်းနိုင်နှင့် အခြား တာဝန်ရှိသူများက ရုပ်ရှင်ပွဲတော် ဖွင့်ပွဲတွင် ရှင်းလင်းပြောကြားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် The MEMORY! ရုပ်ရှင်ပွဲတော်ကြီးတွင် ရုပ်ရှင်ကားများ ပြသမည့် အစီအစဉ်ကို တစ်မူထူးခြားသော အစီအစဉ်အဖြစ် Yangon Walls နှင့် ပူးပေါင်းကာ ရန်ကုန်မြို့လယ် ကျောက်တံတားမြို့နယ်အတွင်း (၃၃) လမ်းနှင့် (၃၄)လမ်းကြားရှိ ပြန်လည်ပြုပြင်ထားသော နောက်ဖေးလမ်းထဲတွင် ပထမဆုံးအကြိမ် ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**

## စစ်သား သားသမီးမို့ စစ်ကားရိုက်ရန် မငြင်းကြောင်း စိုးမြတ်သူဇာ ပြောကြား

Forever Group က ရိုက်ကူးနေပြီး MRTV-4 ရုပ်သံလိုင်းမှတစ်ဆင့် ရုပ်သံဇာတ်လမ်းတွဲအဖြစ် ထုတ်လွှင့်ပြသသွားမည့် စိန်ရတုတပ်မတော်နေ့အကြို ဂုဏ်ပြုဇာတ်လမ်းဖြစ်သည့် "တစစ်တမက် ကိုယ်နှင့် သက်ကို" ဇာတ်လမ်းတွင် ပါဝင်သရုပ်ဆောင်ထားသည့် အကယ်ဒမီ စိုးမြတ်သူဇာက ကိုယ်တိုင် စစ်သား သားသမီးဖြစ်၍ စစ်ကားရိုက်ရသည်ကိုကြိုက်ကြောင်း ပြောကြားသည်။

"မကြီးက စစ်ကားရိုက်ရတာကို ကြိုက်တယ်၊ မကြီး ကိုယ်တိုင်က စစ်သား သားသမီးဆိုတော့ စစ်သားတွေကိုလည်း ချစ်တယ်။ မကြီးကို စစ်ကားရိုက်ဖို့ လာပြောတိုင်း ဘယ်တော့မှ မငြင်းပါဘူး၊ မကြီး ပြောထားတယ်၊ စစ်ကားရိုက်မယ်ဆို အချိန်မရွေးခေါ်ပါ၊ မကြီး မငြင်းဘူးဆိုပြီးတော့ကို ပြောထားတာ၊ အခု ဒီဇာတ်လမ်းတွဲ ရိုက်ရတော့မယ်ဆိုတော့ စိတ်ထဲမှာ ပျော်နေတာပဲ၊ သူများတွေက စစ်သားဆို တစ်မျိုးပြောကြပေမယ့် မကြီးကတော့ ချစ်တယ်။ ဒီဇာတ်လမ်းတွဲ ရိုက်ရမှာကိုလည်း ပျော်နေပါတယ်"ဟု အကယ်ဒမီ စိုးမြတ်သူဇာက ပြောသည်။

အဆိုပါ "တစစ်တမက် ကိုယ်နှင့် သက်ကို" (LEGENDS of WARRIORS) ဇာတ်လမ်းတွဲကို နိုဝင်ဘာ ၁ ရက်က စတင်ရိုက်ကူးနေကြောင်း၊ ဇာတ်လမ်းနှင့် ဇာတ်ညွှန်းကို မင်းခိုက်စိုးစန်၊ တင်အောင်စိုး(ပန်းမြို့တော်)နှင့် ထက်မြတ်နိုင်ဇင်တို့က ရေးသားကြပြီး ဒါရိုက်တာ တင်အောင်စိုး(ပန်းမြို့တော်)က ရိုက်ကူးလျက်ရှိကာ သရုပ်ဆောင်များ အနေဖြင့် ဇင်ဝိုင်း၊ ရဲအောင်၊ ရန်ကျော်၊ မင်းဟိဏ်း၊ ခန့်စည်သူ၊ နေမျိုးအောင်၊ မင်းထက်ကျော်ဇင်၊ တိုင်ရွှန်၊ အောင်ရေချမ်း၊ ကျော်ဆု၊ စိုးမြတ်သူဇာ၊ မေသဥ္ဇာဦး၊ မေမြင့်မိုရ်၊ ယဉ်လတ်၊ ခိုင်သဇင်ဥဝါနှင့် သရုပ်ဆောင်များစွာ ပါဝင်ကြမည်ဖြစ်ကြောင်း သိရသည်။

**ကိုလင်း**



## နိုင်ငံတကာအနုပညာ သတင်းပဒေသာ

### အသက် ၃၀ ပြည့်ခါနီးမှာ ဖိအားတွေနဲ့ ရင်ဆိုင်နေရတယ်လို့ အမ်မာဝပ်ဆင်ပြော

ဟယ်ရီပေါ်တာဇာတ်ကားနဲ့ အောင်မြင်ကျော်ကြားလာတဲ့ မင်းသမီးအမ်မာဝပ်ဆင်ကတော့ သူ့ကို လက်တွဲဖော်မရှိဘဲနေတဲ့ တစ်ကိုယ်ရေ တစ်ကာယသမားလို့ခေါ်မယ့်အစား ကိုယ့်ကိုယ်ကိုယ် အဖော်ပြုနေတဲ့လူလို့ ခေါ်တာကို ပိုကြိုက်တယ်လို့ပြောခဲ့ပါတယ်။

အမ်မာဝပ်ဆင်ကတော့ ဟယ်ရီပေါ်တာရုပ်ရှင်တွေမှာ ဟာမီယွန်ဂရင်ဂျာအဖြစ် သရုပ်ဆောင်ရင်းနာမည်ကြီးလာသူလည်း ဖြစ်ပါတယ်။ မကြာခင်အချိန်အတွင်း အမ်မာဝပ်ဆင်ဟာ အသက် ၃၀ ပြည့်တော့မှာဖြစ်ပြီး အသက် ၃၀ ပြည့်ခါနီး ဖိအားတွေနဲ့ခံစားရတဲ့အကြောင်းကို Vogue မဂ္ဂဇင်းနဲ့ အင်တာဗျူးမှာ ပြောပြခဲ့ပါတယ်။

လာမယ့်ဧပြီလအတွင်းမှာ အသက်၃၀ ပြည့်တော့မှာဖြစ်ပြီး မွေးနေ့မတိုင်မီ စိတ်ဖိစီးမှုတွေ၊ ဖိအားတွေနဲ့ရင်ဆိုင်နေရတယ်လို့ ပြောပါတယ်။ အသက် ၃၀ ပြည့်ခါနီးမှာ ကိုယ်ပိုင်အိမ်လည်းမဆောက်ရသေး၊ အိမ်ထောင်လည်းမပြုရသေး၊ မိသားစုဆိုတာလည်း မတည်ဆောက်ရသေး၊ အလုပ်မှာလည်း တည်ငြိမ်တဲ့လမ်းကြောင်းပေါ် မရောက်သေးဘူးဆိုရင် ဒါဟာ စိတ်ဖိစီးမှုတွေကိုဖြစ်ပေါ်စေပါတယ်လို့ အမ်မာဝပ်ဆင်က ဖြေပါတယ်။

လက်တွဲဖော်မရှာသေးဘဲ တစ်ယောက်တည်းနေရတာကို သဘောကျပြီး ကိုယ့်ကိုယ်ကိုယ်ပြန်ပြီး အဖော်လုပ်ပေးနေတာပါလို့ အမ်မာဝပ်ဆင်က ပြောပါတယ်။ ယခုနှစ်နှောင်းပိုင်းမှာတော့ အမ်မာဝပ်ဆင်ပါဝင်ထားတဲ့ Little Women ဆိုတဲ့ရုပ်ရှင်ကား ရုံတင်သွားမယ်လို့ သိရပါတယ်။ **စီအင်န်အင်န်**



ဟယ်ရီပေါ်တာမင်းသမီးအမ်မာဝပ်ဆင်

### ဘရက်ဒလေကူးပါးနဲ့ တွဲနေကြတယ်ဆိုတဲ့သတင်းတွေဟာ အခြေအမြစ်မရှိဟု လေဒီဂါဂါပြော

အကယ်ဒမီပေးပွဲညမှာ လေဒီဂါဂါနဲ့ဘရက်ဒလေကူးပါးတို့ စုံတွဲသီဆိုခဲ့တာဟာ ဖျော်ဖြေမှုတစ်ခုသာ ဖြစ်ပါတယ်။ လေဒီဂါဂါနဲ့ ဘရက်ဒလေကူးပါးတို့ဟာ A Star is Born ဆိုတဲ့ဇာတ်ကားမှာ အတူတွဲပြီး သရုပ်ဆောင်ခဲ့ကြပါတယ်။ အဲဒီနောက် သူတို့သရုပ်ဆောင်တာဟာ အသက်ဝင်လွန်းတဲ့အတွက် သူတို့နှစ်ဦးကြားမှာ ချစ်ဇာတ်လမ်းတွေ ရှိနေပြီဆိုပြီး သတင်းတွေထွက်ခဲ့ကြပါတယ်။

Elle မဂ္ဂဇင်းမှာ ဖော်ပြဖို့အတွက် ဒီအကြောင်းနဲ့ပတ်သက်ပြီး အော်ပရာဝင်းဖရေးက လေဒီဂါဂါကို မေးမြန်းခဲ့တဲ့အခါမှာတော့ ဒီသတင်းဟာ ခြေခြေမြစ်မြစ် မရှိဘူးလို့ ပြန်ပြောခဲ့ပါတယ်။ သရုပ်ဆောင်တစ်ဦး၊ ဖျော်ဖြေသူတစ်ဦးအဖြစ် ပီပီပြင်ပြင် သရုပ်ဆောင်ခဲ့တာသာဖြစ်ပြီး ဒီဇာတ်လမ်းကိုကြည့်တဲ့သူတွေခံစားနိုင်အောင် တကယ်ချစ်နေကြတဲ့ပုံ သရုပ်ဆောင်ခဲ့တာသာ ဖြစ်တယ်လို့ ပြန်လည်တုံ့ပြန်ပြောကြားခဲ့ပါတယ်။ အကယ်ဒမီပေးပွဲညကလည်း ပရိသတ်တွေအားလုံး စီးမျောသွားအောင် နှစ်ဦးသားအတူဖျော်ဖြေခဲ့တာသာ ဖြစ်တယ်လို့ ပြန်လည်ချေပခဲ့ပါတယ်။ လေဒီဂါဂါဟာ A Star is Born ဇာတ်ကားထဲက Shallow ဆိုတဲ့သီချင်းနဲ့အော်စကာဆု ရရှိခဲ့ပါတယ်။ အဲဒီနေ့ညက ဖျော်ဖြေခဲ့တဲ့ သီချင်းဟာလည်း အချစ်သီချင်းမျှသာဖြစ်ပြီး သူတို့ချစ်နေကြတယ်လို့ လူတွေ ခန့်မှန်းနေကြတာကတော့ မမှန်ကန်ပါဘူးလို့ လေဒီဂါဂါက ဖြေကြားခဲ့ပါတယ်။ **စီအင်န်အင်န်**



ဖေဖော်ဝါရီလအတွင်းက ကျင်းပခဲ့သည့်အကယ်ဒမီပေးပွဲအတွင်း လေဒီဂါဂါနှင့် ဘရက်ဒလေကူးပါးတို့ ဖျော်ဖြေနေကြစဉ်။





# မြန်မာစကားသမိုင်းအတွက် (၁၂)

**မောင်ခင်မင် (ဓနုဖြူ)**

"ကေဝဏ္ဏ ခေါ်တဲ့ အသံတစ်သံပဲပါတဲ့ မြန်မာစကားလုံးတွေ တော်တော်ကြည့်ပြီးပြီဆိုတော့ အခု ဝဏ္ဏတစ်ခုထက်ပိုတဲ့ စကားလုံးတွေကို ကြည့်ရအောင်"

"ဟုတ်ကဲ့ပါ ဆရာ"

"ဒီနေရာမှာ ပညာရှင်တွေရဲ့ အဆိုအမိန့် တစ်ခုကို ပြောရမယ်ထင်တယ်။ မင်းတို့လည်း သိပြီးသားပါ။ မြန်မာစကားမှာ ကေဝဏ္ဏစကားလုံးတွေ ကြွယ်ဝတာ အထင်အရှားပဲလေ။ ဒါကြောင့် မြန်မာစကားကို ကေဝဏ္ဏဘာသာစကားရဲ့ လက္ခဏာတွေ အများကြီးပါတဲ့ ဘာသာစကားလို့ သတ်မှတ်ကြတာမဟုတ်လား။ ပညာရှင်တွေက ဘာပြောသလဲဆိုရင် မြန်မာစကားထဲမှာ ဝဏ္ဏတစ်ခုထက်ပိုတဲ့ အရင်းခံစကားလုံးတွေ ရှိနေရင် အဲဒီစကားလုံးတွေဟာ တခြားဘာသာစကားထဲက ရောက်လာတဲ့ မွေးစားစကားလုံးတွေဖြစ်ဖို့ များတယ်ဆိုတဲ့ အချက်ပဲကွဲ့"

"ဆရာ ဘယ်လိုစကားလုံးမျိုးတွေပါလဲ"

"အမြင်သာဆုံးပြောရရင် မြန်မာစကားမှာ ရတနာသုံးပါးကို ရည်ညွှန်းတဲ့ အရင်းခံစကားလုံးတွေကို သိမှာပေါ့။ ဘာတွေလဲ"

"ဘုရား၊ တရား၊ သံဃာ ပါ ဆရာ"

"တို့ဗုဒ္ဓဘာသာမြန်မာလူမျိုးတွေအနေနဲ့ ဒီစကားသုံးလုံးဟာ အင်မတန်အရေးကြီးတဲ့ စကားလုံးတွေပဲလေ။ ကဲ... အဲဒီစကားလုံးတွေမှာ အသံဘယ်နှစ်သံစီပါသလဲ"

"နှစ်သံစီပါပါတယ် ဆရာ"

"ဟုတ်တယ်။ ဘုရား၊ တရား၊ သံဃာဆိုတဲ့ စကားသုံးလုံးစလုံး နှစ်သံစီပါတယ်။ ပြီးတော့ အဲဒီစကားလုံးတွေကို တစ်သံစီထပ်ခွဲလို့ မရဘူးလေ။ ဒါကြောင့် အရင်းခံစကားလုံးတွေလို့ ပြောတာပေါ့"

"ထပ်ခွဲလို့ မရဘူးဆိုတာ ဘာကိုဆိုလိုပါသလဲ ဆရာ"

" 'ဘုရား' ဆိုပါတော့။ ဘုရားကို ပုဂံခေတ်မှာ 'ပုရှာ' လို့ အရေးများတယ်မဟုတ်လား။ အဲဒီ 'ပုရှာ' ကို 'ပု' တစ်လုံး 'ရှာ' တစ်လုံး ထပ်ခွဲလို့ မရဘူးလေ။ အဲဒီလိုပဲ 'တရား' ကိုလည်း 'တရျာ'၊ 'တိယ်ာ' လို့ အရေးများတယ်။ 'တရျာ' ကိုလည်း ထပ်ခွဲလို့ မရဘူး။ အဲဒီလိုပဲ 'သံဃာ' ကိုလည်း ထပ်ခွဲလို့ မရဘူး။ ခွဲလိုက်ရင် အဓိပ္ပာယ်မရှိတော့ဘူးလေ"

"နားလည်ပါပြီ ဆရာ"

"ဒီတော့ ဒီစကားလုံးတွေဟာ အရင်းခံအားဖြင့် ကေဝဏ္ဏစကားလုံးတွေ မဟုတ်ဘူး။ ဝဏ္ဏတစ်ခုထက်ပိုတယ်။ ဒါကြောင့် ဒီစကားလုံးတွေဟာ မြန်မာစကားစစ်စစ်မဟုတ်ဘူး။ တခြားဘာသာစကားထဲက မွေးစားယူထားတဲ့ စကားလုံးတွေဆိုတာ ထင်ရှားတာပေါ့"

"ဟုတ်ကဲ့ပါ"

"စိတ်ဝင်စားစရာကောင်းတာက ဒီစကားလုံးသုံးလုံးဟာ အင်မတန်အရေးကြီးတဲ့ စကားလုံးတွေ ဖြစ်ပေမယ့် ဒီစကားလုံးတွေဟာ ဘယ်ဘာသာစကားက ဆင်းသက်လာသလဲလို့ လေ့လာရင် 'သံဃာ' တစ်လုံးပဲ ပါဠိစကားက ဆင်းသက်တယ်ဆိုတာ အသေအချာသိရတယ်။ 'ဘုရား' နဲ့ 'တရား' ဟာ ဘယ်ဘာသာစကားက ဆင်းသက်တယ်ဆိုတာ တိတိကျကျ မပြောနိုင်ဘူးကွဲ့"

"ဟာ... သမီးတို့ ကျောက်စာသင်ရတုန်းက 'ဘုရား' နဲ့ 'တရား' ဘယ်က ဆင်းသက်တယ်ဆိုတာ သင်ရပါတယ် ဆရာ"

"သင်ရတာဟုတ်ပါတယ်။ မင်းတို့ ဆရာ ဆရာမတွေက ပညာရှင်တွေရဲ့ အယူအဆတွေကို ကိုးကားပြီး ဘယ်သူက ဘယ်လိုယူဆတယ်ဆိုပြီး သင်တာ ဆရာသိပါတယ်။ အဲဒီအယူအဆတွေမှာ ဘယ်အယူအဆက မှန်တယ်လို့ တိတိကျကျ ပြောဖို့မလွယ်ဘူးလေ။ ဖြစ်နိုင်တာကို ဆက်စပ်ပြီး ပြောကြတာမဟုတ်လား"

"ဟုတ်မယ်ထင်ပါတယ် ဆရာ"

"ဒီမှာ၊ ဆရာပြောပြမယ်။ 'ဘုရား' ကို ပုဂံခေတ်က 'ပုရှာ' လို့ ရေးတယ်။ အဲဒီ 'ပုရှာ' ရဲ့ ရင်းမြစ်ကို ကြံဆတဲ့အခါ အယူအဆအမျိုးမျိုး ဖြစ်နေတယ်။ 'ဝရ' က ဆင်းသက်တယ်။ 'ပူဇာရဟ' က ဆင်းသက်တယ်။ ပုဂ်+ အရဟက ဆင်းသက်တယ် စသည်ဖြင့်ပေါ့။ 'ဖောယေး' ဆိုတဲ့ တရုတ်စကားက ဆင်းသက်တယ်ဆိုတဲ့ အယူအဆလည်းရှိတယ်"

"သြော် ဟုတ်ကဲ့ပါ"

"အဲဒီလိုပဲ 'တရား'၊ 'တရျာ' ဆိုတဲ့ စကားဟာလည်း 'တာရယတိ'က ဆင်းသက်တယ်။ 'တန်ရား' က ဆင်းသက်တယ်လို့ ကြံဆကြတာပဲ။ 'သံဃာ' ကို ပါဠိက ဆင်းသက်တယ်လို့ ပြတ်ပြတ်သားသား အခိုင်အမာပြောတာမျိုး မတွေ့ရသေးဘူး။ အဲဒါကို ပြောတာလေ"

"ဟုတ်ကဲ့။ နားလည်ပါပြီ ဆရာ"

"အဲ... သေချာတာကတော့ 'ဘုရား' ရော 'တရား' ရော တခြားဘာသာစကားကနေပြီး မြန်မာစကားထဲ ဝင်လာတဲ့ စကားလုံးတွေဆိုတာ နားလည်နိုင်ပါတယ်။ အဲဒီလိုပဲ 'သခင်' လို စကားလုံးမျိုးလည်း တစ်သံထက်ပိုတဲ့ စကားလုံးပဲလေ။ 'မယား' ဆိုတဲ့ စကားလုံးလည်း ပါတာပေါ့။ 'မ' တစ်လုံး 'ယား' တစ်လုံးခွဲလို့မှ မရတာ"

"ဟုတ်ကဲ့ပါ"

"အဲ... ကေဝဏ္ဏစကားလုံးပဲဖြစ်ဖြစ်၊ ကေဝဏ္ဏမဟုတ်တဲ့ ဝဏ္ဏတစ်ခုထက်ပိုတဲ့ စကားလုံးပဲဖြစ်ဖြစ်၊ အဲဒီစကားလုံးတွေကို ပေါင်းစပ်ပြီး စကားလုံးအသစ်တွေ ဖန်တီးတာတို့၊ အရင်းခံစကားလုံးကို ရှေ့ဆက် နောက်ဆက်ဆိုတဲ့ အဆက်စကားလုံးတွေကို ပစ္စည်းလို့ ခေါ်တာပေါ့။ အဲဒီပစ္စည်းတွေနဲ့ တွဲပြီး စကားလုံးတွေ ထပ်သွားတာတို့တော့ ရာဇကုမာရ်ကျောက်စာမှာ တွေ့နေရပြီလေ"

"ဟုတ်ကဲ့ပါ။ သာဓက ကလေးပြောပြပါ ဆရာ"

"ပထမဆုံးပြောချင်တာက 'အ-' ဆိုတဲ့ ရှေ့ဆက်ပစ္စည်းအကြောင်းပဲ။ မြန်မာစကားမှာ အဲဒီ 'အ-'ဆိုတဲ့ ရှေ့ဆက်ကို ဒီနေ့အထိ တွင်တွင်ကျယ်ကျယ်သုံးနေတာ မင်းတို့အသိပဲလေ။ 'အလုပ်၊ အက၊ အသီး၊ အရွက်' စတဲ့စကားလုံးတွေကြည့်ရင် အ-ရှေ့ဆက် ဘယ်လောက်အသုံးများတယ်ဆိုတာ သိမှာပါ။ အဲ... အ- လို့ ဆိုပေမယ့် ဒီနေ့အသံထွက်ရင် 'လူအ'၊ 'အလိုက်တာ' တို့မှာ ပြောတဲ့ 'အ' ကို အသံအပြည့်မထွက်ဘဲ၊ 'အလုပ်၊ အက' တို့မှ ပြောသလို 'အ' ကို အသံတစ်ဝက်ပဲ ထွက်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ရာဇကုမာရ်ကျောက်စာမှာကြည့်ရင် 'အနှစ်၊ အဆင်း၊ အဆွေ၊ အဖို့၊ အမှောက်၊ အမှူ၊ အထွက်၊ အကြောင်း' ဆိုပြီး နာမ်ရှေ့မှာ အ- ရှေ့ဆက်တွဲတာမျိုးတွေ တော်တော်များများ တွေ့ရတယ်။ အခုခေတ်မှာ မတွေ့ရတဲ့ 'အတို့ကျွန်' ဆိုတဲ့ အသုံးမျိုးလည်း ရှိတယ်။ 'ကျွန်တော်တို့' ဆိုတဲ့ အဓိပ္ပာယ်ပါပဲ။ ဒီအသုံးမျိုး ခုခေတ်မှာလည်း သုံးနေတုန်းပါပဲ"

"ဆရာ၊ သမီးတို့ သတိထားမိတာက 'လုပ်၊ က၊ ဆို၊ ပြော' ဆိုတဲ့ ကြိယာတွေရှေ့မှာ အ- ရှေ့ဆက်တွဲရင် 'အလုပ်၊ အက၊ အဆို၊ အပြော' ဆိုတဲ့ ကြိယာနာမ်တွေ ဖြစ်လာတာကို သတိထားမိပါတယ်။ အခုဆရာပြတဲ့ စကားလုံးတွေမှာ အ-ရှေ့ဆက် တွဲနေတာတွေဟာ ကြိယာတွေ မဟုတ်ဘဲ နာမ်တွေဖြစ်နေတယ်ဆိုတာ ဆရာပြောပြမှ သတိထားမိပါတယ် ဆရာ"

"အေး... သမီးက မြင်တတ်သားပဲ။ ရာဇကုမာရ်ကျောက်စာထဲက ခုပြတဲ့ စကားလုံးတွေက ရှေ့မှာ အ- ရှေ့ဆက်ပါပေမယ့် သမီးပြောတဲ့ စကားလုံးတွေလို ကြိယာတွေမဟုတ်ဘူး။ နာမ်တွေပါ။ မြင်သာအောင်ပြရရင် 'ဆင်း၊ ဆွေ၊ ထွက်၊ မှူ' ဆိုတဲ့ စကားလုံးတွေက ကြိယာတွေမှ မဟုတ်တာ။ နာမ်တွေပဲ။ ဒါပေမယ့် အဲဒီနာမ်တွေက တခြားစကားလုံးနဲ့ မတွဲဘဲ ကိုယ့်ဟာကိုယ် မရပ်တည်နိုင်တဲ့ နာမ်တွေလေ။ 'ဆင်း' လို တစ်လုံးတည်းသုံးရင် အဆင်းဆိုတဲ့ အဓိပ္ပာယ်မရနိုင်ဘူးလေ။ တခြားအဓိပ္ပာယ်တော့ ရမှာပေါ့... ဒါကြောင့် အဲဒီနာမ်တွေကို ကိုယ့်ဟာကိုယ် မရပ်တည်နိုင်တဲ့ နာမ်တွေလို့ ခေါ်ရတာပေါ့။ 'ဆင်း' ကို ရှေ့က 'အ-' တွဲလိုက်ရင်တော့ 'အဆင်း' ဆိုပြီး အဓိပ္ပာယ်ပေါ်သွားတာပေါ့။ ကျန်တာတွေလည်း အဲဒီလိုပဲ 'အဆွေ၊ အမှူ၊ အထွက်' ဆိုပြီး အ- တွဲမှ အဓိပ္ပာယ်ပေါ်တယ်လေ"

"ဟုတ်ကဲ့ နားလည်ပါပြီ"

"အဲ... ရှေ့မှာ အ- မတွဲဘဲ တခြားစကားလုံးတွဲပြီး သုံးရင်လည်း ရတယ်။ 'ရုပ်ဆင်း၊ မိတ်ဆွေ၊ ကောင်းမှု၊ တောင်ထွက်' ဆိုတာမျိုး သုံးနိုင်တာပေါ့။ တွေ့တယ်မဟုတ်လား"

"တွေ့ပါတယ် ဆရာ"

"ဒါပေမယ့် မြန်မာသဒ္ဒါစာအုပ်တွေမှာ ကြိယာကို အ-ရှေ့ဆက်တွဲတဲ့ ကြိယာနာမ်တွေပဲ ပြလေ့ရှိတယ်။ ကိုယ့်ဟာကိုယ် မရပ်တည်နိုင်တဲ့ အဲဒီနာမ်တွေရှေ့မှာ အ- ရှေ့ဆက်တွဲပြီး သုံးတဲ့ စကားလုံးဖွဲ့စည်းပုံကို ရှင်းလင်းဖော်ပြလေ့ မရှိဘူးကွဲ့။ ဒါပေမယ့် ဒီအသုံးဟာ ပုဂံခေတ်မှာ မြန်မာစာမပေါ်ခင်ကတည်းက ရှိနေတယ်ဆိုတာ သိရတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲ... ကြိယာမှာ အ-ရှေ့ဆက်တွဲတဲ့ အသုံးလည်း ပါပါတယ်။ 'အနှိပ်အစက်' ဆိုတာလေ"

"သြော်... ဟုတ်ကဲ့ပါ။ 'နှိပ်စက်' ကို ရှေ့က အ- နှစ်လုံးဆက်ထားတာ မဟုတ်လား ဆရာ"

"ဟုတ်ပါတယ်။ အကတို့၊ အလုပ်တို့လို ကြိယာတစ်လုံးတည်းမှာ အ- ဆက်တာကို မတွေ့ရသေးပေမယ့် 'နှိပ်စက်' ဆိုတဲ့ နှစ်သံတွဲကြိယာကို တစ်သံစီရှေ့က အ- ရှေ့ဆက်နှစ်လုံး တစ်ပြိုင်တည်းဆက်တဲ့ ပုံစံကို တွေ့နေရပြီလေ။ 'အကူအညီ၊ အစည်းအဝေး'ဆိုတဲ့ စကားတွေလိုပေါ့"

"ဟုတ်ကဲ့ပါ"

"အဲ... နောက်ဆုံးပြောရမယ့် အ-ရှေ့ဆက်ကတော့ 'အရိမေတ္တေယျ ဘုရားသခင် အဖူးရစေ' ဆိုတဲ့ အသုံးပဲ။ အဓိပ္ပာယ်က သူလှူခဲ့တဲ့ ကျွန်တွေကို နှိပ်စက်တဲ့သူဟာ အရိမေတ္တေယျဘုရားကို မဖူးရပါစေနဲ့လို့ ရာဇကုမာရ်က ကျိန်စာဆိုခဲ့တာလေ။ 'မဖူးရပါစေနဲ့' ဆိုတဲ့ အဓိပ္ပာယ်ကို ရှေ့က မ- ရှေ့ဆက်မသုံးဘဲ အ- ရှေ့ဆက်သုံးတာ ထူးခြားချက်တစ်ခုပဲ"

"ဟုတ်ကဲ့"

"ပုဂံခေတ်နှောင်းပိုင်း ကျောက်စာနှစ်ခုမှာလည်း အဲဒီလို မ- အစား၊ အ- ရှေ့ဆက်တွဲပြီး သုံးတဲ့ သာဓကတွေ ရှိပါတယ်။ ဆရာ့မိတ်ဆွေ ပြည်ပက ဘာသာဗေဒပညာရှင်တစ်ယောက်ကတော့ မြန်မာနိုင်ငံထဲက 'အတ်ဇီ' ဘာသာစကားမှာလည်း အဲဒီလို မဟုတ်သဘောကို အ- ရှေ့ဆက်နဲ့ သုံးတာရှိကြောင်း ပြောတော့ မှတ်သားလိုက်ရတယ်"

"ကဲ... နားကြရအောင်"

> **"ရာဇကုမာရ်ကျောက်စာမှာကြည့်ရင် 'အနှစ်၊ အဆင်း၊ အဆွေ၊ အဖို့၊ အမှောက်၊ အမှူ၊ အထွက်၊ အကြောင်း' ဆိုပြီး နာမ်ရှေ့မှာ အ- ရှေ့ဆက် တွဲတာမျိုးတွေ တော်တော်များများ တွေ့ရတယ်။ အခုခေတ်မှာ မတွေ့ရတဲ့ 'အတို့ကျွန်' ဆိုတဲ့ အသုံးမျိုးလည်းရှိတယ်"**

## ကမ္ဘာရေးရာအမှတ်(၅)ထွက်ရှိ


**နှစ်လတစ်ကြိမ်ထုတ် ကမ္ဘာရေးရာ(Global Affairs)**
**အမှတ်-၅၊ နိုဝင်ဘာ-၂၀၁၉ ထွက်ရှိလာသည်။**

ယခုစာစောင်တွင် 'ရာသီဥတု ပြောင်းလဲခြင်းရဲ့ခြိမ်းခြောက်မှုများ၊ ဂလိုဘယ်လိုက်ဖေးရှင်းအရှေ့လေနှင့် တရုတ် နှစ် ၇၀၊ ဥရောပသမဂ္ဂမှာ တရုတ်ရေးရာ ဘုံမဟာဗျူဟာရှိရဲ့လား' ဆောင်းပါးသုံးခုကို အထူးကဏ္ဍဖြင့် ဖော်ပြထားသည်။ အခြားဖတ်စရာများတွင် Generation-Z နှင့် ပြောင်းလဲနေသော ဈေးကွက်၊ ဟောင်ကောင်အရေး နိုင်ငံခြားဝင်ရောက်စွက်ဖက်မှုခြေရာခံခြင်း၊ တရုတ်-မြန်မာစီးပွားရေးစင်္ကြံ(CMEC)၏သရုပ်မှန်၊ ရှင်သန်ရေးရုန်းကန်နေရသော ဒီမိုကရေစီ၊ ဗြိတိန်အင်ပါယာကြီးမျိုးစေ့ချခဲ့သမျှ ကမ္ဘာကြီးကလိုက်ရိတ်သိမ်းနေရတယ်၊ ငြိမ်းချမ်းမှုပိုနည်းလာတဲ့ကမ္ဘာ၊ ၂၀၁၉ ကမ္ဘာတစ်လွှား အငြိမ်းချမ်းဆုံး တိုင်းပြည်များ၊ အာရှရဲ့ စစ်လက်နက်ပြိုင်ဆိုင်မှု၊ ရှန်ဇန်း(သို့မဟုတ်)တံငါရွာမှ ဆီလီကွန်တောင်ကြားသို့ စသည့်ဆောင်းပါးများနှင့် နိုင်ငံတကာ စာပေဆောင်းပါးများ ပါဝင်သည်။

သန်းစိုးနိုင်၊ အေးမောင်ကျော်၊ ဒေါက်တာအောင်ကြီး၊ လင်း(ဆေး-၁)၊ ရဲထွန်း(သီပေါ)၊ မိုးဇော်ဦး၊ Z-ဖေဝင်း၊ ဘမောင်ညို၊ စိုးငွေး၊ ဝင့်ထန်း၊ စောထူးပွယ်၊ ထူးကျော်ဝင်း၊ ဝေဇင်မှူး၊ လွင်မော်၊ မောင်ရိုးမြင့်၊ ဝင်းထက်၊ ဝေမော်(စက်မှု)၊ မောင်ပေါက်တော၊ ဈုန်လင်းသူ တို့ပါဝင်ရေးသားထားသည်။

မြန်မာရေးရာလေ့လာရေးအဖွဲ့က မြန်မာရေးရာကို သုံးလတစ်ကြိမ်၊ ကမ္ဘာရေးရာကို နှစ်လတစ်ကြိမ်၊ တိုင်းရင်းသားရေးရာကို လေးလတစ်ကြိမ် ပုံမှန်ထုတ်ဝေလျက်ရှိပြီး နယ်ကိုယ်စားလှယ်များ၊ စာအုပ်ဆိုင်များနှင့် တစ်ဦးချင်းမှာယူလိုသူများအတွက် ဓူဝံစာပေ၊ အမှတ်-၂၁၂၊ ၃၁လမ်း(အထက်ဘလောက်)၊ ပန်းဘဲတန်းမြို့နယ်သို့မှာယူနိုင်ပါသည်။ နယ်မှတစ်ဦးချင်းမှာလိုသူများအတွက် စာတိုက်မှတစ်ဆင့် ပေးပို့သွားမည်ဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာနယ်နိမိတ်အတွင်းရှိ မြို့နယ်များတွင် နေ့ချင်းအရောက် ပေးပို့သွားမည်ဖြစ်ပါသည်။

**မြန်မာရေးရာလေ့လာရေးအဖွဲ့ ဖုန်း-၀၁-၃၈၇၅၆၈**
**ဓူဝံစာပေဖုန်း-၀၁-၃၈၅၅၉၇၊ ၀၉-၇၃၂၀၃၀၃၂**
**Email;duwunsarpay31apperst@gmail.com**






ပညာရေးဝန်ကြီးဌာန
**အဆင့်မြင့်ပညာဦးစီးဌာန**
**အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်**
**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှုဌာန**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်တွင် အောက်ဖော်ပြပါ အချိန်ပိုင်းသင်တန်းအမှတ်စဉ်များကို ဖွင့်လှစ်မည် ဖြစ်ပါသည်-

၁။ သင်တန်းအမည် - ( က ) Certificate in Business Management ( CBM ) အမှတ်စဉ်(၃)
( ခ ) Certificate in Tourism Management ( CTM ) အမှတ်စဉ်(၃)
( ဂ ) Certificate in Mass Communication ( CMC ) အမှတ်စဉ်(၃)
( ဃ ) Certificate in Business English Level I, II, III
( I CBE, II CBE , III CBE) အမှတ်စဉ်(၃)
(င ) Diploma in Computer Application and Desktop Publishing (DCADTP) အမှတ်စဉ်(၂)

၂။ သင်တန်းဝင်ခွင့်အရည်အချင်း - တက္ကသိုလ်ဝင်တန်းအောင်မြင်သူများဖြစ်ရမည်။

၃။ သင်တန်းကာလ - Certificate သင်တန်းများအတွက် (၃)လ
Diploma သင်တန်းများအတွက် (၉)လ

၄။ သင်တန်းကြေး - Certificate သင်တန်းများအတွက် (၁)လ ၆၀၀၀၀ိ/-
I CBE, II CBE, III CBE သင်တန်းများအတွက် (၁)လ ၂၀၀၀၀ိ/-
Diploma သင်တန်းအတွက် (၁)လ ၅၀၀၀၀ိ/-

၅။ သင်တန်းဖွင့်မည့်နေ့ရက် - (၉-၁၂-၂၀၁၉)ရက်နေ့ (တနင်္လာနေ့)

၆။ လျှောက်လွှာထုတ်ပေး/လက်ခံမည့်နေ့ရက်/အချိန် - (၁၃-၁၁-၂၀၁၉)ရက်နေ့ (ဗုဒ္ဓဟူးနေ့)
(နံနက် ၁၀း၀၀ နာရီမှ ညနေ ၂း၀၀ နာရီထိ)

၇။ လျှောက်လွှာနှင့်သင်တန်းကြေး ပေးသွင်းရမည့်နေရာ - သင်တန်းရေးရာဌာန၊ အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်၊ နှစ်ထပ်စာသင်ဆောင်၊ ကုန်သည်လမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

၈။ သင်တန်းချိန် - CBM, CTM, I CBE, II CBE, III CBE သင်တန်းများ
(နံနက် ၇း၀၀ နာရီမှ ၉း၀၀ နာရီ) တနင်္လာနေ့မှ သောကြာနေ့အထိ
- CMC သင်တန်း (နံနက် ၈း၀၀ နာရီမှ ၁၂း၀၀ နာရီ) စနေ၊ တနင်္ဂနွေ
- DCADTP သင်တန်း
(၃း၃၀ နာရီမှ ၅း၃၀ နာရီ) တနင်္လာနေ့မှ သောကြာနေ့အထိ

၉။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြရမည်-
(က) လိုင်စင်ဓါတ်ပုံ(၃)ပုံ
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ မှတ်ပုံတင် (မိတ္တူ)
(ဂ) သင်တန်းကြေးများကို တစ်ပါတည်း ပေးသွင်းရမည်။
- Certificate သင်တန်းများအတွက် သင်တန်းကြေး (၁၈၀၀၀၀ိ/-)
- I CBE, II CBE, III CBE သင်တန်းများအတွက် သင်တန်းကြေး (၆၀၀၀၀ိ/-)
- Diploman သင်တန်း ပထမနှစ်ဝက် (၂၀၀၀၀၀ိ/-)၊ ဒုတိယနှစ်ဝက် (၂၅၀၀၀၀ိ/-) ပညာသင်နှစ်ဝက်လိုက် ပေးသွင်းကြရမည်။

**၁၀။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၉၂၅၆၆၊ သင်တန်းရေးရာဌာနတွင် စုံစမ်းနိုင်ပါသည်။**
**၁၁။ သင်တန်းသားဦးရေကန့်သတ်ထားပါသည်။**

အမျိုးသားစီမံခန့်ခွဲမှုပညာဒီဂရီကောလိပ်



**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် 4C/9321 Toyota Corolla AE 100 Station Wagon (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မင်းဦး ၁၂/အစန(နိုင်)၁၀၄၇၈၃က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**



## သံဃာတော်(၃၀၀၀)ကျော် သီတင်းသုံးတော်မူသော မန္တလေးမြို့ မစိုးရိမ်တိုက်သစ် ရေ-မီး ထာဝရငွေပဒေသာပင် ကျပ်သိန်း(၁)သောင်း စီမံကိန်း

ဆက်သွယ်လှူဒါန်းရန် - မစိုးရိမ်တိုက်သစ် ဂေါပကအဖွဲ့
ဦးလှအောင်(ဥက္ကဋ္ဌ) ဖုန်း - ၀၉-၂၀၀၃၂၂၉ ဦးမြဇော်(အတွင်းရေးမှူး) ဖုန်း-၀၉-၂၀၀၇၃၆၄
ဦးကျော်ဇေယျ(အဖွဲ့ဝင်) ဖုန်း - ၀၉-၂၀၀၃၈၅၅ ဦးသိန်းငွေအောင်(အဖွဲ့ဝင်) ဖုန်း-၀၉-၂၀၀၉၇၉၀
ဦးကင်းဝန်(အဖွဲ့ဝင်) ဖုန်း - ၀၉-၅၃၀၂၁၃၇

**ယခင်နေ့မှအဆက်**

| | | |
|---|---|---|
| ၁၆၄ | ဒေါ်ခင်ဝင်းကြည်(၆၈)နှစ်ပြည့်မွေးနေ့ အလှူ ၄၀x၇၁လမ်းထောင့်၊ ဇောမိကုန်း၊ မဟာအောင်မြေ၊ မန္တလေး | 100000 |
| ၁၆၅ | ဖခင်ကြီး(ဦးသန်းထွန်း)၃၁-နှစ်ပြည့် အားရည်စူး၍ ကျန်ရစ်သူမိသားစု၊ ၄၀x၇၁လမ်းထောင့်၊ ဇောမိကုန်း၊ မဟာအောင်မြေ၊ မန္တလေး | 100000 |
| ၁၆၆ | ဦးမြမောင်-ဒေါ်ခင်ရွှေအားရည်စူး၍ (သမီး)ဒေါ်မြမွန်(အလကခွဲ-၃၃)၊ ၃၆x၃၇-၇၆x၇၇ ကြား၊ ဖျာတန်းရပ်၊ မန္တလေး | 100000 |
| ၁၆၇ | (ဦးမြင့်စိန်)အားရည်စူး၍ ဒေါ်ဝင်းဝင်း ဝင်းရွှေစင်မိသားစု | 100000 |
| ၁၆၈ | ဦးကျော်ငွေလွင်-ဒေါ်သီတာငွေ(သား)ကိုစိုင်းနေလွင်၊ ၂၄-ဒေါ်သိန်းတင်လမ်း၊ ကန်တော်လေး၊ ရန်ကုန် | 100000 |
| ၁၆၉ | ဒေါ်သူဇာထွေး(၄၇)နှစ်ပြည့်မွေးနေ့ကုသိုလ်၊ လှိုင်မြို့နယ်၊ ရန်ကုန် | 100000 |
| ၁၇၀ | ဦးညွန့်တင်-ဒေါ်ခင်ညို မိသားစု၊ စက်မှု(၁)၊ မန္တလေး | 100000 |
| ၁၇၁ | ဒေါ်ယဉ်ယဉ်နွဲ့(သမီး)မနှင်းရီကိုမိသားစု၊ ပ.လ.က တံခွန်တိုင် | 100000 |
| ၁၇၂ | ဦးဇော်လင်းအောင်-ဒေါ်မာမာဗိုလ်မိသားစု၊ ကျွဲဆည်ကန်၊ မန္တလေး | 100000 |
| ၁၇၃ | ဒေါ်ယဉ်ယဉ်ငွေ-ဒေါ်ယဉ်ယဉ်မို့ မိသားစု၊ ပ.လ.က တံခွန်တိုင် | 100000 |
| ၁၇၄ | ဦးအောင်ဆွေဦး-ဒေါ်ခင်ထွေးကြည် ၃၀-၉၀x၉၁ကြား၊ မန္တလေး | 100000 |
| ၁၇၅ | ဖခင်ကြီးဦးသိန်းဝင်းအား အမှူးထား၍ (ဦးထွန်းမြတ်-ဒေါ်မြတင်-ဒေါ်အေးသန်း) တို့အားရည်စူး၍ ကိုရဲထွဋ်-မနှစ်ဦးမေ(သား)မောင်ဟိန်းထွဋ်ဇေမိသားစု | 100000 |
| ၁၇၆ | ကိုငွေတိုး-ကိုငွေမိုး၊ အုန်းချောရွာ၊ ပုသိမ်ကြီးမြို့နယ် | 100000 |
| ၁၇၇ | ရွှေမြင့်မိုရ်ပွတ်လုံးရောင်းဝယ်ရေး၊ ၃၈x၃၉ကြား၊ ၈၅လမ်း၊ မန္တလေး | 100000 |
| ၁၇၈ | ဦးကျော်လင်း-ဒေါ်ကြူကြူဝင်း၊ အကွက်(၂၀)၊ မြောက်ပြင်၊ ချမ်းအေးသာစံ၊ မန္တလေး | 100000 |
| ၁၇၉ | သိန်းတင်ရောင်းဝယ်ရေးမိသားစု၊ ၈၈-၁၅x၁၆ကြား၊ အောင်မြေသာစံ၊ မန္တလေး | 100000 |
| ၁၈၀ | ဦးကျော်မိုးထွန်း(ဒု-ညွှန်ကြားရေးမှူး)-ဒေါ်ပန်းအိချို(သား)မောင်ဟိန်းပြည့်စုံမိသားစု | 100000 |
| ၁၈၁ | (ဦးညိုရောင်-ဒေါ်တု-ဒေါ်ပြေအေး-ဒေါ်ပြေငွေ)တို့အားရည်စူး၍ ဦးချစ်သိန်းဆွေ-ဒေါ်မြမြဝင်း(သမီး)မအေးမြတ်မွန်(သား)မောင်ရဲရင့်အောင် ၃၅x၇၉ကြား မီးရထားတိုက်တန်း၊ မန္တလေး | 100000 |
| ၁၈၂ | (ဦးအောင်ခိုင်)အားရည်စူး၍ ဒေါ်ငွေငွေနှင့်သားသမီးမြေးတစ်စု၊ ဆန်တန်းရပ်၊ ညောင်ဦးမြို့ | 100000 |
| ၁၈၃ | ဦးစန်းယု-ဒေါ်ခင်မာအေး(သား)မောင်ကောင်းစည်သူ၊ ဦးကျော်စိန်နှင့်သားများ စက်မှုလုပ်ငန်း | 100000 |
| ၁၈၄ | ဦးဝင်းထွန်း(ကထိက-ငြိမ်း-မြန်မာစာဌာန)အမှတ်(၉၉၄)၊ ငွေတောင်သစ္စာလမ်း၊ မြောက်ဒဂုံ ၊ ရန်ကုန် | 100000 |
| ၁၈၅ | ဒေါ်လှလှထွန်း၊ အမှတ်(၁၃)၊ (၂)လမ်း၊ (၃)ရပ်ကွက်၊ တ/ဥက္ကလာ၊ ရန်ကုန် | 100000 |
| ၁၈၆ | ဦးမောင်မောင်-ဒေါ်ခင်နွဲ့ရီမိသားစု၊ ရန်ကုန် | 100000 |
| ၁၈၇ | နှစ်ဖက်မိဘများနှင့်ဦးစောမြသိန်းတို့အားရည်စူး၍ ဒေါ်ခင်ဝင်းရီ ရွှေနန်းသိင်္ဂီဆေးတိုက်မိသားစု၊ ချမ်းအေးသာစံ၊ မန္တလေး | 100000 |
| ၁၈၈ | (ဦးစံ)-(ဒေါ်ခင်ရီ)မိဘတို့အားရည်စူး၍ ဒေါ်လှတင်မိသားစု၊ စိန်ပန်းရွှေတိုးရပ်၊ မန္တလေး | 100000 |
| ၁၈၉ | ဒေါ်တင့်တင့်လွင်-ဒေါ်ခင်ခင်စီမိသားစု၊ ပျဉ်းမနား | 100000 |
| ၁၉၀ | (ဒေါ်သန်းမြင့်) (၈၇)နှစ်အားရည်စူး၍ ဦးချစ်မောင်-ဒေါ်သန်းမြင့်(မြေး)မဟေမာန်မိသားစု ဦးစံငြိမ်းလမ်း၊ စမ်းချောင်း၊ ရန်ကုန် | 100000 |
| ၁၉၁ | အရှင်ဇာဝရ(အဓိပတိကျောင်းသားဟောင်း)လယ်ဝန်းကျောင်းတိုက်၊ သထုံမြို့ | 100000 |
| ၁၉၂ | ဦးမှတ်ကြီး-ဒေါ်သက်(သမီး)မအေးအေးဝင်းမိသားစု၊ သဗြူးရပ်၊ မဟာအောင်မြေ၊ မန္တလေး | 100000 |
| ၁၉၃ | ကိုထွန်းလင်း-မငွေငွေရီ(သား)ရဲရင့်ဝေယံလင်း၊ အောင်ခန့်မင်းမိသားစု၊ သီတာအေး၊ ဆီစက်၊ မန္တလေး | 100000 |
| ၁၉၄ | ဦးကျော်ဆောင်-ဒေါ်မြရီ(သမီး)မသင်းသင်းမြ၊ သီတာအေးဆီစက်၊ မန္တလေး | 100000 |
| ၁၉၅ | ဒေါ်သိန်းငွေ(သား)မောင်မိုးဟိန်း၊ ကျောက်ဆည်၊ Shwe Bank | 100000 |
| ၁၉၆ | ကိုကျော်စိုးဝင်း၊ ကျောက်ဆည် | |
| ၁၉၇ | မမင်းမင်းစံ၊ မဇင်ဝေမင်း၊ ကျောက်ဆည် | 100000 |
| ၁၉၈ | မမိုးမိုးစံ၊ ကျောက်ဆည် | 100000 |
| ၁၉၉ | ဦးစံသိန်း-ဒေါ်သိန်းငွေးကျောက်ဆည် | 100000 |
| ၂၀၀ | ဒေါ်တင်မျိုးမြင့်၊ ဒေါ်တင်တင်အေး၊ ဦးစိုးဝင်း(ညီမ)ဒေါ်ကြည်ကြည်မြင့်မောင်နှမတစ်စု | 100000 |
| ၂၀၁ | မိခင်ကြီးဒေါ်အေးသန်းရည်စူး၍ (သမီး)ဒေါ်အုန်းကြည်၊ ဥယျာဉ်တန်း၊ ချမ်းအေးသာစံ၊ မန္တလေး | 100000 |
| ၂၀၂ | (ဦးထွန်းစံ)-(ဒေါ်သန်းသန်းနွယ်)မိဘတို့အားရည်စူး၍ ကျန်ရစ်သူမိသားစု | 100000 |
| ၂၀၃ | ဒေါက်တာမီမီထွန်း၊ အမှတ်(၄၀)၊ ကျောင်းလမ်း၊ ကြူဆန်ရပ်ကွက်၊ ဝါယာလက်၊ မင်္ဂလာဒုံ | 100000 |
| ၂၀၄ | ဦးစိုးကြိုင်-ဒေါ်တင်တင်အေး | 100000 |
| ၂၀၅ | ဦးမောင်မောင်-ဒေါ်မြသန်း-ဦးမောင်အေး-ဒေါ်အဲလစ်နှစ်ဖက်မိဘအမှူးထား၍ ဦးစိုးဝင်းမောင် ၊ ဒေါ်ခင်လှအေး၊ မော်လမြိုင်မြို့ | 100000 |
| ၂၀၆ | သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်ဆရာမ ဒေါ်နွယ်နွယ်ဝင်းနှင့် ကျောင်းသားများ | 100000 |
| ၂၀၇ | ဒေါက်တာတင်တင်အေး(ကလေးအထူးကုဆရာဝန်ကြီး)သားသမီးမြေးများ | 100000 |

**ဆက်လက်ဖော်ပြသွားပါမည်။**

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## ၂၀၁၈-၂၀၁၉ ပညာသင်နှစ်
## (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကြေညာခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်၌ စတုတ္ထနှစ်သင်တန်းအောင်မြင်ခဲ့သူများ၊ တတိယနှစ်(ဂုဏ်ထူးတန်း)အောင်မြင်ခဲ့သူများ၊ မဟာဝိဇ္ဇာတန်းအောင်မြင်ခဲ့သူများ၊ ဘွဲ့လွန်ပြတိုက်ပညာဒီပလိုမာသင်တန်းအောင်မြင်ခဲ့သူများ၊ ဘွဲ့လွန်အသုံးချရှေးဟောင်း သုတေသနပညာဒီပလိုမာသင်တန်း အောင်မြင်ခဲ့သူများ၊ ဘွဲ့လွန်စာကြည့်တိုက် စီမံခန့်ခွဲမှုပညာ ဒီပလိုမာသင်တန်း အောင်မြင်ခဲ့သူများအား ဘွဲ့များအပ်နှင်းချီးမြှင့်သွားမည်ဖြစ်ပြီး အချိန်ပိုင်းအနုပညာဒီပလိုမာ Level-III သင်တန်း အောင်မြင်ခဲ့သူများအနက် အခြေခံပညာအထက်တန်း အောင်မြင်ပြီးသူများသာ အချိန်ပိုင်းအနုပညာဒီပလိုမာလက်မှတ်များနှင့် အနုပညာကွန်ပျူတာဒီပလိုမာလက်မှတ် (Dip-CA)လက်မှတ်များ အပ်နှင်းချီးမြှင့်သွားမည်ဖြစ်ပါသည်။

၂။ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၏ (၂၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင် အခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ဘွဲ့နှင်းသဘင်ကျင်းပမည့်နေ့ | ။ ။ | ၂၅-၁၂-၂၀၁၉ရက်(ဗုဒ္ဓဟူးနေ့) |
| အစမ်းလေ့ကျင့်မည့်နေ့ | ။ ။ | ၂၄-၁၂-၂၀၁၉ ရက်(အင်္ဂါနေ့) |
| ကျင်းပမည့်အချိန် | ။ ။ | နံနက် ၉နာရီ |
| ကျင်းပမည့်နေရာ | ။ ။ | ဘွဲ့နှင်းသဘင်ခန်းမ၊ ရန်ကုန်တက္ကသိုလ် |
| ဘွဲ့နှင်းသဘင်ဝင်ကြေး | ။ ။ | ၁၅၀၀၀/-(ကျပ်တစ်သောင်းငါးထောင်တိတိ) |
| အဝေးရောက်ဘွဲ့နှင်းသဘင်ဝင်ကြေး | ။ ။ | ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) |
| လျှောက်လွှာတင်ရမည့်ရက် | ။ ။ | ၁၃-၁၁-၂၀၁၉ရက် |
| လျှောက်လွှာပိတ်ရက် | ။ ။ | ၂၆-၁၁-၂၀၁၉ရက် |

၃။ ဘွဲ့နှင်းသဘင်လျှောက်လွှာနှင့်အတူ အမျိုးသားများသည် ကော်လံကတုံးရှပ် အင်္ကျီနှင့် တိုက်ပုံ သို့မဟုတ် အနောက်တိုင်းဝတ်စုံအပြည့်၊ အမျိုးသမီးများသည် ရင်ဖုံးအင်္ကျီ၊ နားရွက်ဖော်ဖြင့် ရိုက်ကူးထားသော(၂x ၁½) လက်မ အရွယ်ရောင်စုံ ဓာတ်ပုံသုံးပုံ ပူးတွဲ ပေးပို့ရမည်။

၄။ သို့ဖြစ်ပါ၍ လျှောက်လွှာပုံစံများကို သင်တန်းရေးရာဌာနတွင် ထုတ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်း (၀၁-၅၉၀၂၅၂၊ ၀၁-၅၉၀၂၅၄)သို့ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(စိုးစိုးနိုင်)
မော်ကွန်းထိန်း
အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)

## အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)
## မဟာဝိဇ္ဇာ ပထမနှစ်သင်တန်းဝင်ခွင့်
## လျှောက်လွှာခေါ်ယူခြင်း

၁။ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် မဟာဝိဇ္ဇာ ပထမနှစ်သင်တန်းများ ဖွင့်လှစ် မည်ဖြစ်ပါသည်။

၂။ မဟာဝိဇ္ဇာ ပထမနှစ်သင်တန်းများကို အောက်ဖော်ပြပါအစီအစဉ်အတိုင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး သတ်မှတ်အရည်အချင်းကိုက်ညီ သူများ လျှောက်ထားနိုင်သည်-

(က) **ပေးအပ်မည့်ဘွဲ့** - မဟာဝိဇ္ဇာဘွဲ့(ဂီတ/သဘင်/ပန်းချီ/ပန်းပု/ ရုပ်ရှင် နှင့်ပြဇာတ်)

(ခ) **သင်တန်းကာလ** - (၂)နှစ်

(ဂ) **ဝင်ခွင့်အရည်အချင်းသတ်မှတ်ချက်**

(၁) ဂီတ/သဘင်/ပန်းချီ/ပန်းပု/ရုပ်ရှင်နှင့်ပြဇာတ် အထူးပြုဘာသာရပ်များဖြင့် ဝိဇ္ဇာဘွဲ့နှင့် ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့များ၌ မဟာဝိဇ္ဇာသင်တန်း တက်ရောက်ရန် အဆင့်မီသူ၊

(၂) တက္ကသိုလ်တစ်ခုခုတွင်အခြားသင်တန်းတက်ရောက်နေသူ မဖြစ်စေရ၊

(၃) သတ်မှတ်ထားသောသင်ရိုးညွှန်းတမ်းအတိုင်းအချိန်ပြည့်မီစွာ တက်ရောက်နိုင်သူ၊

(၄) ဝန်ထမ်းဖြစ်ပါက သင်တန်းကိုအချိန်ပြည့်တက်ရောက် ခွင့်ပြုကြောင်း သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက် ပူးတွဲတင်ပြရမည်။

(ဃ) **သင်တန်းဝင်ခွင့်စစ်ဆေးခြင်း**

(၁) ၂၅-၁၁-၂၀၁၉ရက် နံနက် ၉:၀၀နာရီမှ ၁၂:၀၀နာရီအထိ အင်္ဂလိပ်စာရေးဖြေစာမေးပွဲ မွန်းလွဲ ၁၃:၀၀နာရီမှ ၁၆:၀၀နာရီအထိ သက်ဆိုင်ရာအနုပညာဘာသာရပ်ရေးဖြေစာမေးပွဲ

(၂) ၂၆-၁၁-၂၀၁၉ရက် နံနက် ၉:၀၀နာရီမှ ၁၆: ၀၀နာရီအထိ သက်ဆိုင်ရာအနုပညာဘာသာရပ်လူတွေ့နှင့်လက်တွေ့စစ်ဆေးခြင်း

(င) **လျှောက်လွှာပုံစံရယူခြင်းနှင့်တင်သွင်းခြင်း**

သင်တန်းရေးရာဌာန၌ လျှောက်လွှာပုံစံများကို (၁၃-၁၁-၂၀၁၉)ရက်မှစ၍ စတင်ရယူလျှောက်ထားနိုင်ပြီး (၂၀-၁၁-၂၀၁၉)ရက် နောက် ဆုံးထားလျှောက်ထားရမည်။

(စ) **သင်တန်းဖွင့်လှစ်ခြင်း**- (၂-၁၂-၂၀၁၉)ရက်နေ့၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

၃။ သင်တန်းများနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက သင်တန်းရေးရာဌာန-ဖုန်း-၀၁-၅၉၀၂၅၂၊ ၅၉၀၂၅၄တို့သို့ စုံစမ်းနိုင်ပါသည်။

ဌာနမှူး(သင်တန်းရေးရာ)
အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်(ရန်ကုန်)

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ် (၂၉၆၊၂၉၉၊ ၃၀၀)၊ မြေယာအမှတ် (296/299/300)၊ မြေရိယာ ၀ဒသမ၁၆၅ ဧကရှိ မြေကွက်အား မြေငှားဂရန် (ဦးပိုင်ပေါင်း၊ ဂရန်သစ်)လျှောက်ထားနိုင်ရေး ဦးဌေးလှိုင် ၉/မနတ(နိုင်)၀၁၃၂၅၅ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ အကွက်အမှတ်(RA-V၊ ကွက်ပြင်)၊ ဦးပိုင်အမှတ်(၁၉-ခ)၊ မြေယာအမှတ်-(130)၊ မြေရိယာ ၁ဒသမ၁၅ဧကရှိ မြေကွက်အား မြေငှားဂရန် (သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးအောင်မိုးမြင့် ၁၂/ရတန(နိုင်)၀၀၆၉၈၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး သို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်(RA-IV၊ ကွက်ပြင်-၄)၊ ဦးပိုင်အမှတ် (၃၃၊ ၇၃)၊ မြေယာအမှတ်၊ မြေရိယာ ၀ဒသမ၆၇ဧကရှိ မြေကွက်အား မြေငှား ဂရန်(သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးကြည်ဝင်း ၁၂/စခန(နိုင်)၀၄၇၀၆၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့်လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

**မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်ရှိ သန်လျင်ဂေါက်ကွင်းစားသောက်ဆိုင်ငှားရမ်းခြင်းလုပ်ငန်းအား ၂၀၁၉ခုနှစ်၊ ဒီဇင်ဘာလ စတင်ငှားရမ်းသည့်နေ့ရက်မှစ၍ (၁)နှစ်တာကာလ ငှားရမ်းရန်အတွက် တင်ဒါခေါ်ယူမည်ဖြစ်ရာ အဆိုပြုလွှာတင်သွင်း နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

၂။ တင်ဒါပုံစံဝယ်ယူနိုင်မည့်ရက် - ၁၅-၁၁-၂၀၁၉ရက်မှ ၁၀-၁၂-၂၀၁၉ရက် ထိ

၃။ တင်ဒါပုံစံဝယ်ယူနိုင်မည့်နေရာ - (က) ဘဏ္ဍာရေးဌာန၊ ရုံးအမှတ်(၄၄)၊ နေပြည်တော် (ခ) ဘဏ္ဍာရေးဌာန၊ အမှတ်၇(က)၊ သံလျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့

၄။ တင်ဒါတင်သွင်းရမည့် နေ့/ရက် အချိန်နှင့်နေရာ - ၁၀-၁၂-၂၀၁၉ရက် (အင်္ဂါနေ့) (၁၂:၀၀)နာရီ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း(ရုံးချုပ်) ရုံးအမှတ်(၄၄)၊ နေပြည်တော်

၅။ တင်ဒါစည်းကမ်းချက်နှင့် တင်ဒါပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၆။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁)ရေနံချက်စက်ရုံ(သန်လျင်) ဖုန်း-၀၉-၂၅၀၀၇၁၇၁၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်၍ မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
## လျှပ်စစ်-စက်မှုလက်မှုနှင့်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာန
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၂၀၁၉ - ၂၀၂၀ ခု ဘဏ္ဍာရေးနှစ် ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရဘတ်ဂျက်မှကျခံဆောင်ရွက်မည့်အောက်ဖော်ပြပါလုပ်ငန်းများအား ပစ္စည်း+လုပ်အားခပုတ်ပြတ်(Turnkey) စနစ် မြန်မာကျပ်ငွေဖြင့်လုပ်ငန်းအပ်နှံလိုပါသည်-

| စဉ် | တင်ဒါအမှတ် | ဝယ်ယူမည့်ပစ္စည်း | တင်ဒါပိတ်မည့်ရက် |
|---|---|---|---|
| ၁ | 73(T)/YESC တိုင်းဒေသကြီး) (Turnkey)/ 2019-2020 | ၂၀၁၉ - ၂၀၂၀ ခုနှစ် ၊ ဘဏ္ဍာရေးနှစ်အတွက် ရန်ကုန်တိုင်းဒေသကြီး၊ရန်ကုန်တောင်ပိုင်းခရိုင်၊ တွံတေးမြို့နယ် မယ်ပြေကျွန်းပေါ်ရှိ မယ်ပြေရွာနှင့် ဆက်စပ်ကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက်တိုးမြစ်ကျော်၊၃၃ကေဗွီကောင်းကင်ဓာတ်အားလိုင်း (၂၆၀၀)ပေခန့် တည်ဆောက်ခြင်းလုပ်ငန်း | ၁၆.၁၂.၁၉ |

တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - (၁၃.၁၁.၂၀၁၉) မှ (၁၃.၁၂.၂၀၁၉)ထိ
တင်ဒါပိတ်မည့်အချိန် - (၁၄ : ၀၀) နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကိုအောက်ပါလိပ်စာတွင် ရုံးချိန်အတွင်းလာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**အမှတ် (၁၉၇/၁၉၉)၊အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ပစ္စည်းစီမံရေးဌာန၊**
**ရန်ကုန်မြို့ ၊ ဖုန်း၊ ၀၁-၂၂၀၈၅၉၊ ၀၁-၂၂၀၈၁၆**




## အများသိစေရန်ကြေညာခြင်း

ကျွန်တော်များ Myanmar Smart Trading Co.,Ltd သည် တောင်ကိုရီးယားနိုင်ငံ အလှကုန်ပစ္စည်းထုတ်လုပ်သော Belove Co.,Ltd နှင့် ၂၀၁၉၊ ဩဂုတ် (၃၀)ရက်တွင် Belove Co.,Ltd၏ အလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံ၏ တရားဝင်တစ်ဦးတည်း ဖြန့်ချိခြင်းနှင့် ရောင်းချခြင်းအတွက် စာချုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ သို့ပါ၍ Belove Co.,Ltd၏ အလှကုန်ပစ္စည်းများဖြစ်သော FOODAHOLIC နှင့် VACCI အလှကုန်ပစ္စည်းများကို Myanmar Smart Trading Co.,Ltd မှတဆင့် ဖြန့်ချိခြင်း၊ ရောင်းချခြင်းမှလွဲ၍ အခြားသောနည်းဖြင့် ရောင်းချ၊ ဖြန့်ချိခြင်းများ မပြုလုပ်ရန်နှင့် ပြုလုပ်ကြောင်းတွေ့ရှိပါက ဥပဒေအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း လေးစားစွာအသိပေးအကြောင်းကြားအပ်ပါသည်။

**ဒေါ်အေးစန္ဒီ(LL.B)**
**အထက်တန်းရှေ့နေ(၂၄၉၁၉)**
**ဖုန်း-၀၉-၄၂၁၀၁၈၈၈၅၊ ၀၉-၂၅၀၀၂၃၇၂၃**

## သက်ဆိုင်ရာ မြို့နယ်ကိုယ်စားလှယ်များအတွက် ဖိတ်ခေါ်ခြင်း

ကျွန်တော်များ Myanmar Smart Trading Co.,Ltd သည် တောင်ကိုရီးယားနိုင်ငံ အလှကုန်ပစ္စည်းထုတ်လုပ်သော Belove Co.,Ltd နှင့် ၂၀၁၉၊ ဩဂုတ် (၃၀)ရက်တွင် Belove Co.,Ltd၏ အလှကုန်ပစ္စည်းများကို မြန်မာနိုင်ငံ၏ တရားဝင်တစ်ဦးတည်း ဖြန့်ချိခြင်းနှင့် ရောင်းချခြင်းအတွက် စာချုပ်ချုပ်ဆိုခဲ့ကြပြီးဖြစ်ပါသည်။ သို့ပါ၍ Myanmar Smart Trading Co.,Ltd မှ မြန်မာနိုင်ငံ၏ တရားဝင်တစ်ဦးတည်းဖြန့်ချိခြင်းနှင့် ရောင်းချခွင့်ရှိသော အလှကုန်ပစ္စည်းများမှ FOODAHOLIC & VACCI အလှကုန်ပစ္စည်းအမျိုးမျိုးကို မြန်မာနိုင်ငံ ရှိအနယ်နယ်အရပ်ရပ်သို့ ဖြန့်ချိရောင်းချရန် သက်ဆိုင်ရာမြို့နယ်ကိုယ်စားလှယ်များအား လှိုက်လှဲစွာ ဖိတ်ခေါ်အပ်ပါသည်။ ဆက်သွယ်လိုသူများ အောက်ပါဖုန်းနံပါတ်သို့ ဆက်သွယ်လျှောက်ထားနိုင်ပါသည်။

**ဒေါ်အေးစန္ဒီ(LL.B)**
**အထက်တန်းရှေ့နေ(၂၄၉၁၉)`**
**ဖုန်း-၀၉-၄၂၁၀၁၈၈၈၅၊ ၀၉-၂၅၀၀၂၃၇၂၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးချုပ်(နေပြည်တော်)၊ ယွန်းပညာကောလိပ်၊ ဆောင်းဒါးရက်ကန်းနှင့်အသက်မွေးပညာသိပ္ပံနှင့် နေပြည်တော်ကောင်စီအသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနတို့မှ ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ ရက်ကန်းလုပ်ငန်းသုံးပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | | |
|---|---|---|---|---|
| (က) | ဓာတ်ခွဲခန်းသုံးပစ္စည်း | Lot-1 | (၁)မျိုး | (၁)ခု |
| (ခ) | ဓာတ်ခွဲခန်းသုံးပစ္စည်းကိရိယာများ | Lot-2 | (၁၂)မျိုး | (၁၇)ခု |
| (ဂ) | ဓာတ်ခွဲခန်းသုံးစားပွဲနှင့်ဗီရို (Lab Table & Safety Cabinet) | Lot-3 | (၂)မျိုး | (၄)ခု |
| (ဃ) | ရက်ကန်းလုပ်ငန်းသုံးပစ္စည်း | Lot-4 | (၃)မျိုး | (၄)ခု |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၁၁-၂၀၁၉ရက်မှ ၉-၁၂-၂၀၁၉ရက်အထိ ရုံးချိန်အတွင်း

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်ရက် - ၉-၁၂-၂၀၁၉ရက် ၊ (၁၅:၀၀)နာရီအထိ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန(စီမံခန့်ခွဲရေးဌာနခွဲ)၊ ရုံးအမှတ်(၁၆) (နေပြည်တော်)၊ ဖုန်း-၀၆၇-၄၁၀၀၅၀၊ ၀၆၇-၄၁၀၃၉၇တို့သို့ ရုံးချိန်အတွင်းဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ အသေးစားစက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း မဲခေါင်-လန်ချန်းအထူးရန်ပုံငွေဖြင့် အကောင်အထည်ဖော်မည့် Training Course on Food Processing စီမံကိန်းအတွက် လိုအပ်သော အောက်ဖော်ပြပါ စက်ကိရိယာ၊ အထောက်အကူပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | | | |
|---|---|---|---|---|
| (က) | Food Dehydration Machine | (Lot-1) | (၃)မျိုး | (၃)ခု |
| (ခ ) | Packing Machine | (Lot-2) | (၃)မျိုး | (၃)ခု |

၂။ တင်ဒါပုံစံရောင်းချမည့်ရက် - ၁၂-၁၁-၂၀၁၉ရက်မှ ၉-၁၂-၂၀၁၉ ရက်အထိ ရုံးချိန်အတွင်း

၃။ တင်ဒါပုံစံရောင်းချမည့်နေရာ - အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန၊ ရုံးအမှတ်(၁၆)၊ နေပြည်တော်

၄။ တင်ဒါလျှောက်လွှာပိတ်မည့်ရက် - ၉-၁၂-၂၀၁၉ရက် (၁၅:၀၀)နာရီ

၅။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက အသေးစားစက်မှုလုပ်ငန်းဦးစီးဌာန(စီမံခန့်ခွဲရေးဌာနခွဲ)၊ ရုံးအမှတ် (၁၆) (နေပြည်တော်)၊ ဖုန်း-၀၆၇-၄၁၀၀၅၀၊ ၀၆၇-၄၁၀၃၉၇ သို့ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန**

## ဆောက်လုပ်ရေးဝန်ကြီးဌာန
## မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## (တင်ဒါအမှတ်-၄/၂၀၁၉-၂၀၂၀)

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အောက်ဖော်ပြပါလုပ်ငန်းများကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ပြည်ထောင်စုငွေလုံးငွေရင်းခွင့်ပြုငွေ ဖြင့် တည်ဆောက်ဆောင်ရွက်မည်ဖြစ်ပါ၍ စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား ဆောက်လုပ်ရေးကုမ္ပဏီများမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

Lot(1) ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ပြည်ထောင်စုလမ်း(ယဉ်ကျေးမှု တက္ကသိုလ် နောက်ကျော)အား (1:3:6) Lean Concrete ဖြင့် ၃"ထု Pitching ပြုလုပ်ပြီး ၄၄'အကျယ်၁'ထု Plain Concrete (G-30)ခင်းခြင်းလုပ်ငန်း

Lot(2) ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရိုးမတန်ဖိုးနည်း အိမ်ရာစီမံကိန်းဝင်းအတွင်း Cover Market (၂)လုံး၊ Public Toilet (၁)လုံး၊ Septic Tank (၁)လုံး၊ ကွန်ကရစ်လျှောက်လမ်း၊ Ground Tank (၁)လုံး၊ Overhead Tank (၁) လုံးနှင့် အဝီစိတွင်း (၁)တွင်းတည်ဆောက်ခြင်းလုပ်ငန်း

| | | |
|---|---|---|
| တင်ဒါပုံစံရောင်းချမည့်ရက် | - | ၁၃-၁၁-၂၀၁၉ရက်မှ၉-၁၂-၂၀၁၉ရက်ထိ |
| တင်ဒါပုံစံပြန်လည်တင်သွင်းရမည့်ရက် | - | ၂-၁၂-၂၀၁၉ရက်မှ၉-၁၂-၂၀၁၉ရက်ထိ |
| တင်ဒါပိတ်မည့်အချိန် | - | ၉-၁၂-၂၀၁၉ရက် ၁၆:၀၀နာရီ |
| တင်ဒါပုံစံရောင်းချမည့်နေရာနှင့် ပြန်လည်တင်သွင်းရမည့်နေရာ | - | ၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊မြို့ပြနှင့်အိမ်ရာ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ရုံးအမှတ် (၄၀)၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၀၇၅၂၇ ၂။ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံး၊ အမှတ်(၂၂၈/၂၃၄)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ဗိုလ်တထောင်မြို့နယ် ဖုန်း-၀၁-၈၂၄၅၆၈၆ |

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## မိခင်အမည်မှန်

လယ်ဝေးမြို့၊ အထက သစ်ပုတ်ပင် အဌမတန်းမှ မခိုင်သဇင်ဖူး၏ မိခင်အမည်မှန်မှာ ဒေါ်ခင်အေးမြင့် ၉/လဝန(နိုင်)၁၃၀၁၀၈ ဖြစ်ပါကြောင်း။ **ဒေါ်ခင်အေးမြင့်**

## ပျောက်ဆုံးကြောင်း

ကျွန်မ မမြင့်မာလာ(ဘ)ဦးကျော်မြင့် ၉/တကန(နိုင်)၂၁၀၀၀၈ ၏ နိုင်ငံကူးလက်မှတ်(မမှတ်မိ)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၅၃၃၃၁၅၉**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း
## ချင်းပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန
## ဟားခါးမြို့

ချင်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဟားခါးမြို့၊ တီးတိန်မြို့၊ မတူပီမြို့၊ ပလက်ဝမြို့များတွင် အားကစားရုံတည်ဆောက်ခြင်း၊ ပွဲကြည့်စင်တည်ဆောက်ခြင်း၊ ဝန်ထမ်းအိမ်ရာများတည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

စိတ်ပါဝင်စားသောလုပ်ငန်းရှင်များသည် တင်ဒါအဆိုပြုလွှာနှင့်စည်းကမ်းချက်များကို ၈-၁၁-၂၀၁၉ ရက်မှစ၍ ချင်းပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနရုံး၊ ဟားခါးမြို့တွင် ရုံးချိန်အတွင်း ဝယ်ယူပြီး ၈-၁၂-၂၀၁၉ ရက် ၁၆:၃၀ နာရီတွင် နောက်ဆုံးထား၍ ဤရုံးသို့ ပြန်လည်တင်သွင်းရမည်ဖြစ်သည်။

အသေးစိတ်အချက်အလက်များ သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ဖုန်း-၀၇၀-၂၁၀၇၈၊ ၀၉-၂၄၅၁၀၄၈
**အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနမှ (၂၀၁၉-၂၀၂၀)ဘဏ္ဍာရေးနှစ်တွင် ရုံးသုံး စက်ပစ္စည်းများ၊ လျှပ်စစ်သုံးစက်ပစ္စည်းများ၊ ပရိဘောဂပစ္စည်းများ၊ အရပ်ရပ်သုံးပစ္စည်းများ ဝယ်ယူရန်အတွက် မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ရောင်းဝယ်သည့် ကုမ္ပဏီများနှင့် လုပ်ငန်းဆောင်ရွက်သူများထံမှ အိတ်ဖွင့်တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် စက်ပစ္စည်းစာရင်းအသေးစိတ်ကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ ကျန်းမာရေးလူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၃၁၁၂၃၃၊ ၀၆၇-၄၃၁၁၁၄၈တို့သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ **တင်ဒါလျှောက်လွှာစတင်ရောင်းချမည့် ရက်/အချိန်** - ၁၃-၁၁-၂၀၁၉ရက် နံနက် ၉:၃၀နာရီ

၄။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၁၂-၁၂-၂၀၁၉ရက် ညနေ(၁၆:၀၀)နာရီ

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
## စိုက်ပျိုးရေးဦးစီးဌာန
## တိုင်းဒေသကြီးဦးစီးမှူးရုံး
## တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ ထားဝယ်ခရိုင်၊ ရှစ်မိုင်ခြံ၊ ဝေဒီခြံနှင့် မြိတ်ခရိုင် ရွှေဒူးခြံ (PCRDC)တွင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်အတွင်း အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

(က) (၅၀'x၃၀'x၁၂') RC (၁) ထပ်လောင်းလုံးမြို့နယ်၊ ဝေဒီခြံတာဝန်ခံရုံး တည်ဆောက်ခြင်း
(ခ) (၆၀'x၄၀'x၁')လောင်းလုံးမြို့နယ်၊ ဝေဒီခြံကွန်ကရစ်တလင်း(၂)ချပ်ပြုလုပ်ခြင်း
(ဂ) (၁၂'x၄'x၄' ၆")လောင်းလုံးမြို့နယ်၊ဝေဒီခြံရေသွင်းရေထုတ်မြောင်းတွင် ကွန်ကရစ် အုတ်ပြွန်များ (၃)ခုတပ်ဆင်ခြင်း
(ဃ) လောင်းလုံးမြို့နယ်၊ ဝေဒီခြံရေထိန်းတံခါး (၂)ခုနှင့် မြောင်းဖြတ်ကျော်တံတား(သစ်မာ၊ကွန်ကရစ်ခုံ)(၁)ခု (၂၅'x၁၆'x ၆')ပြုလုပ်ခြင်း
(င) (၄၀'x၂၀'x၁၅')RC (၁)ထပ် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းရေဖြူမြို့နယ်၊ ရှစ်မိုင်ခြံနှစ်ရှည်ပင်များ(သုတေသန)သင်တန်းခန်းမတည်ဆောက်ခြင်း
(စ) (၆၀'x၁၂'x၁၅') RC (၁)ထပ်သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းရေဖြူမြို့နယ်၊ ရှစ်မိုင်ခြံနှစ်ရှည်ပင်များ(သုတေသန) အဆင့်မြင့်မှိုင်းရုံတည်ဆောက်ခြင်း
(ဆ) (၆၀'x၃၀'x၁၅')RC (၁)ထပ် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း(Process Accessories)ရေဖြူမြို့နယ်၊ ရှစ်မိုင်ခြံနှစ်ရှည်ပင်များ (သုတေသန) အဆင့်မြင့် ရော်ဘာအဆင့်မြင့်စက်ရုံ (၁)လုံးတည်ဆောက်ခြင်း
(ဇ) (၆၀'x၃၀'x၁၅')RC (၁)ထပ် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း (Process Accessories) မြိတ်မြို့နယ်၊ ရွှေဒူးခြံနှစ်ရှည်ပင်များ(သုတေသန)အဆင့်မြင့် ရော်ဘာအဆင့်မြင့်စက်ရုံ (၁)လုံးတည်ဆောက်ခြင်း
(ဈ) (၄၀'x၂၀'x၁၅')RC (၁)ထပ် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း ရေဖြူမြို့နယ်၊ ရှစ်မိုင်ခြံနှစ်ရှည်ပင်များ (သုတေသန)အဆင့်မြင့်ထုပ်ပိုးရုံ (၁) လုံး တည်ဆောက်ခြင်း
(ည) (၄၀'x၂၀'x၁၅')RC (၁)ထပ် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း မြိတ်မြို့နယ်၊ ရွှေဒူးခြံနှစ်ရှည်ပင်များ(သုတေသန) အဆင့်မြင့်ထုပ်ပိုးရုံ (၁)လုံး တည်ဆောက်ခြင်း
(ဋ) (၃၀'x၃၀'x၁၂') RC (၁)ထပ် သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း ရေဖြူမြို့နယ်၊ ရှစ်မိုင်ခြံ နှစ်ရှည်ပင်များ(သုတေသန) အရာထမ်းလုံးချင်းအိမ်ရာ (၁)လုံး တည်ဆောက်ခြင်း
(ဌ) (၃၀'x၃၀'x၁၂') RC (၁)ထပ်သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်း မြိတ်မြို့နယ်၊ ရွှေဒူး(သုတေသနခြံ)အရာထမ်းလုံးချင်းအိမ်ရာ(၁)လုံးတည်ဆောက်ခြင်း
(ဍ) (အဝီစိတွင်း+ရေတွင်း+အင်ဂျင်)(၅)စုံ တူးဖော်ခြင်းထားဝယ်မြို့နယ်၊ ရှစ်မိုင်ခြံနှင့် ရေဖြူမြို့နယ်၊ ကျောက်ရှပ်ကျေးရွာ

၂။ အိတ်ဖွင့်တင်ဒါပုံစံအား ၁၃-၁၁-၂၀၁၉ရက် ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၂၅-၁၁-၂၀၁၉ ရက် ၁၆:၀၀နာရီ နောက်ဆုံးထားတင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းများနှင့်အသေးစိတ်အချက်အလက်များကို တင်ဒါတင်သွင်းရမည့် တနင်္သာရီတိုင်းဒေသကြီး၊ စိုက်ပျိုးရေးဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း-၀၅၉-၂၀၂၁၁၃၈၊ ၀၅၉-၂၀၂၂၆၂၈တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** ။ တင်ဒါဖွင့်လှစ်မည့်ရက်အား ဆက်သွယ်စုံစမ်းဆောင်ရွက်ရန် ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**စိုက်ပျိုးရေးဦးစီးဌာန**
**တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့**

## အစည်းအဝေးဖိတ်ကြားခြင်း

ကျွန်တော်များ Asia Rising Star Co.,Ltd. သည် အစုရှယ်ယာများ လျှော့ချခြင်း အထူးအစည်းအဝေးကို ၁၄-၁၁-၂၀၁၉ ရက် နံနက် ၁၀:၀၀ နာရီတွင် Company ရုံးခန်း၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။ ဒါရိုက်တာအဖွဲ့ဝင်များနှင့် အစုရှယ်ယာရှင်များအားလုံး မပျက်မကွက်တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။ **Asia Rising Star Co.,Ltd.**

ဖုန်း-၀၉-၅၁၄၂၉၀၈

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းလက်အောက်ရှိ ဓာတ်မြေသြဇာစက်ရုံများမှ ယူရီးယားဓာတ်မြေသြဇာများကို တင်ဒါခေါ်ယူရောင်းချမည်ဖြစ်၍ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် အဆိုပြုလွှာတင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်-

| စက်ရုံ | ပမာဏ (တန်) | တင်ဒါဖွင့်မည့် | | တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက် | |
|---|---|---|---|---|---|
| | | နေ့ | နာရီ | နေ့ | နာရီ |
| အမှတ်(၄)ဓာတ်မြေသြဇာ | ၂၅၀၀ | ၁၀-၁၂-၂၀၁၉ | ၁၄:၀၀ | ၁၀-၁၂-၂၀၁၉ | ၁၂:၀၀ |
| စက်ရုံ(မြောင်းတကာ) | ၂၅၀၀ | ၁၇-၁၂-၂၀၁၉ | ၁၄:၀၀ | ၁၇-၁၂-၂၀၁၉ | ၁၂:၀၀ |
| အမှတ်(၅)ဓာတ်မြေသြဇာ | ၂၅၀၀ | ၁၀-၁၂-၂၀၁၉ | ၁၄:၀၀ | ၁၀-၁၂-၂၀၁၉ | ၁၂:၀၀ |
| စက်ရုံ(ကန်ကြီးထောင့်) | ၂၅၀၀ | ၁၇-၁၂-၂၀၁၉ | ၁၄:၀၀ | ၁၇-၁၂-၂၀၁၉ | ၁၂:၀၀ |

၂။ တင်ဒါစည်းကမ်းချက်များနှင့် ပုံစံများအား (၁)လကြိုတင်၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ကုန်ထုတ်လုပ်မှုဌာန၊ ဖုန်း-၀၆၇-၃၄၁၁၀၈၂၊ ၀၆၇-၃၄၁၁၀၉၄တို့သို့ ရုံး ချိန်အတွင်း ဆက်သွယ်၍မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကချင်ပြည်နယ်အစိုးရအဖွဲ့
## စည်ပင်သာယာရေးဝန်ကြီးဌာန
